# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၂)


# နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ
# နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးရာမူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဦးသိန်းညွန့်နှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ▼

**"နိုင်ငံလုံခြုံရေးနှင့်ပတ်သက်၍ နိုင်ငံတကာအပေါ်တွင် ထားရှိသည့် သဘောထားသည် ပုဒ်မ (၄၂-က) တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊ (၄၂-ခ) တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မှ တပ်ချခွင့်မပြုဟု ပြဋ္ဌာန်းထားသဖြင့် များစွာရှင်းလင်းသည့် နိုင်ငံခြားရေးမူဝါဒဖြစ်"**



# ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံခြားရေးမူဝါဒ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းသို့ စတင်ဝင်ရောက်ချိန်မှစ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ နိုင်ငံများအနေဖြင့် မိမိတို့၏ အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံခြားရေးမူဝါဒများကို ချမှတ်ကြရာတွင် မိမိတစ်နိုင်ငံတည်း သီးခြားရပ်တည်မည်လော၊ နိုင်ငံအုပ်စုတစ်ခုခုတွင် ဝင်ရောက်ပူးပေါင်းမည်လော၊ ဘက်မလိုက်သည့်အုပ်စုတွင်း ဝင်မည်လော စသည်ဖြင့် မိမိနိုင်ငံ အခြေအနေနှင့် ကိုက်ညီမည့် မူဝါဒတစ်ရပ်ရပ်ကို ရွေးချယ်ကြရသည်။

ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို မြန်မာနိုင်ငံက စတင်ကျင့်သုံးခဲ့သောကာလသည် ဒုတိယကမ္ဘာစစ်ပြီးနောက် ကမ္ဘာပေါ်တွင် အရှေ့အုပ်စုနှင့် အနောက်အုပ်စုဟူသော မူဝါဒနှစ်ရပ် အားပြိုင်နေချိန်ဖြစ်ပြီး ကိုလိုနီလက်အောက်ခံဘဝမှ လွတ်မြောက်ပြီးစ မြန်မာနိုင်ငံအနေဖြင့် မည်သည့်အုပ်စုတွင်မှ မပါဝင်ဘဲ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလိုခြင်း၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းရခြင်း၏ တန်ဖိုးနှင့် လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို တစ်ထပ်တည်းထားလိုခြင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်လာပြီးနောက် အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့၏ အားပြိုင်မှုများကြားတွင် စစ်မြေပြင်ဖြစ်လာနိုင်သည့် အခြေအနေကို ရှောင်ရှားလိုခြင်း၊ နိုင်ငံပြန်လည်ထူထောင်ရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရေး ဆောင်ရွက်ရာတွင် အုပ်စုနှစ်စု၏ နှောင်ကြိုးမဲ့အကူအညီများကိုသာ လက်ခံလိုခြင်း၊ လူဦးရေများပြားပြီး မူဝါဒချင်း ခြားနားကြသည့် အာရှနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့၏ ကြားတွင် တည်ရှိနေသဖြင့် ဘက်မလိုက်လိုခြင်း စသည့်အကြောင်းရင်းများကြောင့် လွတ်လပ်၍ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို မြန်မာနိုင်ငံက ချမှတ်ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ကမ္ဘာ့စစ်ဆန့်ကျင်ရေး၊ နယ်ချဲ့စနစ်နှင့် ကိုလိုနီစနစ်ဆန့်ကျင်ရေး၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးတို့ကို ကမ္ဘာ့အသိုင်းအဝိုင်းနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံကြီးနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်ကို ၁၉၅၄ ခုနှစ်တွင် ချမှတ်ပြီး သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ဘန်ဒေါင်းမူ (၅)ချက်ဟုလည်း ထင်ရှားခဲ့သည့် အဆိုပါ မူ(၅)ချက်ကို မြန်မာနိုင်ငံက စတင်ဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်ပြီး အာရှ- အာဖရိက နိုင်ငံပေါင်း ၂၉ နိုင်ငံက သဘောတူညီခဲ့ကြသော ဘက်မလိုက်နိုင်ငံများအုပ်စုကြီး ထွက်ပေါ်လာသည်အထိ ထင်ရှားခဲ့သည်။

(၁) တစ်နိုင်ငံ၏ နယ်မြေတည်တံ့မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို တစ်နိုင်ငံက လေးစားရန်၊ (၂) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်မှုမပြုရန်၊ (၃) တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ (၄) တစ်နိုင်ငံနှင့်တစ်နိုင်ငံ တန်းတူရည်တူရှိရန်နှင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန်၊ (၅) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်ဟူသော ဘန်ဒေါင်းမူ (၅)ချက်တို့သည် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရအသီးသီးတို့ လက်ခံကျင့်သုံးခဲ့ကြပြီး နိုင်ငံတကာ ဆက်ဆံရေးတွင်လည်း နှစ်ပေါင်း ၆၀ ကျော် ၇၀ နီးပါး ရှိလာသည့်တိုင်အောင် အရေးပါသည့် စံချိန်စံညွှန်းများအဖြစ် ခိုင်မြဲစွာ တည်ရှိနေပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်းမှာ ၆၀ ရာခိုင်နှုန်းဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**“နိုင်ငံ၏ နယ်စပ်ဒေသများကို ထာဝရတည်ငြိမ်အေးချမ်းသည့် နယ်စပ်ဒေသဖြစ်ရန်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေး ထူထောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သီးခြားနေထိုင်၍မရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင် တပ်မတော်အစိုးရလက်ထက်၌ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအပြင် အခြားနိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင်လည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အိမ်နီးနားချင်း ဆက်ဆံရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် အိမ်နီးနားချင်းနိုင်ငံများမှာ မိမိတို့အတွက် ဦးစားပေးဆက်ဆံရမည့် နိုင်ငံများဖြစ်သည်ကို ပြောလိုကြောင်း”**



ကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။

▼ *ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့ လက်ခံကျင့်သုံးသည့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်၍ တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမှုကို စောင့်ထိန်းသည့် မူဝါဒ (၃) ရပ်ကို ပုဒ်မ – ၄၁တွင် ပြဋ္ဌာန်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံလုံခြုံရေးနှင့် ပတ်သက်၍ နိုင်ငံတကာအပေါ်တွင် ထားရှိသည့် သဘောထားသည် ပုဒ်မ (၄၂–က)တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊ (၄၂–ခ) တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မှ တပ်ချခွင့်မပြုဟု ပြဋ္ဌာန်းထားသဖြင့် များစွာ ရှင်းလင်းသည့် နိုင်ငံခြားရေးမူဝါဒဖြစ်ကြောင်း။

မိမိတို့သည် အင်အားကြီး နိုင်ငံနှစ်နိုင်ငံအကြားတွင် တည်ရှိသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ယင်းနှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မိမိတို့နိုင်ငံအနေဖြင့် အထူးသတိကြီးစွာ ဆက်ဆံရန် လိုအပ်သကဲ့သို့ ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ်မူတည်၍ မိမိတို့နိုင်ငံကို အခြားနိုင်ငံများက စိတ်ဝင်စားမှုများစွာရှိနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားရေး မူဝါဒများနှင့်ပတ်သက်၍ အထူးထိန်းသိမ်းဆောင်ရွက်သွားရမည်ကို ပြောလိုကြောင်း၊ နိုင်ငံ၏နယ်စပ်ဒေသများကို ထာဝရတည်ငြိမ်အေးချမ်းသည့် နယ်စပ်ဒေသဖြစ်ရန်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်း ဆက်ဆံရေး ထူထောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သီးခြားနေထိုင်၍ မရကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေး၊ နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်များတွင် တပ်မတော်အစိုးရလက်ထက်၌ ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအပြင် အခြားနိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင်လည်း ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အိမ်နီးနားချင်း ဆက်ဆံရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် အိမ်နီးနားချင်းနိုင်ငံများမှာ မိမိတို့အတွက် ဦးစားပေးဆက်ဆံရမည့် နိုင်ငံများဖြစ်သည်ကို ပြောလိုကြောင်း။

## ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံး

အိမ်နီးချင်း ဆက်ဆံရေးတွင်လည်း မတူသည့်မူဝါဒများ၊ ယဉ်ကျေးမှုများရှိသည့်နိုင်ငံများနှင့် ဆက်ဆံခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအပေါ်တွင်မူတည်၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ထိတွေ့ဆက်ဆံနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင် ခေတ်အဆက်ဆက် တည်ရှိခဲ့သည့် အိမ်နီးနားချင်း ဆက်ဆံရေးနှင့် ထာဝရငြိမ်းချမ်းသည့် အိမ်နီးနားချင်း ဆက်ဆံရေးမှာ ချစ်ကြည်ရင်းနှီးမှုများ ရှိပြီးဖြစ်သည့်အတွက် ပိုမိုခိုင်မာမှုရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံမည့်နိုင်ငံများ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ အနှောင်အဖွဲ့ကင်းသည့် ရင်းနှီးမြှုပ်နှံမှုကိုလည်း ကြိုဆို၍ တိုင်းပြည်နှင့် ပြည်သူလူထုအတွက် အကျိုးရှိမည်ဆိုပါက အားပေးရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် ပြည်သူများ၏ အခန်းကဏ္ဍကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် အိမ်နီးနားချင်း ဆက်ဆံရေးများ၊ ကူးလူးဆက်ဆံရေးများ ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အိမ်နီးနားချင်း ကူးလူးဆက်ဆံခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများသည်လည်း ပိုမိုများပြားလာနိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ပို့ကုန်ပစ္စည်းများလည်း ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း။

## အကျိုးခံစားရမည်ဖြစ်

ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါက သွင်းကုန်အစားထိုးများစွာ ဆောင်ရွက်နိုင်ပြီး တိုင်းပြည်၏ နိုင်ငံခြားငွေလိုအပ်မှုကိုလည်း များစွာလျော့ကျလာနိုင်သည်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ လုပ်ငန်းကို အခြေခံသည့်၊ အလုပ်အကိုင်ကိုအခြေခံသည့်၊ ထုတ်လုပ်မှုကိုအခြေခံသည့်၊ ပို့ကုန်ပစ္စည်းကို အခြေခံသည့်၊ ပို့ကုန်ပစ္စည်းကို ထုတ်လုပ်နိုင်သည့်အပေါ် အခြေခံသည့်၊ သွင်းကုန်ပစ္စည်းအစားထိုးခြင်းကို အခြေခံသည့် ရင်းနှီးမြှုပ်နှံမှုမျိုးကိုအားပေးပြီး နိုင်ငံခြားရေးမူဝါဒများနှင့် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

## လေးစားလိုက်နာသွားရန်ဖြစ်

မိမိတို့နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှလက်မှတ်ရေးထိုးထားပြီးဖြစ်သည့် ပဋိညာဉ်စာချုပ်များ၊ ကတိကဝတ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လက်ခံနိုင်သည့် ကိစ္စရပ်များအားလုံးကိုလည်း အလေးထားပြီး လေးစားလိုက်နာသွားရန်ဖြစ်ကြောင်း၊ အလားတူ မိမိတို့အနေဖြင့် နိုင်ငံတကာရေပိုင်နက်များနှင့် ဆက်ဆံနေရခြင်းရှိကြောင်း၊ ထို့ကြောင့် ရေပြင်ပိုင်နက်များစနစ်တကျရှိစေရန်နှင့် ရေပြင်ပိုင်နက် ဆိုင်ရာ သဘောတူညီချက်များကိုလည်း အမြန်ပြီးပြတ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ရေပြင်ပိုင်နက် လုံခြုံရေးများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း။

## နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်

အိမ်နီးနားချင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများအပါအဝင် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများစွာ ရှိကြောင်း၊ တရားဝင်သွားသည့်သူများရှိသကဲ့သို့ တရားမဝင်သွားသည့်သူများလည်း ရှိကြောင်း၊ ၎င်းတို့သည် မိမိတို့နိုင်ငံသားများဖြစ်သည့်အတွက် မိမိတို့နိုင်ငံက ကာကွယ်စောင့်ရှောက်ပေးရန်လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် အခွင့်အလမ်းများကိုဖော်ထုတ်၍ ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံ၏ ဥပဒေအကာအကွယ်များ ပေးနိုင်သမျှပေးနိုင်စေရန်နှင့် ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဆိုပါက ပြန်လာနိုင်စေရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန် လိုအပ်ကြောင်း၊ ပြီးခဲ့သည့် ကာလအတွင်းတွင် မြန်မာနိုင်ငံသို့ ပြန်လာလိုသည့်အတွက် တောင်းဆိုထားခြင်းများစွာရှိကြောင်း၊ သို့သော် COVID–19 ကြောင့် ပြန်လာရန် အခက်အခဲဖြစ်နေခြင်းများရှိသဖြင့် ၎င်းတို့ပြန်လာနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

## စဉ်းစားဆောင်ရွက်

COVID–19 ကပ်ရောဂါသည် တစ်ကမ္ဘာလုံးဖြစ်ပေါ်နေသည့် ရောဂါဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကူးစက်ပြန့်ပွားမှုလျှော့ချရေး၊ ကာကွယ်ကုသရေး၊ နည်းပညာပိုင်းဆိုင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး ကိစ္စရပ်များသည် များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် COVID–19 ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အခါအားလျော်စွာ ဖြစ်ပေါ်လာသည့် ကပ်ဘေးရောဂါများရှိကြောင်း၊ ယင်းကပ်ရောဂါများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ရောဂါကူးစက်မှုကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေးတို့အတွက် နည်းပညာနှင့် သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အခြားနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ရေး လိုအပ်ကြောင်း။

## နည်းလမ်းရှာကြံ၍ ဆောင်ရွက်

ကော်မတီသည် မူဝါဒများ ချမှတ်ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သည့်အတွက် တစ်ဖက်တွင်လည်း နိုင်ငံတော်အတွက်အကျိုးရှိမည့် လုပ်ငန်းများ၊ အထူးသဖြင့် နိုင်ငံတကာအကူအညီများရှိကြောင်း၊ နိုင်ငံတကာချေးငွေများရှိကြောင်း၊ အထူးအစီအစဉ်အရပေးသည့် လုပ်ငန်းရပ်များရှိကြောင်း၊ ယင်းအခွင့်အရေးများကိုလည်း လက်တံ့မနေး ရရှိနိုင်ရေးအတွက် နည်းလမ်းရှာကြံ၍ ဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူရရှိမည်ဟု ပြောလိုကြောင်း၊ လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များ၌ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများ ရှိကြောင်း၊ ယင်းတွင် တရားမဝင်သွားရောက်ခြင်းရှိသကဲ့သို့ တရားဝင်သွားရောက်ခြင်းလည်းရှိကြောင်း၊ တရားမဝင်သူများကို ဥပဒေလမ်းကြောင်းမှ မိမိတို့ နိုင်ငံသို့ ပြန်လည်ခေါ်ယူခြင်း သို့မဟုတ် တရားဝင်အောင် ဆောင်ရွက်ပေးရေးနှင့် ၎င်းတို့နေထိုင်သည့် နိုင်ငံတွင် တရားဝင် နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်ရပ်ပေါင်းပြီး ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ပြင် လူကုန်ကူးခံရမှုကြောင့် ပြည်ပသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ကယ်တင်နိုင်ရေးနှင့် လူကုန်ကူးမှုမခံရစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည်ခေါ်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ နေရပ်စွန့်ခွာသူများကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများ၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံသဘောတူညီချက်များ၊ ဥပဒေများနှင့်အညီ အမြန်ဆုံး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များကိုလည်း တုံ့နှေးခြင်းမရှိဘဲ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ တုံ့ပြန်ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီအဖွဲ့ဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဦးခင်မောင်ဆွေ၊ ကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဦးကိုကိုလှိုင်တို့က နိုင်ငံခြားရေးရာမူဝါဒကော်မတီ စတင်ဖွဲ့စည်းခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ လုပ်ငန်းတာဝန် ၁၂ ရပ်နှင့် ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရသည့်ကိစ္စရပ်များ၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရသည့် ကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လက်ခံရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား အသိအမှတ်ပြုကတ်ထုတ်ပေးနေမှု အခြေအနေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံချိန်တွင် လူဦးရေ စာရင်းကွဲလွဲမှုကြောင့် ကြန့်ကြာနေမှုအခြေအနေ၊ နိုင်ငံတကာအဆင့် အစည်းအဝေးများတွင် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများအား သိရှိစေရန် ဆွေးနွေးပြောကြားသွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## အရှိန်အဟုန်မြှင့် ဆောင်ရွက်

ယင်းနောက် နိုင်ငံခြားရေးရာမူဝါဒကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအား နိုင်ငံတကာမှ သိရှိနိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်ဆက်ဆံရေးများကို ယခုထက်ပိုမို လေးနက်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါတွင် နိုင်ငံတကာမှ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအပေါ် ယခင်ကထက် အပြုသဘောဆောင်သည့် သဘောထားများ ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ထားရှိထားသည့် နှစ်နိုင်ငံ သဘောတူညီချက်နှင့်ပေးထားသည့် ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့်ကာလအတွင်း တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများအလိုက် နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပတ်သက်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာနှင့် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာနှင့် ဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအတွက် ယခုကော်မတီသည် အရေးကြီးသည့် အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကော်မတီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအခြေအနေတွင် တုံ့ဆိုင်းနေသည့် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# စွမ်းဆောင်ရည်ပြည့်ဝသော ငွေရေးကြေးရေးစနစ် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဗဟိုဘဏ်၏ အခန်းကဏ္ဍသည် အရေးကြီး








**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ စာရင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ရွှေဝါနှင့် အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြသည်။

### အစဉ်အမြဲအားစိုက် ဆောင်ရွက်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် ငွေရေးကြေးရေးကဏ္ဍအားကောင်းခိုင်မာစေရန် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းမူဝါဒကို အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ကြီးကြပ်ခြင်း၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် ကြီးကြပ်အကောင်အထည်ဖော်ခြင်း၊ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနနှင့် စာရင်းဌာနတို့၏ကြိုးပမ်းဆောင်ရွက်နေမှုများကို အားရကျေနပ်ပါကြောင်း၊ စွမ်းဆောင်ရည် ပြည့်ဝသော ငွေရေးကြေးရေးစနစ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆောင်ရွက်မှုအခန်းကဏ္ဍသည်အရေးကြီးပါကြောင်း၊နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နည်းပညာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန် အစဉ်အမြဲအားစိုက် ဆောင်ရွက်လုပ်ကိုင်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်က ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒများကို အကောင်အထည်ဖော်ခြင်း၊ ရည်ညွှန်း နိုင်ငံခြားငွေလဲလှယ်နှုန်း သတ်မှတ်ထုတ်ပြန်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ငွေများလွှဲပြောင်းပေးပို့ခြင်း၊ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်နှင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင် ဆောင်ရွက်ပေးမှုများ၊ ဘဏ်များအကြား နိုင်ငံခြားငွေကြေးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုများ၊ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ခံအရာရှိများက လုပ်ငန်းများဆောင်ရွက်နေမှုကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

### ငွေပေးချေမှုစနစ် ဥပဒေမူကြမ်း

ဆက်လက်၍ စာရင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးကြပ်ထိန်းကျောင်းခြင်းဆိုင်ရာများ၊ အမျိုးသားငွေပေးချေမှုစနစ် မဟာဗျူဟာအောက်၌ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ငွေပေးချေမှုစနစ်ဥပဒေမူကြမ်းရေးဆွဲခြင်းဆိုင်ရာများ၊ ပမာဏကြီးမားသော ငွေပေးချေမှုများအတွက် ဘဏ်အချင်းချင်း ငွေပေးချေမှုစနစ် (CBM–NET) System Second Phase နှင့် အလိုအလျောက်စာရင်းရှင်းလင်းမှုစနစ် (ACH) ဖြင့် ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံမှုစံနှုန်းများ (IFRS) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ငွေပေးချေ ဆောင်ရွက် နေမှုများ၊ နိုင်ငံခြားသုံးသီးသန့်ငွေတိုးတက်စေရေး၊ ငွေရေးကြေးရေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် Interbank Market တွင် အစိုးရငွေတိုက်စာချုပ်များကို Repurchase Agreement ဖြင့် ရောင်းဝယ်ဆောင်ရွက်နေမှုများ၊ အစိုးရဘဏ်နှင့် ပြည်တွင်းဘဏ်များအကြား ငွေပေးချေမှုစနစ်မြန်ဆန်စေရန် ရက်သတ္တပတ်လုံး (၂၄) နာရီ ဝန်ဆောင်မှုဖြင့် ACH ၏ MFS များ ပါဝင်ဆောင်ရွက်နေမှုများ၊ အစိုးရဌာနများ၏ ရငွေဖြစ်သည့် ဝင်ငွေခွန်များကို (CBM–NET) System ဖြင့် ကောက်ခံ ဆောင်ရွက်နေမှုများ၊ အေစီယူအဖွဲ့ဝင်နိုင်ငံများနှင့် ငွေပေးချေမှု ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တာဝန်ခံအရာရှိများက အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများက လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ထပ်မံဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ရှမ်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးအတွက် ဦးစားပေးဆောင်ရွက်

**တောင်ကြီး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကိုဗစ်–၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ ဌာနဆိုင်ရာအားလုံးကို ခေါ်ယူတွေ့ဆုံပါက လူစုလူဝေးဖြစ်မည်စိုး၍ အဖွဲ့ဝင်များ၏ ကဏ္ဍအလိုက်ခေါ်ယူ၍ လုပ်ငန်းလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ရန် ခေါ်ယူရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းကဏ္ဍများကို အချိန်တိုတောင်းစွာဆောင်ရွက်ရန်နှင့် လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊ လုပ်ငန်းကဏ္ဍများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် အပြိုင်အဆိုင်လုပ်ကိုင်ရာတွင် မိမိတို့ ရှမ်းပြည်နယ်ကို ထိပ်ဆုံးမှ ရောက်ရှိစေလိုကြောင်း၊ ရှမ်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးအတွက် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သောကြောင့် မိမိတာဝန်ကျချိန်တွင် ဌာနဆိုင်ရာများနှင့် အတူ ရှမ်းပြည်နယ်အကျိုးကို ဝိုင်းဝန်းသယ်ပိုးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးစိုင်းလိတ်က မိမိနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာများကို ခေါ်ယူတွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ မိမိတာဝန်ယူချိန်တွင် လုပ်ငန်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာများအနေဖြင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက တစ်ဦးချင်းမိတ်ဆက်၍ လုပ်ငန်းအကျဉ်းတင်ပြဆွေးနွေးပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ပုလဲလမ်းရှိ အားကစားကွင်း ပြုပြင်ဆောင်ရွက်နေမှုနှင့် မြို့တော်အသံလွှင့်ဌာန City FM ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရန်ကုန်မြို့တော်ဝန် စစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့်အတွင်းရေးမှူး ဦးညွန့်ဖေတို့သည် ယနေ့နံနက် ၁၁ နာရီက ဗဟန်းမြို့နယ် ပုလဲလမ်းရှိ ပုလဲအားကစားကွင်း အဆင့်မြှင့်တင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဌာနမှူး ဦးကိုကိုလင်းက မြို့နယ်တိုင်းတွင် အားကစားကွင်းများ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ယခုပုလဲအားကစားကွင်းတွင် အများပြည်သူများ ဘောလုံးအားကစား လေ့ကျင့်နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က အားကစားကွင်း ပြီးစီးသည့်အခါ အများပြည်သူများ ကျန်းမာကြံ့ခိုင်စေရေးနှင့် စည်းကမ်းတကျ အားကစားပြုလုပ်စေရေး အဓိကလိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုလဲလမ်းရှိ မြို့တော်အသံလွှင့်ဌာန City FM သို့ ရောက်ရှိရာ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူး ဒေါက်တာတိုးအောင်နှင့် ရွှေနေခြည်ဝန်ဆောင်မှု ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်စိုးတို့က အသံလွှင့်လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်တွင် ယာယီရပ်ဆိုင်းခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ပြန်လည်ထုတ်လွှင့်လျက်ရှိကြောင်း၊ ထုတ်လွှင့်မည့် အစီအစဉ် အသေးစိတ်ကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မြို့တော်သူ မြို့တော်သားများအတွက် ဖျော်ဖြေရေးအစီအစဉ်များနှင့် အကျိုးရှိစေမည့် ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမည့် အစီအစဉ်များကိုလည်း ထုတ်လွှင့် ပေးသွားစေလိုကြောင်း မှာကြားပြီး City FM အသံလွှင့် လုပ်ငန်းဆောင်ရွက်နေမှုနှင့် City FM ဝင်းအတွင်းရှိ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် တာဝန်ရှိသူများအနေဖြင့် ညင်ညင်သာသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ မူဝါဒများပြောင်းလဲခြင်း မရှိကြောင်း၊ ပကတိအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်းများ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် အရပ်ဘက်မှ အများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို အလေးထားကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၃ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ဗဟိုဘဏ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကျော်ဝင်း
(၂) ဒေါက်တာလင်းအောင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာနှင့်စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ပြည်သူသို့အသိပေးချက် ထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် CDM အဖျက်အမှောင့် ပြုလုပ်နေသော မသမာသူအချို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအား လစာပေးတော့မည် မဟုတ်ကြောင်း အခြေအမြစ်မရှိ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းများ ထုတ်လွှင့်လျက်ရှိကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယင်းကောလာဟလများအပေါ် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ နိုင်ငံတော်နှင့် ပြည်သူအပေါ် တာဝန်ကျေပွန်စွာဖြင့် မိမိတို့၏တာဝန်များကို ဆက်လက် ထမ်းဆောင်သွားပါရန်နှင့် လစာနှင့် စရိတ်များ သတ်မှတ်ချက်အတိုင်း ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်ဟု ဖော်ပြထားသည်။

သတင်းစဉ်

## ပြည်သူသို့ အသိပေးတင်ပြချက်

ပြည်သူသို့ အသိပေးတင်ပြချက်
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၃၁-၁-၂၀၂၁) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့/ တိုးမြှင့်ရန် လမ်းညွှန်ထားသော ကိစ္စရပ်များမပါ) အား (၂၈-၂-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း ၂၉-၁-၂၀၂၁ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇန်နဝါရီလ (၁)ရက်နေ့မှ ဇန်နဝါရီလ (၃၁)ရက်နေ့ အထိ (၁၅၀) ယူနစ်အား ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်ဖြစ်ပါကြောင်း ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၂၈-၂-၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်သည့်အတွက် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့)ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ (၂၈) ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ(မပါ))အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း(၁၅၀) ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့)ရရှိမည် ဖြစ်ပါသည်။

၅။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များအနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁)ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခ ကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ်(၁၅၀)အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/-) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြပါ

ကိုထွန်းခင်

**လူတို့သည် ပိုမိုတိုးတက်ကောင်းမွန်သည့် လူနေမှုဘဝပုံစံများရရှိရန် တီထွင်ဖန်တီးနိုင်စွမ်းကို စိန်ခေါ်မှုအသွင်ဖြင့် လက်ခံရရှိခဲ့သည်။ သယ်ယူပို့ဆောင်ရေးတွင် တစ်နေရာမှ တစ်နေရာသို့ သက်သောင့်သက်သာလျင်မြန်စွာ ရောက်ရှိခရီးတွင်စေရန် မော်တော်ယာဉ်များ ပေါ်ထွန်းလာရေးအတွက် ၁၈ ရာစုအလယ်ခေတ်တွင် ကြိုးပမ်းခဲ့သည်။**

ကနဦးတွင် ရေနွေးငွေ့ဖြင့် မောင်းနှင်နိုင်သည့် ပထမဆုံးမော်တော်ယာဉ်တစ်စီးကို တီထွင်နိုင်ခဲ့သည်။ နည်းပညာသည် လူနေမှုဘဝများကို အဆင့်မြင့်စေရန် ပြောင်းလဲပေးနိုင်သည့် အသိပညာတစ်ရပ်ဖြစ်ရာ နည်းပညာဖြစ်ထွန်းလာမှုများနှင့်အတူ တစ်ဆင့်ပြီး တစ်ဆင့် လောင်စာဆီအသုံးပြုမောင်းနှင်ရသည့် မော်တော်ကားများကို တိုးတက်ဖန်တီးထုတ်လုပ်လာနိုင်ခဲ့သည်။

ယနေ့သတင်းအချက်အလက်နည်းပညာခေတ်တွင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည့် တီထွင်ဖန်တီးမှုများပါဝင်သော၊ ပိုမိုပြည့်စုံကောင်းမွန်သော မော်တော်ယာဉ် အမျိုးမျိုး၊ ဈေးအကြီးဆုံး၊ တန်ဖိုးအမြင့်ဆုံး၊ ဇိမ်ခံကားများကို ကုမ္ပဏီများစွာတို့က ယှဉ်ပြိုင်ထုတ်လုပ်လာကြသည်။

သို့သော် အမျိုးအစားနှင့် ဈေးနှုန်းမည်မျှပင် ကွဲပြားစေကာမူ မော်တော်ကားတစ်စီး၏ အခြေခံသဘောတရားမှာ အတူတူပင်ဖြစ်သည်။ အချိန်မီရပ်တန့် အရှိန်ထိန်းချုပ်နိုင်သည့် ဘရိတ်၊ ကားတစ်စီးလုံး၏ လျှပ်စစ်စနစ်အတွက် အဓိကကျသည့် ဘက်ထရီ၊ လိုရာခရီးရောက်ရှိအောင် ပဲ့ကိုင်မောင်းနှင်နိုင်သည့် စတီယာရင်၊ ဂီယာ၊ သွားလာရာတွင် လမ်းနှင့် ထိတွေ့နေရသည့် တာယာ၊ ဘီးတို့သည် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သည့် မော်တော်ကားတစ်စီးဖြစ်ရန် တပ်ဆင်ရသည့် အစိတ်အပိုင်းများဖြစ်သည်။

**ကားတစ်စီး၏ အဓိကကျသော အဆိုပါအစိတ်အပိုင်းများကို ပေါ်လွင်အောင် နိုင်ငံတစ်ခုနှင့် ခိုင်းနှိုင်းဥပမာပြရမည်ဆိုလျှင် စတီယာရင်သည် နိုင်ငံကိုဦးဆောင်ကာ မူဝါဒ၊ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်နေသည့် အစိုးရဖြစ်သည်။ အရွေ့တစ်ခုဖြစ်ပေါ်ရန် မရှိမဖြစ်လိုအပ်သည့် အင်ဂျင်အပိုင်းသည် အစိုးရ၏ ချမှတ်ထားသော ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ပေးရသည့် ဝန်ထမ်းများဖြစ်သည်။ ဘီးများနှင့် မော်တော်ကား၏ ကိုယ်ထည်ဘော်ဒီပိုင်းသည် နိုင်ငံတစ်ခုအတွက် အဓိကကျသည့် ပြည်သူများပင်ဖြစ်သည်။**

မော်တော်ကားတစ်စီးတွင် စတီယာရင်၊ ကားအင်ဂျင်၊ ဘီးများနှင့် ဘော်ဒီပိုင်းသည် ဟန်ချက်ညီ အပေးအယူမျှ ထိန်းညှိနိုင်ပါမှ အရွေ့တစ်ခုသည် ခရီးရောက်မည်ဖြစ်သကဲ့သို့ လိုရာခရီးကိုရောက်ရှိအောင် ပဲ့ကိုင်မောင်းနှင်ရသော စတီယာရင်နှင့်တူသည့် ဦးဆောင်သူ အစိုးရသည် အင်ဂျင်ပိုင်းနှင့်တူသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဘော်ဒီပိုင်းနှင့်တူသည့် ပြည်သူများနှင့် အညမည သဟဇာတ ဖြစ်မှသာ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု အရွေ့ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် အစိုးရနှင့် ပြည်သူတို့အကြား ကြားခံဆက်သွယ်ဆောင်ရွက်ပေးရမည့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူကိုဗဟိုပြုပြီး အရည်အသွေးပြည့်ဝသော၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းသော နိုင်ငံ့ဝန်ထမ်းများမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ခရီးပေါက်ရောက်အောင်မြင်မည်ဖြစ်သည်။

**ကားတစ်စီးတွင် အဓိကကျသည့် အင်ဂျင်ပိုင်းကဲ့သို့ နိုင်ငံတစ်ခုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးတွင် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများရှိသကဲ့သို့ အလုပ်တည်မြဲခွင့်၊ လုပ်ငန်းခွင် အာမခံချက်ရရှိခွင့်၊** လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊ ရာထူးတိုးမြှင့်ခွင့်၊ ပညာလေ့လာဆည်းပူးခွင့်၊ ခွင့်ခံစားခွင့်၊ ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊ ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊ အငြိမ်းစားယူခွင့်၊ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊ အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊ ၊ လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါ အားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့် စသည့်အခွင့်အရေး၊ ခံစားခွင့်များကိုလည်း နိုင်ငံတော်မှ ပေးအပ်ထားသည်။

> **"ကားတစ်စီးတွင် အဓိကကျသည့် အင်ဂျင်ပိုင်းကဲ့သို့ နိုင်ငံတစ်ခုတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးတွင် ထမ်းဆောင်ရမည့် တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများရှိသကဲ့သို့ အလုပ်တည်မြဲခွင့်၊ လုပ်ငန်းခွင် အာမခံချက်ရခွင့်၊ လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊ ရာထူးတိုးမြှင့်ခွင့်၊ ပညာလေ့လာဆည်းပူးခွင့်၊ ခွင့်ခံစားခွင့်၊ ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊ ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊ အငြိမ်းစားယူခွင့်၊ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊ အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသော အလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊ လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့် စသည့်အခွင့်အရေး၊ ခံစားခွင့်များကိုလည်း နိုင်ငံတော်မှ ပေးအပ်ထားသည်"**

သို့ဖြစ်ရာ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏အလုပ်ကို တန်ဖိုးထားမြတ်နိုးစိတ်၊ ကျေနပ်ဂုဏ်ယူစိတ် တွန်းအားများဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာကာ နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် လုပ်ငန်းယန္တရားကို ပုံမှန်လည်ပတ်နိုင်အောင် လုပ်ဆောင်နေကြရမည် ဖြစ်ပါသည်။

သို့သော် **နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အခွင့်ကောင်းယူ၍ အကျိုးမလိုလားသူများက နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်နေကြသည်။ အင်ဂျင်ပိုင်း(ဝန်ထမ်းများ)၊ ဘော်ဒီပိုင်း( ပြည်သူများ) ကို တစ်စစီ သွေးခွဲနေမှုများကိုလည်း မြင်တွေ့ကြားသိလာရသည်။**

သို့ဖြစ်ရာ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရသည့် ဂုဏ်ယူစရာ ကောင်းသူများဖြစ်ကြပါကြောင်း၊ ထိုဂုဏ်သိက္ခာကို စောင့်ထိန်းကြရမည် ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ စိတ်ကောင်း စေတနာကောင်းအရင်းခံဖြင့် ပြည်သူကို စံနမူနာကောင်းပြသနိုင်ကြသူများသာ ဖြစ်သင့်ပါပေသည်။

ထို့ပြင် ယခုအချိန်ကာလတွင် နိုင်ငံ့ဝန်ထမ်းအချို့သည် မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့လုပ်ငန်းခွင်တာဝန်များမှ ပျက်ကွက်နေကြပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်တွင် စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်တွင် အခက်အခဲများကြားမှ တာဝန်ထမ်းဆောင်နေကြသူများကိုလည်း မသမာသူများမှ နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေသည်ကို တွေ့ရပါကြောင်း။

ပြည်သူလူထုအပေါ် စေတနာထားတာဝန်ကျေပွန်နေကြသည့် နိုင်ငံ့ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်နှင့် ကင်းကွာနေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့လုပ်ငန်းခွင်များကို အမြန်ဆုံး ဝင်ရောက်ကြရန်ကိုလည်း မိန့်ခွန်းတွင် မေတ္တာရပ်ခံထားသည်။

နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းများသည် ရေကိုသားသော် အကြားမထင်သကဲ့သို့ တစ်သားတည်းခွဲခြားမရနိုင်သလို နိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် သွေးခွဲရန်တိုက်ခြင်းမှ ကောင်းကျိုး မရခဲ့ပုံများကို အားလုံးအသိပင်ဖြစ်ရာ မော်တော်ကားတစ်စီး၏ အင်ဂျင်ပိုင်းနှင့်တူသည့် နိုင်ငံ့ဝန်ထမ်းများသည် (ဘော်ဒီပိုင်း)ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုကာ အကြောင်းအကျိုး၊ အကောင်းအဆိုး နှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်သော ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း။ ။

> **"နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းများသည် ရေကိုသားသော် အကြားမထင်သကဲ့သို့ တစ်သားတည်းခွဲခြားမရနိုင်သလို နိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် သွေးခွဲရန်တိုက်ခြင်းမှ ကောင်းကျိုးမရခဲ့ပုံများကို အားလုံးအသိပင်ဖြစ်ရာ မော်တော်ကားတစ်စီး၏ အင်ဂျင်ပိုင်းနှင့်တူသည့် နိုင်ငံ့ဝန်ထမ်းများသည် (ဘော်ဒီပိုင်း) ပြည်သူများ၏ အကျိုးစီးပွားကိုရှေးရှုကာ အကြောင်းအကျိုး၊ အကောင်းအဆိုး နှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်သော ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း"**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြု ကြည်ညိုလျက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကိုဗစ်- ၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေး အတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး (ဓာတ်ပုံ)တို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း သုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီ အထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိ လည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**






## တည်ဆောက်ရေးလုပ်ငန်းများ ရပ်တန့်မှုမရှိစေဘဲ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်

**ဟားခါး ဖေဖော်ဝါရီ ၁၈**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်သည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဟားခါးမြို့ ဟားခါးတက္ကသိုလ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား ယာယီရှင်းလင်းဆောင်၌ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦ အထူးအဖွဲ့(၉)မှ တာဝန်ခံအင်ဂျင်နီယာ ဦးစောလေးမိုးက ဟားခါးတက္ကသိုလ်အတွင်း ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဟားခါးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ လျန်ဇာခုပ်က ဟားခါးကောလိပ်ကို တက္ကသိုလ်အဆင့်သို့တိုးမြှင့်ဖွင့်လှစ်မှု အခြေအနေ၊ တက္ကသိုလ် ဆရာ၊ဆရာမများ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်မှု အခြေအနေနှင့် အိမ်ရာလိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများရပ်တန့်မှုမရှိစေဘဲ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်ကြရန်၊ မိုးမရွာမီ လုပ်ငန်းသုံးပစ္စည်းများ အချိန်မီစုဆောင်းရန်၊ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အရည်အသွေးကောင်းမွန်ရေးနှင့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ရန်ပုံငွေ ထုတ်ပေးနိုင်ရေးအပါအဝင် လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၁၅-၅-၂၀၁၈ ရက်နေ့မှစ၍ ဟားခါးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ သံကူကွန်ကရစ်အဆောက်အအုံ ( ၂၅၂ ပေ ၆ လက်မ x ၂၀၈ ပေ) ဆောက်လုပ်နေမှု အခြေအနေ၊ (ပေ ၁၂၀ x ပေ ၉၀) Steel Structure ဖြင့် အားကစားရုံဆောက်လုပ်မှု အခြေအနေနှင့် တက္ကသိုလ် ဝတ်ပြုဆုတောင်းဆောင် ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ဟားခါးတက္ကသိုလ် ဝတ်ပြုဆုတောင်းဆောင် တည်ဆောက်နိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ချင်းပြည်နယ်ခရီးစဉ်တွင် ဟားခါးမြို့၊ မြို့မိမြို့ဖများ၏ တင်ပြချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘိလပ်မြေအိတ် ၁၀၀၀ နှင့် သွပ် ၅၂၆ ချပ် မတည်လှူဒါန်းပေးခဲ့မှုဖြင့် ၆-၅-၂၀၂၁ ရက်နေ့မှစ၍ (၁၀၇ ပေ X ပေ ၄၀)ရှိ လူဦးရေ ၆၀၀ ဆံ့ ဝတ်ပြုဆုတောင်းဆောင်ကို စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျန်းမာရေးသူရဲကောင်းကြီးများထံသို့ အိတ်ဖွင့်ပေးစာ

**သူရိန်သော်**

ပြည်သူတွေရဲ့အသက်ကို ကယ်တင်ပေးကြသူတွေဖြစ်တဲ့ ဆရာဝန်တွေနဲ့ သူနာပြု အပါအဝင် ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်ကုန်ကြပြီတဲ့။ ဝမ်းနည်းလိုက်တာဖြစ်ခြင်း။ အိမ်မှာရှိနေတဲ့ သက်ကြီးရွယ်အိုနဲ့ လူမမည်တွေ ပါဝင်တဲ့ မိသားစုအတွက်လည်း စိတ်ပူမိသလို လက်ရှိမှာ အမြစ်မပြတ်နိုင်သေးတဲ့ ကိုဗစ်-၁၉ ရောဂါအတွက်လည်း ကျန်းမာရေးဝန်ထမ်းတွေကိုပဲ အဓိကအားကိုးနေရတဲ့ ပြည်သူတစ်ဦးအနေနဲ့ အပူလုံးကြွမိတာပါ။ မိမိတို့လိုပဲ အခြားသောပြည်သူအားလုံးကလည်း ပြသခွင့်မရတော့တဲ့ ဆေးရုံတွေ၊ ဆရာဝန်မရှိတော့တဲ့ တိုက်နယ်ဆေးရုံလေးတွေ၊ ပိတ်လိုက်ရတဲ့ ကိုဗစ်-၁၉ ကုသရေးစင်တာတွေကိုကြည့်ရင်း ဝမ်းနည်းမဆုံးဖြစ်နေကြမယ်လို့ ယုံကြည်ပါတယ်။

ပြီးခဲ့တဲ့ တစ်နှစ်တာကာလပတ်လုံး ပြည်သူတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်းတွေနဲ့ ထိတွေ့မှုများခဲ့ရတယ်။ သံသယလူနာတွေအဖြစ်၊ ကိုဗစ်-၁၉ ပိုးတွေ့လူနာတွေအဖြစ်၊ လူနာမိသားစုဝင်တွေအဖြစ်၊ ဆေးရုံတွေမှာ အလှူရှင်တွေအဖြစ် ယုတ်စွအဆုံး ကိုဗစ်-၁၉ ပိုးတွေ့လူနာနဲ့ သံသယလူနာစာရင်းတွေကို လေ့လာဖတ်ရှုခဲ့ကြရင်း တစ်နည်းမဟုတ်တစ်နည်းနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ထိတွေ့ဆက်ဆံခဲ့ရတယ်။ သူတို့ရဲ့ နူးညံ့ကြင်နာတဲ့ အပြုံးလေးတစ်ချက်၊ ဖုန်းခေါ်သံလေးတစ်ခုဟာ လူနာနဲ့ ထိတွေ့သူအပေါင်းတို့အတွက် အားဆေးတွေ ဖြစ်ခဲ့ရပါတယ်။

> **“ကျန်းမာရေးသူရဲကောင်းတွေဖြစ်တဲ့ ဆရာဝန်တွေဟာ ကိုဗစ်-၁၉ ပထမလှိုင်းကာလ၊ ဒုတိယလှိုင်းကာလတစ်လျှောက် လပေါင်းများစွာ မိသားစုတွေ၊ သူတို့အိုးအိမ်တွေကိုပစ်ပြီး ဆေးရုံတွေမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြရတယ်ဆိုတာ ပြည်သူတွေအားလုံး သိပြီးသားပါ။ ပူအိုက်လှတဲ့ ရာသီဥတုမှာ ပြည်သူတွေအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးဝတ်စုံတွေကို မချွတ်တမ်း ဝတ်ဆင်ခဲ့ကြရတယ်။ အိမ်ကိုလွမ်းပေမယ့် လူနာတွေအတွက် ခွဲခွာနေပေးကြတဲ့ အိမ်ထောင်သည်ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာတွေအတွက် ရောဂါကူးစက်ခြင်းခံရတဲ့ ဆရာဝန်တွေ၊ သူနာပြုဝန်ထမ်းတွေအားလုံးဟာ ပြည်သူတွေအတွက်တော့ တကယ့်သူရဲကောင်းတွေ ဖြစ်ပါတယ်”**

## ပြန်လည်မြင်တွေ့လိုတဲ့ဆန္ဒ

အခုတော့ မိမိတို့ ကျန်းမာရေးကိစ္စအတွက် ရတက်မအေးကြရတော့ဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်ကြလို့ သူတို့မရှိတဲ့ ဆေးရုံတွေဟာ ပင်လယ်ထဲမှာ ဒီလှိုင်းနဲ့အတူ မျောနေတတ်တဲ့ ပိုင်ရှင်ကင်းမဲ့သွားတဲ့ သင်္ဘောကြီးတွေလို ကမ်းသောင်ပြင်ကို မျှော်နေကြမယ်လို့ တွေးမိပါတယ်။ ပြည်သူနဲ့ အမြဲထိတွေ့ဆက်ဆံပြီး ဝန်ဆောင်မှုပေးနေကျ ဆရာဝန်ကြီးတွေကို ဆေးရုံတွေမှာ ပြန်လည်မြင်တွေ့လိုတဲ့ဆန္ဒ ပြည်သူတွေရင်ထဲမှာ အပြည့်ရှိနေကြမှာပါ။

“အာရောဂျံ ပရမံလာဘံ” တဲ့။ ကျန်းမာခြင်းသည် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်တစ်ပါးလည်း ဖြစ်ပါတယ်။ လူတစ်ဦးဟာ ဘယ်လောက်အသိပညာတွေမြင့်မားပါစေ၊ သုံးမကုန်တဲ့ စည်းစိမ်ဥစ္စာတွေ ကြွယ်ဝပါစေ၊ ကျန်းမာမှုမရှိရင် သူ့အသိဉာဏ်တွေကို ဘယ်လိုမျှဝေနိုင်ပါ့မလဲ၊ သူ့ရဲ့ စည်းစိမ်တွေကိုရော သူဘယ်လိုအသုံးချရပါတော့မလဲ။ ကျန်းမာခြင်းအတွက် ပြည်သူအားလုံးဟာ ဆရာဝန်တွေ၊ သူနာပြုတွေကို အားကိုးကြရတယ်။ နာမကျန်းဖြစ်တဲ့အခါ အပြေးအလွှားသွားခဲ့ကြရတဲ့ နေရာကတော့ ကျန်းမာရေးဌာနတွေ ဖြစ်ပါတယ်။

ကျန်းမာရေးသူရဲကောင်းတွေဖြစ်တဲ့ ဆရာဝန်တွေဟာ ကိုဗစ်-၁၉ ပထမလှိုင်းကာလ၊ ဒုတိယလှိုင်းကာလတစ်လျှောက် လပေါင်းများစွာ မိသားစုတွေ၊ သူတို့အိုးအိမ်တွေကိုပစ်ပြီး ဆေးရုံတွေမှာ အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြရတယ်ဆိုတာ ပြည်သူတွေအားလုံး သိပြီးသားပါ။ ပူအိုက်လှတဲ့ ရာသီဥတုမှာ ပြည်သူတွေအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးဝတ်စုံတွေကို မချွတ်တမ်း ဝတ်ဆင်ခဲ့ကြရတယ်။ အိမ်ကိုလွမ်းပေမယ့် လူနာတွေအတွက် ခွဲခွာနေပေးကြတဲ့ အိမ်ထောင်သည်ကျန်းမာရေးဝန်ထမ်းတွေ၊ လူနာတွေအတွက် ရောဂါကူးစက်ခြင်းခံရတဲ့ ဆရာဝန်တွေ၊ သူနာပြုဝန်ထမ်းတွေအားလုံးဟာ ပြည်သူတွေအတွက်တော့ တကယ့်သူရဲကောင်းတွေ ဖြစ်ပါတယ်။

ဆရာဝန်တွေဟာ ပြည်သူတွေအတွက် မြင့်မြတ်တဲ့ သမားဂုဏ်ကို ဖော်ဆောင်ပြီး တိုင်းပြည်ရဲ့ ကျန်းမာရေးကဏ္ဍတစ်ရပ်လုံးကို ဦးဆောင်နေကြသူတွေဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်တုန်း မှတ်သားဖူးတဲ့ ဆေးပညာလောကရဲ့ဖခင်ကြီးအကြောင်းကိုလည်း တင်ပြလိုပါတယ်။

> **“ ဆရာဝန်တွေသာ မကပါဘူး။ သူနာပြုတိုင်းဟာလည်း သူနာပြုသစ္စာခံဓိဋ္ဌာန်တွေကို အလေးထား စောင့်ထိန်းကြရပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွေမှာ သူနာပြုသားဖွား ဆိုင်ရာကျင့်ဝတ်တွေအရ လိုက်နာပြီး ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ကြရသူတွေ ဖြစ်ပါတယ်။ ကျန်းမာရေး မူဝါဒတွေ ရေးဆွဲချမှတ်တဲ့အခါ ဒါမှမဟုတ် ပြည်သူလူထုရဲ့ ကျန်းမာရေး လိုအပ်ချက်တွေရှိတဲ့အခါ ပြည့်မီစေဖို့ ကြိုးပမ်းဆောင်ရွက်ကြရသူ တွေဖြစ်တယ်လို့ ယုံကြည်ပါတယ်”**

## ဟစ်ပိုကရေးတစ် ကတိသစ္စာ

ရှေးရှေးတုန်းက လူတွေဟာ ရောဂါကုသဖို့အတွက် မှော်ဆရာတွေ၊ နတ်ဆရာတွေကို အားထားခဲ့ရတာပါ။ ဒါပေမယ့် ဘီစီ ၅ ရာစုနဲ့ ၄ ရာစုကြားမှာတော့ ဂရိနိုင်ငံမှာ မှော်ဆရာ၊ နတ်ဆရာတွေမပါတဲ့ သမားတော်အဖွဲ့တစ်ဖွဲ့ ရှိခဲ့ဖူးတယ်။ သူတို့က သိပ္ပံနည်းကျ ဆေးပညာကိုလေ့လာကြပါတယ်။ သူတို့အဖွဲ့ထဲမှာ အကျော်ကြားဆုံး သမားတော်ကြီးကတော့ ဟစ်ပိုကရေးတီးစ်ပဲဖြစ်ပါတယ်။ သူ့ကို ဆေးပညာလောကရဲ့ ဖခင်ကြီးအဖြစ် သတ်မှတ်ထားကြပါတယ်။

ဆေးပညာကို စနစ်တကျလေ့လာပြီး ယနေ့ခေတ်အထိ ဆေးပညာတစ်ခေတ်ဆန်းလာအောင် ဟစ်ပိုကရေးတီးစ်က အများကြီးစွမ်းဆောင်ခဲ့တာမို့ လူသားအားလုံးရဲ့ ကျေးဇူးရှင်ကြီးတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့နာမည်ကျော် အဆိုအမိန့်တစ်ခုလည်းဖြစ်၊ ဆေးပညာဆိုင်ရာကျင့်ဝတ်လည်းဖြစ်တဲ့ စကားတစ်ခွန်း ရှိပါတယ်။ “Physician ! first, do no harm” ဖြစ်ပါတယ်။ ကိုယ့်ကြောင့် လူနာတွေ လုံးဝဘေးမဖြစ်ပါစေနဲ့ လို့ ဆရာဝန်တွေကို ညွှန်းပြခဲ့တာပါ။

ဆရာဝန်တွေအားလုံးဟာ ဟစ်ပိုကရေးတီးစ် ပဋိညာဉ်ကိုရွတ်ဆိုပြီး လိုက်နာစောင့်ထိန်းပါ့မယ်လို့ ကတိသစ္စာပြုလေ့ရှိပါတယ်။ အဲဒါကိုတော့ ဟစ်ပိုကရေးတစ် ကတိသစ္စာဆိုပြီး ပြောလေ့ရှိပါတယ်။ ကမ္ဘာတစ်လွှား ကျော်ကြားထင်ရှားတဲ့ သမားဟူရားတွေကို သက်သေထားပြီး ဆရာဝန်တွေဟာ ရွတ်ဆိုအဓိဋ္ဌာန်ပြုလေ့ရှိတယ်လို့ မှတ်သားရပါတယ်။ ဟစ်ပိုကရေးတစ်ကတိသစ္စာရဲ့ ပထမဆုံးအချက်ကတော့ “ကျွန်ုပ်သည် လူသားအားလုံးတို့၏ ကိုယ်၏ကျန်းမာရေး၊ စိတ်၏ချမ်းသာရေးကို ကျွန်ုပ်၏ အရေးကဲ့သို့ ယူဆပါအံ့” လို့ ပါဝင်ပါတယ်။

မည်သူ့ကိုမဆို အရေးပေါ်ကျန်းမာရေး လိုအပ်ချက်ရှိလာမယ်ဆိုရင် အကောင်းဆုံးအကူအညီပေးပါမယ်၊ လူနာတွေရဲ့အခွင့်အရေးကို လေးစားပါမယ်၊ ပညာပိုင်းဆိုင်ရာ အသုံးချမှုနဲ့ ဆုံးဖြတ်ခြင်းတွေကို နိုင်ငံရေး၊ လူမှုရေးတို့ရဲ့ သက်ရောက်မှုတွေကနေ ကင်းဝေးပြီး အတတ်နိုင်ဆုံး သမားဂုဏ်နဲ့အညီ လုပ်ဆောင်ပါမယ်၊ လူနာရဲ့ အခွင့်အရေးကို လေးစားပေးမယ်ဆိုတာတွေ ပါဝင်တာကို တွေ့ရပါတယ်။

ဆရာဝန်တွေသာမကပါဘူး။ သူနာပြုတိုင်းဟာလည်း သူနာပြုသစ္စာဓိဋ္ဌာန်တွေကို အလေးထားစောင့်ထိန်းကြရပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ သူနာပြုသားဖွားဆိုင်ရာကျင့်ဝတ်တွေအရ လိုက်နာပြီး ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်ကြရသူတွေ ဖြစ်ပါတယ်။ ကျန်းမာရေးမူဝါဒတွေ ရေးဆွဲချမှတ်တဲ့အခါ ဒါမှမဟုတ် ပြည်သူလူထုရဲ့ ကျန်းမာရေးလိုအပ်ချက်တွေ ရှိတဲ့အခါ ပြည့်မီစေဖို့ ကြိုးပမ်းဆောင်ရွက်ကြရသူတွေဖြစ်တယ်လို့ ယုံကြည်ပါတယ်။

## အမြန်ဆုံး ပြန်လာခဲ့ပါ

လက်ရှိနိုင်ငံရဲ့အခြေအနေဟာ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရတဲ့ လူမှုဘဝတွေကို ပြန်လည်ကုစားပေးရင်း တစ်ဖက်မှာလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းတွေကို စတင်ရမယ့်အချိန်ဖြစ်ပါတယ်။ အခုဆိုရင် အသက် ၆၅ နှစ်အထက်တွေကို ကာကွယ်ဆေးထိုးလုပ်ငန်းတွေ စတင်နေပါပြီ။ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဒီအချက်လေးကို လျစ်လျူမရှုပစ်ဘူးရယ်လို့ မျှော်လင့်မိပါတယ်။ ပြည်သူအများစုဟာ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူတဲ့အခါ ပြည်သူ့ဆေးရုံ၊ ဆေးခန်းတွေမှာပဲ ကုသလိုကြတာပါ။ ပြင်ပဆေးရုံ၊ ဆေးခန်းတွေမှာ ငွေကြေးကုန်ကျမှုရှိတဲ့အတွက် ပြည်သူတိုင်း ကုသဖို့ခက်ခဲနေကြရပါပြီ၊ ထိခိုက်နစ်နာနေကြရပါပြီ။

ဒါကြောင့် ကျန်းမာရေးသူရဲကောင်းကြီးတွေအနေနဲ့ မိမိတို့ခံစားချက်တွေကို ခေတ္တချိုးနှိမ်ပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်နဲ့ အနာဂတ်အတွက် ပြည်သူ့ဆေးရုံတွေဆီကို အမြန်ဆုံး ပြန်လာခဲ့ကြဖို့ မျှော်လင့်တိုက်တွန်းလိုက်ရပါတယ်။ ။

---

# ပွင့်ဖြူမြို့နယ်ရှိ တောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး မဲဇလီရေလှောင်ဆည်မှ ဆည်ရေစတင်ပေးဝေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလှောင်ဆည်မှ ဆည်ရေကို ဖေဖော်ဝါရီ ၁၆ ရက်က မြောက်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

၂၀၂၀ - ၂၀၂၁ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင်လည်း မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ကြိုတင်၍ စိုက်ပျိုးရေပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် နုန်းသဲမြေများ ဆယ်ယူရှင်းလင်းခြင်း ၊ ရေမြိတ်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းများအပြင် နွေသီးနှံစိုက်ပျိုးလယ်မြေများ စိုက်ပျိုးရေမျှတစွာ ရရှိရေးအတွက် ပြုပြင်ရန်လိုအပ်သော ရေလက်တံမြောင်းများအား အသစ်ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် မဲဇလီရေလှောင်ဆည်မှ ဆည်ရေကို ဖေဖော်ဝါရီ ၁၆ ရက်က တောင်သူများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရန် နွေသီးနှံစိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

၂၀၂၀ - ၂၀၂၁ ခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီမှာ “ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ မြို့နယ်အတွင်းရှိ တောင်သူတွေ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေး ဖေဖော်ဝါရီ ၁၆ ရက်မှာ မဲဇလီရေလှောင်ဆည်ကနေ စိုက်ပျိုးရေ ဖြန့်ဝေပေးခဲ့ပါတယ်။ တောင်သူတွေကို စိုက်ပျိုးရေ ဖြန့်ဝေပေးရာမှာ ခါတိုင်းနှစ်တွေက မဲဇလီရေလှောင်ဆည်ကနေ ပို့လွှတ်တဲ့ ဆည်ရေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီး နှစ်ခုလုံးကို နွေစပါးနဲ့ တခြား နွေသီးနှံ စိုက်ပျိုးနိုင်အောင် ပို့လွှတ်ပေးခဲ့ပါတယ်။ အခုနှစ်မှာတော့ မိုးရွာသွန်းမှုလျော့နည်းပြီး ဆည်ရေအဝင်နည်းတဲ့အတွက် တောင်သူတွေ စိုက်ပျိုးရေ အခက်အခဲဖြစ်မှာစိုးလို့ မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကိုပဲ နွေစပါးနဲ့ တခြားနွေသီးနှံ စိုက်ပျိုးလို့ရအောင် ပေးဝေသွားမှာဖြစ်ပြီး တောင်မုန်းမြောင်းမကြီးက တောင်သူတွေကိုတော့ နွေနှမ်းသီးနှံအတွက်ပဲ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။

လာမယ့်နှစ်မှာဆိုရင်တော့ တောင်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေစပါးနဲ့ တခြားနွေသီးနှံ စိုက်ပျိုးနိုင်အောင် ပေးဝေသွားမှာဖြစ်ပြီး မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေနှမ်းသီးနှံအတွက် ပေးဝေသွားမှာ ဖြစ်ပါတယ်။ အခုနှစ်မှာတော့ တောင်မုန်းမြောင်းမကြီးက နွေနှမ်းစိုက်ပျိုး တောင်သူတွေကို ဧပြီ ၁ ရက်မှာ စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်” ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိက ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၀ - ၂၀၂၁ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလှောင်ဆည်ရေဖြင့် နွေစပါး သီးနှံစိုက်ပျိုးဧက ၁၉၈၀၄ ဧက နှင့် နွေနှမ်း စိုက်ပျိုးဧက ၁၁၆၆၀ လျာထားစိုက်ပျိုးဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

ရဲဝင်းနိုင် (ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၆၁၄၃ ဦး၊ အတွင်းလူနာ ၂၇၆၇ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။



မြိတ်မြို့ တပ်မတော်ဆေးရုံတွင် မွေးလူနာတစ်ဦးကို တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ခွဲစိတ်၍ အောင်မြင်စွာ မွေးဖွားပေးစဉ်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၀၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၄ ဦး၊ စုစုပေါင်း ၁၀၃၆ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၄၀၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၂၀ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၁၀၂၇ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာ မြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တို့တွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သားမိသားစုဝင်များနှင့် ဒေသခံပြည်သူများအတွက် ယနေ့တွင် ဗုဒ္ဓကလျာဏယုဝအသင်းချုပ် (YMBA) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သွားရောက်၍ ဆန်အိတ် ၁၀၀ အိတ်ကို လှူဒါန်းခဲ့ရာ ဆေးရုံများမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တောင်ငူ၌ တပ်မတော်နှင့် ပူးပေါင်းအဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ်။

# ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်အိပ်စက်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာ ရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိပြီး ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့်စိုးရွံ့စွာဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရှိရသည့်အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထိတ်လန့်စိုးရွံ့စွာ နေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ နေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချမ်းအေးသာစံမြို့နယ် ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီးရှိ မီးရထားသံလမ်းများပေါ်တွင် အတားအဆီးများပိတ်ဆို့၍ ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲဆောင်ရွက်ခဲ့ရ

**နေပြည်တော်၊ ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိပြီး ဆူပူလှုံ့ဆော်ဆန္ဒပြသူများအနေဖြင့် အစိုးရလုပ်ငန်းယန္တရား လည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန် လမ်းကြောင်းပိတ်ဆို့ခြင်းများ၊ ပုံမှန်လုပ်ငန်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို နှောင့်ယှက်ခြိမ်းခြောက်ခြင်းများ စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဖေဖော်ဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများသို့ မီးရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် မန္တလေး-သာစည် မီးရထားလမ်းပိုင်းနှင့် စက်ခေါင်းများအား စစ်ဆေးပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုများကိုလည်း နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြန်မာ့မီးရထားမှ အထက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးဆောင်သော မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခန့်တွင် မန္တလေး-သာစည် မီးရထားလမ်းပိုင်းနှင့် စက်ခေါင်းများအား စစ်ဆေးပြင်ဆင်ဆောင်ရွက်လျက်ရှိစဉ်ဆူပူလှုံ့ဆော်ဆန္ဒပြသူ ၁၀၀ ခန့်က ချမ်းအေးသာစံမြို့နယ်၊ ၇၈ x ၇၉ လမ်းကြား၊ ၃၄ လမ်းအနီးရှိ မီးရထားသံလမ်းများတွင် ခရီးသွားပြည်သူများစီးနင်းမည့် မီးရထားများ ခုတ်မောင်းမှုမပြုနိုင်စေရန် သံချောင်းများ ချထားခြင်း၊ သစ်တုံးများ၊ ကျောက်ခဲများဖြင့် ပိတ်ဆို့ခြင်းများပြုလုပ်ပြီး ဆူပူဆန္ဒပြခြင်းများကို ဆက်လက်ပြုလုပ်လာခဲ့သည်။

ထိုသို့ပြုလုပ်ခြင်းများကြောင့် မြန်မာ့မီးရထားမှ အထက်မြန်မာပြည် အထွေထွေမန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား တွေ့ဆုံ၍ အများပြည်သူများ၏ ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေသည်ကို နှောင့်ယှက်ခြင်းများမပြုလုပ်ကြရန် မေတ္တာရပ်ခံခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ပိတ်ဆို့ထားသည့် အတားအဆီးများကို ဖယ်ရှားဆောင်ရွက်စဉ် ဆူပူလှုံ့ဆော်ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရထားလမ်းဝဲ၊ ယာမှ ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ တုတ်၊ ဓားများဖြင့် ပစ်ပေါက် ရန်ပြုလာသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သတိပေးပြီး အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့် ရော်ဘာကျည်များဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ည ၉ နာရီခန့်မှသာ ဆူပူလှုံ့ဆော်ဆန္ဒပြသူများအား လူစုခွဲရှင်းလင်းနိုင်ခဲ့ပြီး ဆူပူလှုံ့ဆော်ဆန္ဒပြမှုတွင် ပါဝင်ပတ်သက်သူများအား လိုအပ်သလို ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



ရထားလမ်းကူးများတွင် အန္တရာယ်ဖြစ်စေရန် ပြုလုပ်ထားသော သံချောင်းများကို ရဲတပ်ဖွဲ့ဝင်များ ဖယ်ရှားရှင်းလင်းစဉ်။

ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့နံနက်ပိုင်းတွင် မန္တလေး-သာစည် မီးရထားလမ်းပိုင်း ဘေးအန္တရာယ်ကင်းရှင်းမှုစစ်ဆေးနိုင်ရေးအတွက် စက်ခေါင်းတွဲတစ်တွဲ ရှေ့ပြေးထွက်ခွာပြေးဆွဲနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားမှုမရှိစေရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ နေ့ညမပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘဝတက္ကသိုလ် . . .

ကိုလင်း

**"အလုပ်တစ်ခုလောက်ရှာပြီး အိမ်စရိတ်လေး မျှပါလား"** သားရယ် ဆိုတဲ့ အမေ့စကားဟာ ၁၀ တန်းအောင်ပြီးစ တက္ကသိုလ်တက်မယ့် ကျွန်တော့်အတွက် အားတစ်ခုလည်း ဖြစ်ခဲ့သလို ဖြစ်ချင်တဲ့ဆန္ဒတွေကိုလည်း လက်လျှော့ရမယ်ဆိုတဲ့ အတွေးကလည်း ခေါင်းထဲရောက်လာခဲ့တယ်။ လူငယ်ပီပီ ဖြစ်ချင်တဲ့ဆန္ဒ ဖြစ်ခွင့်မရတဲ့အခါတိုင်း မိဘကို ဇွတ်အတင်း ပူဆာတတ်သလို၊ တစ်ယောက်တည်းလည်း ဝမ်းနည်းမျက်ရည်ကျတတ်ကြတာ သဘာဝပါပဲ။

ပါးပြင်ပေါ်ကျလာတဲ့မျက်ရည်ကို အမေမမြင်အောင် မသိမသာ ခိုးသုတ်ရင်း အမေ့ရဲ့ နွမ်းလျလျ မျက်နှာလေး ပြုံးပျော်နိုင်ဖို့ အလုပ်တစ်ခုလုပ်ပြီး အဝေးသင်တက္ကသိုလ်ပဲ တက်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို စိတ်ထဲမှာ ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ရတဲ့နေ့ဟာ ဘဝတက္ကသိုလ်တက်ရဖို့ အကြောင်းဖန်လာခြင်းပါပဲ။

ဝင်ငွေရဖို့ အလုပ်တစ်ခုကို တကယ်ထွက်ရှာတဲ့အခါ ပညာတစ်ပိုင်းတစ်စနဲ့ လူငယ်တွေအဖို့ အခက်အခဲ ကိုယ်တိုင်ကြုံရချိန်မှာ မိဘအရိပ်အောက် မပူမပင်နေရတဲ့ဘဝကို ပိုပြီး တန်ဖိုးထားမိလာတယ်။ မိသားစုအတွင်း တကယ်အခက်အခဲကြုံလာချိန်မှာ သားတစ်ဦးပီပီ ဝင်ငွေရအောင်ရှာပြီး အိမ်ရဲ့ တစ်ထောင့်တစ်နေရာကို အားဖြည့်ကူညီမယ်ဆိုတဲ့ မိဘကျေးဇူးကို သိတတ်တဲ့စိတ်ကြောင့် စာရေး အလုပ်လေးတစ်ခုကို ရရှိခဲ့တယ်။ အလုပ်ရပြီဆိုတဲ့ စိတ်နဲ့တင် အိမ်အပြန် ခြေလှမ်းတွေဟာ အားအင်အပြည့်နဲ့ မြန်မြန်အိမ်ပြန်ရောက်ခဲ့တယ်။

စာရေးလေးတစ်ဦး၊ မကြာခင်မှာလည်း အဝေးသင်တက္ကသိုလ်တက်ရမယ့် ကျောင်းသားလေးတစ်ဦး ... စသည်ဖြင့် အလုပ်စဆင်းရမယ့်နေ့ လုပ်ငန်းခွင်သွားလမ်းပေါ်မှာ အတွေးမျိုးစုံနဲ့ ပီတိကျေနပ်မှုက အပြည့်။ လက်ထဲက လိပ်စာစာရွက်ကလေးကြည့်လိုက်၊ ဘေးဘယ်ညာရှာလိုက်နဲ့ နောက်ဆုံးတော့ အလုပ်လုပ်ရမယ့် အဆောက်အအုံရှေ့ ရောက်လာခဲ့တယ်။ အသိကမရှိ၊ အဆောက်အအုံရဲ့ ထည်ဝါမှုကလည်း ကိုယ့်ကို ကြောက်စိတ် ထပ်ဝင်စေခဲ့တယ်။ လုံခြုံရေးတာဝန် ထမ်းဆောင်နေသူ ဦးလေးကြီးက **"မင်းဘာလာ လုပ်တာလဲ"**အမေးကို **"ကျွန်တော် ဒီမှာ အလုပ်လာဆင်းတာပါ"** ဆိုမှ **"သြော် ဒီနေ့အလုပ် စဆင်းကြမှာ သုံးယောက်ကွ။ မင်းက အစောကြီး ရောက်နေတာကိုး။ ဒီနားမှာ ထိုင်နေဦး။ နောက်နှစ်ယောက်ရောက်မှ ဝန်ထမ်းရေးရာကို လိုက်ပို့ပေးမယ်"**ဟု ဆိုကာ ကျွန်တော်ထိုင်ဖို့ ထိုင်ခုံလေးကို မေးငေါ့ပြတယ်။ ကျွန်တော်လည်း ကပျာကယာထိုင်ခုံမှာ ထိုင်လိုက်ပြီး နောက်ထပ် ရောက်လာမယ့် လူသစ်နှစ်ယောက်ကို စောင့်နေလိုက်တယ်။

## အများကြီးတန်ဖိုးရှိ

ကျွန်တော်အပါအဝင် လူသစ်နှစ်ယောက် ဆုံချိန်မှာတော့ ဝန်ထမ်းရေးရာကို လုံခြုံရေး ဦးလေးကြီးနဲ့ အတူသွားခဲ့ကြပြီး စီမံဌာနမှာ အလုပ်သင်ဝန်ထမ်းအဖြစ် အလုပ်စဆင်းခဲ့ရတယ်။ ဝန်ထမ်းသစ်တွေပီပီ အလုပ်ရဲ့ အကြောင်း တစ်ခုမျှကို မသိသော်လည်း ၁၀ တန်း အောင်ပြီးစ လူငယ်တွေ၊ ကြိုးစားချင်စိတ်အပြည့်နဲ့ လုပ်ငန်းထဲ ရောက်လာကြသူတွေဆိုတော့ စီနီယာ အစ်ကို အစ်မတွေရဲ့ သင်ပေးသမျှ၊ ပြောသမျှကို အကုန်လိုက်မှတ်၊ လိုက်လုပ်ရတာ ထမင်းစားချိန် ခဏနားချိန်ကလွဲပြီး တစ်ရက် အလုပ်ချိန်ကုန်မှန်းမသိ ကုန်သွားခြင်းပါပဲ။ လေ့လာသင်ယူစရာများတဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်မှန်းမသိ ကုန်သွားရခြင်းဟာ အလုပ်မရှိ၊ အကိုင်မရှိ အချိန်ဖြုန်းလို့ ကုန်သွားတာထက် အများကြီးတန်ဖိုးရှိမှန်း ကိုယ်တိုင်ကြုံဖူး သိရှိလိုက်ရခြင်းပါပဲ။

အမေ့စကားကြောင့် အလုပ်လုပ်ခဲ့သော်လည်း လုပ်ငန်းခွင်ထဲ ကျင်လည်ခဲ့ရတဲ့ ရက်တွေကနေ နှစ်တွေပြောင်းလာခဲ့ချိန်မှာ အလုပ် စလုပ်ခဲ့သလို စာရေးလေး မဟုတ်တော့ဘဲ ဒုကြီးကြပ်ရေးမှူးဘဝကို တိုးမြှင့်လို့ ရောက်ရှိနေပြီ။ လက်ရှိရာထူးရောက်ဖို့ အလုပ်ကနေ သင်ပေးတဲ့ ကွန်ပျူတာသင်တန်းတွေ၊ စာရင်းကိုင်သင်တန်းတွေ၊ အင်္ဂလိပ်စကားပြော အခြေခံတွေကိုလည်း သင်ယူကြိုးစားခဲ့ရတာကြောင့် လုပ်ငန်းခွင်မှာ ကျွမ်းကျင်တဲ့အဆင့်ကို အလယ်အလတ်ထိ ရောက်နေသလို အဝေးသင်တက္ကသိုလ်ကနေလည်း ဘွဲ့တစ်ခုကို ရယူနိုင်ခဲ့တယ်။ တချို့ နေ့ပိုင်းတက္ကသိုလ်တက်တဲ့ သူငယ်ချင်းတွေက အဝေးသင်တက္ကသိုလ်တက်တဲ့ ကျွန်တော့်ကို အမြဲလှောင်သလိုလိုလုပ်ခဲ့ပေမယ့် ဘွဲ့ရပြီးတဲ့ အချိန်မှာတော့ ကျွန်တော်က အလုပ်နဲ့အကိုင်နဲ့ တာဝန်တစ်ခုနဲ့။ ကျွန်တော့်အမေရဲ့ မျက်နှာဟာလည်း နေ့ရက်တိုင်း အပြုံးပန်းတွေနဲ့ ဝေလို့ပေါ့။

ဒီနေ့ ခပ်စောစောအလုပ်ကို သွားရမယ်ဆိုတဲ့ အသိကြောင့် ခပ်သုတ်သုတ်လုပ်နေတဲ့ ကျွန်တော့်ကို **"အစောကြီးရှိသေးတယ်၊ သားငယ်။ အလုပ်သွားတော့ မလို့လား"**လို့ အမေ့ရဲ့အမေးကို **"မဟုတ်ဘူး အမေရေ။ ဒီနေ့ လမ်းတွေ ပိတ်မယ် ပြောနေကြတယ်။ ဝန်ထမ်းတွေ၊ အလုပ်သမားတွေ အလုပ်တွေ၊ ရုံးတွေ သွားလို့ မရအောင် ကားလမ်းတွေ ပိတ်မယ်။ ကားတွေ ပျက်ချင်ယောင်ဆောင်ပြီး လမ်းဆုံတွေမှာ ပိတ်ပစ်မယ်လို့ ပြောနေကြလို့ အမေရေ"**ဆိုပြီး အမေ့ပါးပြင်ကို နမ်းပြီး အလုပ်ထဲ ထွက်လာခဲ့တယ်။ အမေ့ ပါးပြင်က သနပ်ခါးနံ့သင်းသင်းလေးဟာ လမ်းတစ်လျှောက် အနံ့မပြယ်ပါလာတာကြောင့် စိတ်အေးချမ်းမှု၊ နွေးထွေးမှုက အပြည့်။

ကားမှတ်တိုင်မှာ အရင်ရက်တွေထက် အချိန်ကြာကြာပိုစောင့်လိုက်ရပြီး ရောက်လာတဲ့ လိုင်းကားကိုပဲ လိုရာခရီးရောက်ဖို့ အပြေးတက်စီးခဲ့ဖြစ်တယ်။ စီးလာတဲ့ လိုင်းကားရဲ့အရှိန်ဟာ သိသိသာသာ တဖြည်းဖြည်းနှေးလာတာနဲ့ ဘေးပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ဆိုင်းဘုတ်မျိုးစုံကိုင်ထားတဲ့၊ ဖက်ရှင်မျိုးစုံဝတ်ထားတဲ့ လူအုပ်ကြီး။ လူအုပ်ကြီးကျော်ပြီး တစ်ခဏအကြာမှာတော့ ကားကလုံးဝကို လှုပ်မရတဲ့အခြေအနေထိ ဖြစ်သွားပြီ။ အနောက်လှမ်းကြည့်လိုက်တော့လည်း ကားတန်းကအပြည့်။ အရှေ့ကြည့် လိုက်တော့ ဘောနက်ဖုံးတွေ ဖွင့်ထားကြတဲ့ ကားတွေ။ ကားမောင်းနေတဲ့ ဦးလေးကြီးက **"ခရီးသည်အားလုံး ဒီနားကနေပြီးပဲ အဆင်ပြေသလို ခရီးဆက်ကြပါ။ ကျွန်တော် ဆက်မောင်းလို့ မရတော့ဘူး။ သူတို့တွေ လမ်းကို တကယ်ပိတ်အောင် လုပ်ကြပြီ"**လို့ စိုးရိမ်တကြီးနဲ့ လှမ်းအော်ပြောတယ်။

## အားပေးသူပါသလို ရှုတ်ချသူလည်းရှိနေ

**ကားထဲပါလာသူတိုင်းက တစ်ယောက်တစ်ပေါက် စကားလုံးမျိုးစုံနဲ့ တစ်စီးလုံး ဆူဆူညံ။ လမ်းပိတ်ဆို့သူတွေကို အားပေးသူ ပါသလို ရှုတ်ချသူလည်း ရှိနေတယ်။ ကျွန်တော့်အတွက်တော့ အလုပ်မသွားရင် လစာမရဘူးဆိုတဲ့ အသိက အဓိကပဲ။ လူအများလိုက်လုပ်နေတိုင်း မှန်ကန်တယ်လို့ ယူဆလို့ မရသလို လူနည်းစုလုပ်နေတာကိုလည်း မှားတယ်လို့ ပြစ်တင်ဖို့ မဖြစ်နိုင်ဘူး။ ဒီမိုကရေစီဆိုတာ အများဆန္ဒကို ဦးစားပေးရတယ်ဆိုပေမယ့်လည်း အများ**

> **"ကားထဲပါလာသူတိုင်းက တစ်ယောက်တစ်ပေါက် စကားလုံးမျိုးစုံနဲ့ တစ်စီးလုံး ဆူဆူညံ။ လမ်းပိတ်ဆို့သူတွေကို အားပေးသူပါသလို ရှုတ်ချသူလည်း ရှိနေတယ်။ ကျွန်တော့်အတွက်တော့ အလုပ်မသွားရင် လစာမရဘူးဆိုတဲ့ အသိက အဓိကပဲ။ လူအများ လိုက်လုပ်နေတိုင်း မှန်ကန်တယ်လို့ ယူဆလို့ မရသလို လူနည်းစုလုပ်နေတာကိုလည်း မှားတယ်လို့ ပြစ်တင်ဖို့ မဖြစ်နိုင်ဘူး။ ဒီမိုကရေစီဆိုတာ အများဆန္ဒကို ဦးစားပေးရတယ်ဆိုပေမယ့်လည်း အများသူငါကို အနှောင့်အယှက်ဖြစ်စေတဲ့ ကိစ္စတွေကို လုပ်နေသူတွေ၊ လမ်းလွဲနောက် လိုက်ပါနေသူတွေကတော့ ဒီမိုကရေစီကျင့်စဉ်ကို လိုက်နာနေသူမဟုတ်ဘဲ အာဏာရှင်စနစ်ကို လိုက်လုပ်နေကြသူတွေလို့ပဲ မြင်မိတယ်"**

**သူငါ ကို အနှောင့်အယှက်ဖြစ်စေတဲ့ ကိစ္စတွေကို လုပ်နေသူတွေ၊ လမ်းလွဲနောက် လိုက်ပါနေသူတွေကတော့ ဒီမိုကရေစီကျင့်စဉ်ကို လိုက်နာနေသူ မဟုတ်ဘဲ အာဏာရှင်စနစ်ကို လိုက်လုပ်နေကြသူတွေလို့ပဲ မြင်မိတယ်။**

ကျွန်တော်လည်း လူငယ်ပီပီခေတ်ရေစီးကြောင်းဖြစ်တဲ့ လူမှုကွန်ရက်တွေလည်း သုံးနေသူတစ်ဦးဖြစ်ပေမယ့် မိဘရဲ့ အမြဲဆုံးမသွန်သင်မှုကြောင့်ရယ်၊ စာအုပ်စာပေကောင်းတွေ ဖတ်ရှုလေ့လာတာကြောင့်ရယ် ဖတ်မိသမျှ သတင်းတိုင်းကို ယုံလေ့မရှိသလို၊ ဖတ်မိသမျှ အကြောင်းအရာမှန်သမျှကိုလည်း ကိုယ့်ဝမ်းစာပြည့်မှုရယ်နဲ့ ဆင်ခြင်ပြီးမှ ယုံသင့်တာ ယုံပြီး ထပ်ပြီး မျှဝေသင့်တာကို မျှဝေမှု ပြုလုပ်နေသူပါ။ ခုလို အများသူငါကို အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ရပ်မျိုးတွေကို လုပ်နေသူတိုင်းကို ပြစ်တင်သလို အားပေးအားမြှောက် ပြုလုပ်နေသူတွေကိုလည်း ရှုတ်ချမိတယ်။

**မကြာခင် ရက်တွေကလည်း လူမှုကွန်ရက်မှာ တွေ့လိုက်ရတာတွေက အတော်လေးကို ဒီမိုကရေစီမဆန်တဲ့လုပ်ရပ်တွေ။ ပြည်သူတွေအတွက် ယန္တရားလည်ပတ်အောင် လုပ်ကိုင်ပေးနေကြတဲ့ ဝန်ထမ်းတွေ၊ ဘဏ်တွေရဲ့ ဝန်ထမ်းတွေ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေး၊ အခြားအခြားသော ဝန်ထမ်းတွေ၊ ထိုထိုသော ဝန်ထမ်းတွေ ရုံးတက်၊ အလုပ်သွားတာကို ဓာတ်ပုံရိုက်၊ လူမှုကွန်ရက်ပေါ်တင်ပြီး အမနာပ ပြောနေကြတာကို တွေ့လိုက်ရတယ်။ ထင်မြင်မှတ်ချက်တွေကလည်း ခပ်ကြမ်းကြမ်း။ ဖတ်ရသူတိုင်းအတွက် စိတ်မချမ်းမြေ့စရာ။ ဒီလိုအချိန်မှာ အလုပ်ဌာနကို အခက်အခဲတွေကြားကနေ ရောက်အောင်သွားကြတဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင် လေးစားမိတာကတော့ အမှန်ပါပဲ။**

## အခက်ကြုံရတာက ပြည်သူတွေ

ဘဏ်တချို့မှာ ဝန်ထမ်းတွေ မလာရောက်ကြတဲ့အတွက် လည်ပတ်မှုခက်ခဲနေပြီး ဘဏ်တွေပိတ်ထားရတာကြောင့် ငွေကြေး ထုတ်ယူသုံးစွဲမှု လိုအပ်နေသူတွေအတွက် များစွာ အခက်အခဲဖြစ်နေကြတာ တကယ်လက်တွေ့ပါပဲ။ တချို့ရဲ့ အတွေးတိမ်တဲ့ လူတွေရဲ့ လူမှုကွန်ရက် သတင်းတွေမှာလည်း **"ဘဏ်တွေ ဖွင့်ရင် ပိုက်ဆံအပ်ထားတာတွေ အကုန်ထုတ်ပစ်မယ်၊ ဖွင့်ရဲဖွင့်ကြည့်"** ဆိုပါလား။ ခုလို ကျပ်တည်းတဲ့ ကာလမှာ တစ်သိန်းလောက်၊ ၁၀ သိန်းလောက် ရှိတဲ့သူသာ ဘဏ်ကနေ အကုန်ထုတ်ချင် ထုတ်လိမ့်မယ်။ သိန်း ရာချီ၊ ထောင်ချီ ထည့်ထားတဲ့ သူတွေကတော့ အပြင်က ခိုး၊ ဆိုး၊ လု၊ နှိုက် ရန်က လွတ်မယ့်ဘဏ်ထဲပဲ ယုံကြည်စွာနဲ့ ထားထားကြမှာပဲ။ ခု တကယ်တမ်း ဘဏ်တွေ မလည်ပတ်တဲ့ကာလမှာ အခက်ကြုံရတာက နည်းနည်းပါးပါး ငွေစုထားတဲ့ ပြည်သူတွေ။

နှစ်ပတ်လောက် CDM လုပ်ဖို့ တိုက်တွန်းနေတဲ့၊ ကိုယ်တိုင်လည်း CDM လုပ်နေတဲ့ ဝန်ထမ်းတွေဟာ သုံးပတ်မြောက်လောက်မှာ အမှားကိုပြင် အမှန်ကို သိမြင်လာကြပြီး အမှန်နဲ့ အမှား၊ ဓမ္မနဲ့ အဓမ္မ အဆုံးသတ်မှာ လူများစုတိုင်း မမှန်ဘူး၊ လူနည်းစုတိုင်းမမှားဘူးဆိုတာ ကွဲပြားလာခဲ့ကြောင်း သူတို့ရဲ့ လူမှုကွန်ရက် သတင်းတွေဖတ်ပြီး စိတ်အေးချမ်းမှု ဖြစ်လိုက်ရတယ်။ ဘာကြောင့် စိတ်အေးချမ်းမှု ဖြစ်ရလဲဆိုရင် CDM စွန့်လွှတ်လိုက်တဲ့ ဝန်ထမ်းအနေနဲ့ လုပ်ငန်းခွင်ထဲ ပြန်ရောက်ကြပြီဆိုတော့ အလုပ်ဖြုတ်တာတွေ၊ အလုပ်ပြုတ်တာတွေ စတဲ့ အရေးယူမှုတွေကို ရှောင်လွှဲနိုင်တော့မယ်ဆိုတာကြောင့်ပါပဲ။ အခြား CDM ထဲ ပါဝင်နေကြတဲ့ ဝန်ထမ်းတွေအနေနဲ့လည်း နိုင်ငံ့ဝန်ထမ်းပီပီ နိုင်ငံတော်တာဝန်များကို များမကြာမီ **"အပြုံးမပျက် ရုံးပြန်တက်"** ကြမယ်လို့ ယုံကြည်နေမိတယ်။

ကျွန်တော်ဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦး၊ အရာရှိကောင်းတစ်ဦး ဖြစ်ချင်ခဲ့ပေမယ့် ဘဝပေးအခြေအနေကြောင့် ပြင်ပလုပ်ငန်းတွင် လုပ်ကိုင်နေရသော်လည်း နိုင်ငံ့ဝန်ထမ်းများရဲ့ **"နိုင်ငံနဲ့ပြည်သူ၊ ကြည်ဖြူလက်တွဲ"**ပြီး **"တိုးတက်ခေတ်မီ၊ နိုင်ငံတော်သစ်ဆီ"**သို့ အမြန်ဆုံး လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်မှုများစွာဖြင့် နေ့စဉ် ကြုံတွေ့သမျှ ဘဝတက္ကသိုလ်မှအကြောင်းတွေကို အိမ်ပြန်ရောက်မှ အမေနဲ့ အဖေကို ထမင်းမြိန်မြိန် လက်ဆုံစားရင်း ပြောပြပါဦးမယ်။

အားလုံးသော သတ္တဝါအပေါင်း ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး စိတ်၊ ကိုယ်၊ နှလုံး ငြိမ်းအေးကြပါစေ။ ။

## ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A–3 တွင် Seabed Hazard Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. FUGRO EQUATOR (Call Sign: C6ZT5) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ ဒသမ ၉၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ ဒသမ ၂၉၇ မိနစ်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၀ ဒသမ ၀၆၇ မိနစ်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ ဒသမ ၀၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၄၃ ဒသမ ၉၃၉ မိနစ်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ ဒသမ ၆၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၃ ဒသမ ၁၇၆ မိနစ်တို့တွင် (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်းသိရသည်။ **သတင်းစဉ်**

# နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် (၁၈-၂-၂၀၂၁) ရက်နေ့မှစ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စည်ပင်ဆေးရုံ(၁)၌ ပြည်ထောင်စု အဆင့်ဝန်ကြီးဌာနများမှ အရာထမ်းများကို COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်လျက်ရှိသည်။

(၁၈- ၂- ၂၀၂၁) ရက်တွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန (၇)ခုမှ အရာထမ်း (၄၁၉) ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော် စည်ပင်ဆေးရုံ(၁)၌ ပြည်ထောင်စု အဆင့်ဝန်ကြီးဌာနများမှ အရာထမ်းများကို COVID-19 ရောဂါ ကာကွယ် ဆေးထိုးနှံစဉ်။

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေး စည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၄) ကြိမ်မြောက် ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများနှင့် ဆေးမှူးဆရာဝန်များ ပါဝင်သော ဆေးအဖွဲ့များက ပါဝင် ကူညီတာဝန်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါ လှည်းကူးမြို့နယ် COVID-19 ရောဂါ ကုသရေးဌာန (ဖောင်ကြီး)တွင် (၁၃)ကြိမ်မြောက် အဖြစ် သွားရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူး ဆရာဝန်များ စုစုပေါင်း ၄၀ ဦးနှင့်




COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်ကြမည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တာဝန်လဲလှယ် ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော် ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားပြီး သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်သည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက ဆေးဝန်ထမ်းအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များတွင် မေ့ဆေးပါရဂူ သုံးဦး၊ အထူးဇီဝပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ ခြောက်ဦး၊ ခွဲစိတ်ပါရဂူ ခုနစ်ဦး၊ ဆေးမှူးဆရာဝန် နှစ်ဦးနှင့် သူနာပြုအရာရှိ ၂၂ ဦး စုစုပေါင်း ၄၁ ဦးတို့ပါဝင်ပြီး ၎င်းတို့သည် အများပြည်သူများ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်စိတ်များ မြင့်တက်နေချိန်တွင် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်၊ ကုသနိုင်ရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော် ဆေးတက္ကသိုလ်မှ COVID-19 ရောဂါ ကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွားကြောင်း သိရှိရသည်။

အဆိုပါ COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)အား ၂၀၂၀ ပြည့်နှစ်၊ မေ ၇ ရက်မှစတင်၍ COVID-19 ရောဂါ ပိုးတွေ့လူနာများအား ကုသပေးခဲ့ပြီး ယခုအခါ ရောဂါပိုးတွေ့ရှိသူ လျော့နည်းလာသဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပိတ်သိမ်းခဲ့ရာ ယနေ့တွင် တပ်မတော်မှ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ၄၁ ဦးနှင့် ဒေသခံ Volunteer ၂၀ တို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ COVID-19 ရောဂါ ပိုးတွေ့လူနာများအား အဆိုပါဆေးရုံ၌ ဆက်လက်လက်ခံကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၁၈-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၄၅၄၅၃၃ | ၁၈၅၉၈၂၈၅ | ၅၀၂၅၅၅ |
| ၂။ | အိန္ဒိယ | ၁၀၉၅၀၂၀၁ | ၁၀၆၅၆၈၄၅ | ၁၅၆၀၃၈ |
| ၃။ | ဘရာဇီး | ၉၉၇၉၂၇၆ | ၈၉၅၀၄၅၀ | ၂၄၂၁၇၈ |
| ၄။ | ရုရှား | ၄၁၂၅၅၉၈ | ၃၆၆၁၃၁၂ | ၈၁၉၂၆ |
| ၅။ | ဗြိတိန် | ၄၀၇၁၁၈၅ | ၂၂၈၂၇၀၃ | ၁၁၈၉၃၃ |
| ၆။ | ပြင်သစ် | ၃၅၁၄၁၄၇ | ၂၄၅၇၃၇ | ၈၃၁၂၂ |
| ၇။ | စပိန် | ၃၁၀၇၁၇၂ | ၂၄၁၀၈၄၆ | ၆၆၃၁၆ |
| ၈။ | အီတလီ | ၂၇၅၁၆၅၇ | ၂၂၆၈၂၅၃ | ၉၄၅၄၀ |
| ၉။ | တူရကီ | ၂၆၀၉၃၅၉ | ၂၄၉၆၈၃၃ | ၂၇၇၃၈ |
| ၁၀။ | ဂျာမနီ | ၂၃၆၄၄၃၈ | ၂၁၆၅၉၀၀ | ၆၇၁၄၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ - ၂ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၅၂၆၈၅ | ၁၀၅၈၂၂၂ | ၃၃၉၆၉ |
| ဖိလစ်ပိုင် | ၅၅၅၁၆၃ | ၅၁၂၁၆၃ | ၁၁၆၇၃ |
| မလေးရှား | ၂၇၄၈၇၅ | ၂၃၅၀၈၂ | ၁၀၃၀ |
| မြန်မာ | ၁၄၁၇၀၉ | ၁၃၁၁၇၁ | ၃၁၉၃ |
| စင်ကာပူ | ၅၉၈၃၂ | ၅၉၆၇၆ | ၂၉ |
| ထိုင်း | ၂၅၁၁၁ | ၂၃၉၄၆ | ၈၂ |
| ဗီယက်နမ် | ၂၃၄၇ | ၁၆၀၅ | ၃၅ |
| ကမ္ဘောဒီးယား | ၄၈၃ | ၄၇၀ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |

# ဗန်းမော်၊ မြဝတီနှင့် တမူးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီတွင် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ အောင်ထက်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ချွင်ရုံးဖ၊ စိုင်းထွေးငယ်၊ မမေဇင်ဖူးတို့အား တွေ့ရှိရပြီး ဘိန်းဖြူ ၄ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၀၊ ဆိုင်ကယ် နှစ်စီး၊ မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် မယေအောင်(ခ)ရွှေအေးအား ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်တွင် ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ ဗန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ ဟိုတယ်၌ အိုက်ယွေ့(ခ)ကိုစိုင်းနှင့် အိုက်မြင့်တို့အား ငွေကျပ်သိန်း ၇၅၀၊ ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း အသီးသီး ဖမ်းဆီးရမိသည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကံဆင့်မြိုင်လမ်းတွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် သွားရောက်စစ်ဆေး ရှာဖွေရာ ယာဉ်မောင်း စောကျော်ထူးမူးအား တွေ့ရှိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၆၄ ပြားကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့နယ် ခါမ်းပါတ်မြို့ ထင်းဇင်ကျေးရွာအုပ်စု ထင်းဇင်ကျေးရွာ ကလေး-တမူး သွားကားလမ်း၊ နန်စပါ တံတားအနီးတွင် ထွန်းထွန်းဝင်း (ခ)ထွန်းထွန်း မောင်းနှင်လာသော မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ Alprazolam ဆေးပြား ၁၂၀၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အိုက်ယွေ့(ခ)ကိုစိုင်း၊ အိုက်မြင့်၊ မယေအောင်(ခ)ရွှေအေး၊ မမေဇင်ဖူး၊ ချွင်ရုံးဖ၊ အောင်ထက်၊ စိုင်းထွေးငယ် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ကျောက်ဆည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ ဘိန်းစိမ်းများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**ကျောက်ဆည်မြို့နယ်တွင် ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ ဘိန်းစိမ်း ၇၈ ကီလို ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

ယင်း သတင်းထုတ်ပြန်ချက်၌ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် ကျောက်ဆည်မြို့နယ် ကင်းကျေးရွာ ရွာငံ- ကျောက်ဆည်သွား ကားလမ်းတွင် ရွာငံဘက်မှ ကျောက်ဆည်ဘက်သို့ မောင်းနှင်လာသည့် Crown မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ကုလကျေးရွာအနီးတွင် အဆိုပါ မော်တော်ယာဉ်အား ယာဉ်မောင်း စွမ်းသီဟနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မော်တော်ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ ဘိန်းစိမ်း ၇၈ ကီလို သိမ်းဆည်းရမိသဖြင့် စွမ်းသီဟ(၂၂ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဘိန်းစိမ်းများမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



စွမ်းသီဟအား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များကို အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃)တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ၁၂ စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး၊ စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် လေးစီး စုစုပေါင်း ၂၆ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# သာကေတမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားပြီး ၁၁ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သေဆုံး ယာဉ်မဆင်မခြင်မောင်းနှင်သူအား ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇေယျာဝတီ ၃ လမ်းနှင့် ၄ လမ်း၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီခန့်က ယာဉ်မောင်း အောင်နိုင်သူ မောင်းနှင်လာသည့် Hyundaipoter II Pickup အမျိုးအစား မော်တော်ယာဉ်သည် ၁၁ နှစ် အရွယ် မိန်းကလေးငယ်တစ်ဦး စီးနင်းလာသည့် စက်ဘီးအား ယာဉ်၏ယာဘက် နောက်ဘီးနှင့် ကြိတ်မိပြီး မိန်းကလေးငယ်မှာ ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်ပွားသည့် နေရာ၌ပင် သေဆုံးကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး လူမှုကွန်ရက် စာမျက်နှာများပေါ်၌ သတင်းဓာတ်ပုံများ ပျံ့နှံ့ခဲ့ကာ အချို့သော အွန်လိုင်းမီဒီယာသုံးစွဲသူများက ဖြစ်စဉ်မှန်အားသိရှိခြင်းမရှိဘဲ တပ်မတော်၏ပုံရိပ်ကို ထိခိုက်ပျက်ပြားစေလိုသော ရည်ရွယ်ချက်များဖြင့် တပ်မတော်မှ မော်တော်ယာဉ်ဖြင့် တက်ကြိတ်သွားသည်ဟု ရေးသား၍ အဆိုပါပုံများကို ဖြန့်ချိနေကြောင်း သိရှိရသည်။

ထိုသို့ရေးသားဖြန့်ချိနေမှုများမှာ မှန်ကန်မှုမရှိဘဲ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း အောင်နိုင်သူကို ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ၎င်းအား သာကေတမြို့နယ်ရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဟိုပုံးမြို့၌ ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ် အမျိုးသားနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် ဟိုပုံးမြို့ တောင်ရပ်ကွက် နယ်မြေ(၁) ဟိုပုံး-ဆီဆိုင်ကားလမ်း ရွှေပြည်ဟိန်း ဓာတ်ဆီဆိုင်အနီး၌ ဖေဖော်ဝါရီ ၁၇ ရက်ည ၈ နာရီ မိနစ် ၄၀ က ဆိုင်ကယ်နှစ်စီးတိုက်မိ၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆီဆိုင်မြို့မှ ဟိုပုံးမြို့ဘက်သို့ ဟိုပုံးမြို့ တောင်ရပ်ကွက်နေ ဦးထွန်း(၅၃နှစ်) မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဟိုပုံးမြို့မှ ဆီဆိုင်မြို့ဘက်သို့ ပေါင်းလင်းအုပ်စု လုံးတန်ကျေးရွာနေ တပေ့ါ (၃၆ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်တို့သည် အခင်းဖြစ်နေရာအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိပြီး ဦးထွန်းနှင့် တပေ့ါတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ၎င်းတို့နှစ်ဦးအား ဟိုပုံးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထု အခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၅ ဒသမ ၁၀၃၂ တန်၊ သစ်မာ ၃ ဒသမ ၆၅၅၀ တန်၊ အခြား ၇ ဒသမ ၇၃၈၀ တန်၊ စုစုပေါင်း ၁၆ ဒသမ ၄၉၆၂ တန်၊ ပြစ်မှုကျူးလွန်သူ သုံးဦး၊ ယာဉ်/ယန္တရား ခုနစ်စီး ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း(နေပြည်တော်)



# စဉ့်ကူးမြို့၌ အရက်မူးပြီး အိပ်ပျော်နေသော ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက သတ်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့၌ ဖေဖော်ဝါရီ ၁၇ ရက်က အရက်မူးပြီး အိပ်ပျော်နေသော ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက သတ်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးစိုးဝင်း(၅၆ နှစ်)သည် အရက်သေစာသောက်စားမူးယစ်ကာ ဇနီးဖြစ်သူ ခင်ဆွေတင့်(ခ)ညိုတင်(၅၆ နှစ်)အား ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ မကြာခဏပြုလုပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၆ နာရီခွဲတွင် အရက်မူးပြီး နေအိမ်ရှေ့ရှိ သဲပုံပေါ်တွင် အိပ်ပျော်နေသည့် ဦးစိုးဝင်း၏ လည်ပင်းကို ဇနီးဖြစ်သူက ဓားဖြင့် လှီးသတ်ခဲ့သောကြောင့် ခင်ဆွေတင့်(ခ)ညိုတင်အား စဉ့်ကူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဗြိတိန်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးမျှော်လင့်ချက် နီးကပ်လာသောကြောင့် မကြာမီ ကန့်သတ်မှုများဖြေလျှော့ပေးရန် မျှော်လင့်ချက်များ မြင့်တက်လာ

လန်ဒန် ဖေဖော်ဝါရီ ၁၈

**ဗြိတိန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးမျှော်လင့်ချက် နီးကပ်လာပြီဖြစ်သောကြောင့် မကြာမီကန့်သတ်ထားမှုများ ဖြေလျှော့ပေးမည့် မျှော်လင့်ချက်များ မြင့်တက်လာခဲ့သည်။**

ဒီဇင်ဘာလအစောပိုင်း ကမ္ဘာ့ပထမဆုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးရေးအစီအစဉ် စတင်ကတည်းက ဗြိတိန်နိုင်ငံတွင် လူပေါင်း ၁၄ သန်းကျော်အား ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်က တစ်နေ့လျှင် ပျမ်းမျှလူပေါင်း ၄၁၂၃၂ ဦးအား ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အဓိက ဦးစားပေး လေးအုပ်စုကို ကာကွယ်ဆေးထိုးပေးရန် ကတိပြုထားပြီး ၎င်းတို့ထဲတွင် အသက် ၇၀ ကျော် သက်ကြီးရွယ်အိုများ၊ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သူများနှင့် အဓိကအလုပ်သမားများ ပါဝင်ကြောင်း သိရသည်။

မိမိတို့သည် မိမိတို့၏ ရည်မှန်းချက်များအတိုင်း လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်ပြည့်ဝတော့မည်ဖြစ်ကြောင်း ဂျွန်ဆင်က ပြောကြားလိုက်သည်။ ထို့အပြင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းဆောင်မှုများကိုလည်း ချီးကျူးလိုက်သည်။

သို့သော်လည်း ကာကွယ်ဆေးထိုးမည့် ချိန်းဆိုထားသော လူတစ်သန်းနီးပါး ယခုအချိန်အထိ ကာကွယ်ဆေးလာရောက်မထိုးသေးကြောင်းနှင့် ၎င်းတို့ကို သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း သိရသည်။

၎င်း၏ ကိုယ်ပိုင်ကျန်းမာရေးမူဝါဒကို ထိန်းချုပ်ထားသော ဝေးလ်အစိုးရက ရည်မှန်းချက်ထား လုပ်ဆောင်နေသည့် အဓိကဦးစားပေးအုပ်စုလေးစုကို လွှမ်းခြုံကာကွယ်ဆေးထိုးပေးရေး ရည်မှန်းချက် ရောက်ရှိနေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဗြိတိန်တွင် ၂၀ ဒသမ ၃ ရာခိုင်နှုန်း၊ စကော့တလန်တွင် ၁၉ ဒသမ ၂ ရာခိုင်နှုန်း၊ မြောက်ပိုင်းအိုင်ယာလန်တွင် ၁၈ ဒသမ ၇ ရာခိုင်နှုန်းခန့် ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးပြီး အခြေအနေနှင့် နှိုင်းယှဉ်ကြည့်လျှင် ဝေးလ်ရှိ လူဦးရေ ၂၂ ရာခိုင်နှုန်းနီးပါး ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း စာရင်းဇယားများအရ သိရသည်။

မေလတွင် အသက် ၅၀ ကျော် အရွယ်များအားလုံးနှင့် စက်တင်ဘာလတွင် အရွယ်ရောက်လူဦးရေအားလုံးတို့ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် နောက်ထပ်ခြေလှမ်းတစ်ရပ်အနေဖြင့် ရည်မှန်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဗြိတိန်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ ကပ်ရောဂါကို ကာကွယ်ရန် ပြည်သူလူထုအနေဖြင့် ကာကွယ်ဆေးတစ်ကြိမ်ထိုးခံရန် ပြင်သစ်ကျန်းမာရေးအာဏာပိုင်အဖွဲ့ တိုက်တွန်း

**ပါရီ ဖေဖော်ဝါရီ ၁၈**

ပြင်သစ်နိုင်ငံ၏ ကျန်းမာရေး အာဏာပိုင်အဖွဲ့က ကိုဗစ်- ၁၉ ကပ်ရောဂါကို ကာကွယ်ရန် ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို တစ်ကြိမ်ထိုးနှံခံရန် အကြံပြု ပြောကြားထားကြောင်း သိရသည်။

ကျန်းမာရေး အာဏာပိုင်အဖွဲ့သို့မဟုတ် အိတ်ချ်အေအက်စ်က ကာကွယ်ဆေးတုံ့ပြန်မှုကို တစ်ဦးချင်းအား လေ့လာဆန်းစစ်မှုအရ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံနိုင်လျှင်ပင် ကိုဗစ်- ၁၉ ကို အတော်လေးထိရောက်စွာကာကွယ်နိုင်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားခြင်းက ကာကွယ်ဆေး ထပ်မံထိုးရန် လိုသေးကြောင်း၊ သတိပေးရာတွင် အရေးကြီးသော အခန်းက ပါဝင်နေကြောင်း ကျန်းမာရေးဆိုင်ရာ လွတ်လပ်သောအဖွဲ့က ထင်မြင်ချက် ပေးပို့ဖော်ပြသော အစီရင်ခံစာတွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂတွင် ဖိုက်ဇာ၊ မော်ဒါနာနှင့် အက်စ်ထရာဇနီကာ ကိုဗစ်- ၁၉ ကာကွယ်ဆေးသုံးမျိုးကို အသုံးပြုရန် ခွင့်ပြုထားကြောင်း သိရသည်။ ယင်းဆေးများကို သီတင်းပတ် အနည်းငယ်ခွာပြီး နှစ်ကြိမ် ထိုးနှံပေးရန် ဖြစ်သည်။

နှစ်ကြိမ်ထိုးနှံခြင်းက ကိုဗစ်-၁၉ ကို အပြည့်အဝ ခုခံကာကွယ်နိုင်သည့် ကိုယ်ခန္ဓာခုခံစွမ်းအားကို မြှင့်တင်ပေးသည့် တစ်ခုတည်းသော နည်းလမ်းတစ်ခု ဖြစ်ကြောင်း လေ့လာမှုများအရ သိရသည်။

ပြင်သစ်နိုင်ငံသည် ၎င်း၏ ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအစဉ် နှောင့်နှေးနေခြင်းနှင့် ပတ်သက်ပြီး ပူပန်ရလျက်ရှိသည်။ ဝန်ကြီးချုပ် ဂျန်ကက်စ်တက်က ကိုဗစ်-၁၉ ကာကွယ်ဆေးကို လျင်လျင်မြန်မြန် ထိုးပေးနိုင်မည်ဟု ပြောကြားခဲ့သည်။

ပြင်သစ် အာဏာပိုင်များက လွန်ခဲ့သောသီတင်းပတ်က လူဦးရေ ၂ ဒသမ ၁ သန်းကို ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပေးခဲ့ကြောင်း ပြောကြားခဲ့ပြီး ၎င်းတို့အနက် ၅၃၅၀၀၀ မှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံထားသူများ ဖြစ်ကြသည်။

**အေအက်ဖ်ပီ**

## အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံရေး မျှော်မှန်းချက်ကို ပြည့်မီအောင် လုပ်ဆောင်ရမည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၈**

အိန္ဒိယနိုင်ငံသည် ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ပေးအပ်ရခြင်းနှင့် ရောင်းချရခြင်းတို့အတွက် နှစ်သက်ဝမ်းမြောက်ရသော်လည်း ပြည်တွင်းတွင် ကာကွယ်ဆေး ထိုးနှံရေး မျှော်မှန်းချက်ကို ပြည့်မီအောင်လုပ်ဆောင်ရဦးမည်ဖြစ်သည်။

အမေရိကန် ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ကူးစက်မှုတွင် ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း သတင်းဖော်ပြချက်များနှင့်အတူ အိန္ဒိယနိုင်ငံသည် ၎င်း၏ လူဦးရေ ငါးပုံတစ်ပုံ သန်း ၃၀၀ ခန့်ကို ဩဂုတ်မတိုင်မီ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးလိုကြောင်း သိရသည်။

သို့သော်လည်း သီတင်းပတ်လေးပတ်အတွင်း ရှေ့တန်းကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး ထိုးနှံပေးရာတွင် ၇ ဒသမ ၅ သန်းသာ ထိုးနှံပေးနိုင်ခဲ့သည်။ အဆိုပါနှုန်းဖြင့် ဆက်သွားမည်ဆိုပါက ရည်မှန်းထားသော မျှော်မှန်းချက်ရောက်ရှိရန် နှစ်အတော်ကြာ အချိန်ယူရဦးမည်ဖြစ်သည်။

ကာကွယ်ဆေး ထိုးနှံရေးအစီအစဉ်များသည် ပုံမှန်အားဖြင့် နှေးကွေးလျက်ရှိသောကြောင့် ယခုလက်ရှိနှုန်းထက် လေးငါးဆလောက် ပိုလုပ်မှသာ ရည်မှန်းချက်ထားသောနှုန်းသို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ဗယ်လောရှိ ခရစ်ယာန်ဆေးဘက်ဆိုင်ရာကောလိပ်မှ အဏုဇီဝပါမောက္ခ ဂါဂန်ဒီကန့်က ပြောကြားလိုက်သည်။

အစိုးရသည် လာမည့်လတွင် ကာကွယ်ဆေးထိုးနှံရေးများကို အရှိန်မြှင့်တင် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

အစိုးရအွန်လိုင်းကာကွယ်ဆေး ထိုးနှံပေးရေးအဖွဲ့က တစ်နေ့လျှင် ကာကွယ်ဆေး ၁၀ သန်းခန့် နောက်ပိုင်းတွင် ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးက အိန္ဒိယနိုင်ငံသည် ကာကွယ်ဆေးကို ခုနစ်သန်း ထိုးနှံပေးပြီး အမြန်ဆုံး စံချိန်တင်ခဲ့သော်လည်း နိုင်ငံတွင်းရှိ လူဦးရေမှာ တခြားနိုင်ငံများထက် များပြားကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**




ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးရေး နှိုးဆော်ပန်ကြားလွှာအနီးတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ပြီး ဖုန်းပြောနေသူ တစ်ဦးကို တွေ့ရစဉ်။

## ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုကို စတင်လုပ်ဆောင်

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၈**

ကိုလံဘီယာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို အထူးကြပ်မတ်ကုသဆောင်တွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော သူနာပြုတစ်ဦးကို အစပျိုးထိုးနှံပေးခြင်းဖြင့် စတင်လိုက်ကြောင်း သိရသည်။

ကိုလံဘီယာသမ္မတ အီဗန်ဒူ၊ ဒုတိယသမ္မတ မာတာလူစီယာမီရက်ဇ်နှင့် ကျန်းမာရေးနှင့် လူမှုရေးကာကွယ်ရေးဝန်ကြီး ဖာနန်ဒိုရုဇ်တို့သည်လည်း ဖိုက်ဇာ-ဘိုင်ရွန်တက်ခ်ကာကွယ်ဆေးပထမအကြိမ် ထိုးနှံခံရန် လျှောက်လွှာလက်ဝယ်ရရှိပြီးဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို တိုက်ထုတ်ရာတွင် ယနေ့သည် သင်ခန်းစာသစ်ကို ဖွင့်လှစ်လိုက်သည့်နေ့ဖြစ်ကြောင်း သမ္မတက ပြောကြားလိုက်သည်။

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုတွင် ပထမဦးစားပေးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၈၀ ကျော်အရွယ်များဖြစ်ကြသည်။ လာမည့်စနေနေ့တွင် တရုတ်ဆေးကုမ္ပဏီမှထုတ်လုပ်သော ဆီနိုဖမ်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ကိုလံဘီယာနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သမ္မတက ပြောကြားလိုက်သည်။

ကိုလံဘီယာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၂၀၂၅၉၈ ဦးရှိပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၇၉၄၉ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက စာရင်းထုတ်ပြန်ဖော်ပြထားသည်။

ဆင်ဟွာ

# ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေ ထုတ်လုပ်နေသော်လည်း လူသားအားလုံးနီးပါး ကာကွယ်ဆေးမထိုးပေးနိုင်သမျှ ကိုဗစ်- ၁၉ ဆက်လက်တည်ရှိနေဦးမှာပါ

• • • • ငွေသော်တာ • • • •

**ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်မှုတွေဟာ လွန်ခဲ့တဲ့လက ထက်ဝက်နီးပါးနေးကွေးကျဆင်းလာသလို ကိုဗစ်- ၁၉ ကာကွယ်ဆေးထုတ်လုပ်မှုတွေဟာလည်း ကမ္ဘာကြီးရဲ့အစိတ်အပိုင်း အတော်များများမှာ သွက်သွက်လက်လက်နဲ့ ထုတ်လုပ်လာတာကို တွေ့မြင်နေရပါတယ်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကိုလည်း လျှော့တွက်လို့မရသလို အဲဒီကပ်ရောဂါဟာ အတိုင်းအဆမရှိ ကြာမြင့်နိုင်ပါတယ်လို့ ကုလသမဂ္ဂရောဂါထိန်းချုပ်ရေးအေဂျင်စီရဲ့ ခေါင်းဆောင်လုပ်သူက ပြောကြားလိုက်ပါတယ်။**

### ကိုဗစ်- ၁၉ ဆိုင်ရာ ခုခံကာကွယ်မှုတွေကို လက်မလွှတ်နဲ့ဦး

ကုလသမဂ္ဂ ရောဂါထိန်းချုပ်ရေးအေဂျင်စီရဲ့ ခေါင်းဆောင်ဖြစ်သူ အန်ဒရီယာအမ်မွန်က ဥရောပနိုင်ငံတွေကို ကိုဗစ်- ၁၉ ဆိုင်ရာ ခုခံကာကွယ်မှုတွေကို လက်မလွှတ်လိုက်နဲ့ဦးလို့ ပြောကြားလိုက်သလို အဲဒီ ကိုဗစ်- ၁၉ ဟာ လူသားတွေနဲ့ လိုက်လျောညီထွေနေနိုင်တယ်လို့လည်း သတိပေး ပြောကြားလိုက်ပါတယ်။ အလားတူပဲ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေကိုလည်း ပြောင်းလဲဖြစ်ပေါ်လာတဲ့ ကိုဗစ်- ၁၉ မျိုးစိတ်တွေကို နှိမ်နင်းနိုင်အောင် အချိန်တိုင်း ချိန်ညှိထုတ်လုပ်ဖို့ လိုတယ်လို့ သူက ပြောကြားလိုက်ပါတယ်။

မိမိတို့လူသားတွေနဲ့ အတူတကွကျန်ခဲ့မယ့် ကိုဗစ်- ၁၉ အတွက် မိမိတို့ဟာ အကောင်းဆုံး ခုခံကာကွယ်မှုတွေ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ကိုဗစ်- ၁၉ မျိုးစိတ်တွေဟာ တစ်နေရာနဲ့တစ်နေရာ မတူဘဲ အသွင်အမျိုးမျိုး ပြောင်းလဲနိုင်သလို သူတို့ကို ကာကွယ်နိုင်မယ့် ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေကိုလည်း ကျွမ်းကျင်သူတွေက အစဉ်မပြတ် ကြံဆထုတ်လုပ်နေတာကို ကမ္ဘာသူကမ္ဘာသားတွေအနေနဲ့အသိပဲ ဖြစ်ပါတယ်။

### ကမ္ဘာကြီးတစ်ခုလုံးကို ရိုက်ခတ်

လွန်ခဲ့တဲ့တစ်နှစ်ကျော်က တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်လာတဲ့ ကိုဗစ်- ၁၉ လှိုင်းဂယက်ဟာ ကမ္ဘာကြီးတစ်ခုလုံးကို ရိုက်ခတ်သွားပါတယ်။ အချိန်ကာလ တဖြည်းဖြည်း ကြာညောင်းလာတာနဲ့ တစ်ပြိုင်နက် ကာကွယ်ဆေးတွေလည်း အလျှိုလျှိုပေါ်ထွက်လာကြပါတယ်။ အခုဆိုရင် ကမ္ဘာမှာ လက်ရှိအသုံးပြုထိုးနှံပေးနေတဲ့ ကာကွယ်ဆေးအမျိုးပေါင်းဟာ ခုနစ်မျိုးထက်မနည်း ရှိနေပြီး ကမ္ဘာ့လူဦးရေရဲ့ တစ်ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးပြီလို့ သိရပါတယ်။ အေအက်ဖ်ပီရဲ့ စာရင်းဇယားတွေအရ လွန်ခဲ့တဲ့လက ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုဟာ ၄၄ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ကူးစက်မှုထက်ဝက်နီးပါး ကျဆင်းခဲ့ပါတယ်။

ကမ္ဘာပေါ်မှာ လူပေါင်း ၁၀၇ သန်းလောက် ကိုဗစ်- ၁၉ ကူးစက်ခံနေရပြီး ၂ ဒသမ ၄ သန်းနီးပါး ကိုဗစ်- ၁၉ ကြောင့် သေဆုံးခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံအားလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးကို လျင်လျင်မြန်မြန်နဲ့ သာတူညီမျှ မထိုးပေးနိုင်သေးဘူးဆိုရင် ဒီကိုဗစ်- ၁၉ ကပ်ရောဂါဟာ အဆုံးသတ်မှာ မဟုတ်ဘူးလို့ ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများက သတိပေး ပြောကြားလိုက်ပါတယ်။

### ချမ်းသာတဲ့နိုင်ငံတွေမှာ တောင်ပုံယာပုံဖြစ်နေ

လန်းဆက်ဂျာနယ်မှာ ပုံနှိပ်ဖော်ပြခဲ့တဲ့ အိတ်ဖွင့်ပေးစာတစ်စောင်မှာ စာရေးသူတွေက ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေဟာ ချမ်းသာတဲ့ နိုင်ငံတွေမှာ တောင်ပုံယာပုံဖြစ်နေပြီလို့ ရေးသားဖော်ပြခဲ့ကြပါတယ်။ ကမ္ဘာ့အဆင့် ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်ဖို့ဆိုရင် နှစ်ပေါင်းအတော်ကြာ အချိန်ယူရဦးမှာ ဖြစ်ပါတယ်။

လတ်တလောမှာ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထောက်ပံ့ပေးနိုင်မှုကို လျင်လျင်မြန်မြန် မြှင့်တင်နိုင်ဖို့အတွက် မော်ဒါနာကိုဗစ်- ၁၉ ကာကွယ်ဆေး ထုတ်လုပ်သူတွေဟာ ကမ္ဘာတစ်ဝန်းလုံးမှာ သူ့ဆေးကို အတည်ပြုပေးဖို့ နည်းလမ်းတွေ ရှာဖွေခဲ့ပါတယ်။

### ကိုဗစ်- ၁၉ ကူးစက်မှုတွေကျဆင်း

ဗြိတိန်နိုင်ငံမှာ ကိုဗစ်- ၁၉ ကူးစက်မှုတွေဟာ ကျဆင်းလာပြီး ကာကွယ်ဆေးထိုးနှံမှုတွေဟာ ပိုမိုအင်တိုက်အားတိုက် လုပ်ဆောင်လာတဲ့အတွက် နေအိမ်အတွင်း နေထိုင်ရမယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မတ်လအစောပိုင်းမှာ ဖယ်ရှားပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ဗြိတိန်မှာ ပထမဆုံး တွေ့ရှိခဲ့တဲ့ အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ပိုမိုကူးစက်ပျံ့နှံ့နိုင်ခြေကို တားဆီးဖို့အတွက် ဇန်နဝါရီလအစောပိုင်းမှာ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေကို ပြန်လည်ချမှတ်ခဲ့ပါတယ်။



ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

> “ကမ္ဘာပေါ်မှာ လူပေါင်း ၁၀၇ သန်းလောက် ကိုဗစ်- ၁၉ ကူးစက်ခံနေရပြီး ၂ ဒသမ ၄ သန်းနီးပါး ကိုဗစ်- ၁၉ ကြောင့် သေဆုံးခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံအားလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးကို လျင်လျင်မြန်မြန်နဲ့ သာတူညီမျှ မထိုးပေးနိုင်သေးဘူးဆိုရင် ဒီကိုဗစ်- ၁၉ ကပ်ရောဂါဟာ အဆုံးသတ်မှာ မဟုတ်ဘူးလို့ ကိုဗစ်- ၁၉ ကပ်ရောဂါဆိုင်ရာ ကျွမ်းကျင်သူများက သတိပေး”

ဗြိတိန်အစိုးရက ကိုဗစ်- ၁၉ အရေး သတိထားရမယ်လို့ သတိပေးပြောကြားထားသလို တခြား အီတလီ၊ ပေါ်တူဂီနဲ့ ဩစတြေးလျနိုင်ငံတွေမှာ ပေါ့ဆမသွားကြပါဘူး။

ဩစတြေးလျမှာ မဲလ်ဘုန်းနဲ့ အနီးဝန်းကျင်မှာရှိတဲ့ ပြည်သူခြောက်သန်းကျော်ဟာ ငါးရက်တာ ကိုဗစ်- ၁၉ ဆိုင်ရာ အသွားအလာ ကန့်သတ်ပိတ်ဆို့မှုအောက်မှာ နေခဲ့ရပါတယ်။ ဒါဟာ ကြမ်းတမ်းလွန်းလှပါတယ်။ လူတိုင်းအတွက် ရက်အနည်းငယ်လောက်အထိ ဒီလို ကြမ်းတမ်းမှုတွေ တွေ့ရဦးမှာပါလို့ တင်းနစ်အကျော်အမော် ဆီရီနာဝီလီယံက ပြောကြားလိုက်ပါတယ်။

### ကန့်သတ်နေထိုင်ရမယ်

ကိုဗစ်- ၁၉ ကန့်သတ်ပိတ်ဆို့မှုတွေအောက်မှာ အားကစားပြိုင်ပွဲတွေကို ကျင်းပပြုလုပ်နေချိန်မှာ ပွဲကြည့်ပရိသတ်တွေကို ဝင်ရောက်ကြည့်ရှုဖို့ ခွင့်မပြုထားသေးပါဘူး။ အလားတူပဲ အားကစားသမားတွေဟာလည်း သူတို့ကိုယ်သူတို့ ကိုဗစ်- ၁၉ ကူးစက်မှုမှ ကာကွယ်ပေးနိုင်တဲ့ လေဘောလုံးထဲမှာ ကန့်သတ်နေထိုင်နေရတာ ဖြစ်ပါတယ်။

ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ အားကစား၊ ဖျော်ဖြေမှု၊ စီးပွားရေးပေါ်မှာ သက်ရောက်တဲ့ ဆုံးရှုံးမှုကတော့ ကြီးမားလှပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ နှောင့်နှေးနေခဲ့တဲ့ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲတွေကို ဇူလိုင်လမှာ ပြန်လည်ဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်။ သို့သော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ ထင်မြင်ချက်အရကတော့ အိုလံပစ်အားကစားပြိုင်ပွဲကြီးကို ကျင်းပတာထက်စာရင် မကျင်းပတာကို ပိုပြီး ဘေးအန္တရာယ်ကင်းမယ်လို့ ယူဆထားကြပါတယ်။

### တိုက်တွန်းပြောကြား

သို့သော်လည်း အိုလံပစ်အားကစားပြိုင်ပွဲ စီစဉ်ကျင်းပသူတွေကတော့ ဒီနှစ်နွေရာသီမှာ အားကစားပြိုင်ပွဲကြီးကို ကျင်းပမှာလားဆိုတဲ့ အများပြည်သူတွေရဲ့ သို့လောသို့လော ဖြစ်နေမှုကို ဖြေရှင်းပေးနိုင်ဖို့ ကြိုးစားရုန်းကန်နေကြရပါတယ်။

ဥရောပကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်က ကိုဗစ်- ၁၉ ကြောင့် ကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခြေအနေအရပ်ရပ်ကို ကုစားဖို့ အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀၀ ရှိတဲ့ အစီအစဉ်တစ်ခုကို အတည်ပြု လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အီးယူ ၂၇ နိုင်ငံကို တိုက်တွန်းပြောကြားခဲ့ပါတယ်။

### ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှု

ဗြိတိန်ရဲ့ စီးပွားရေးဟာ ၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ဘဏ္ဍာရေးဝန်ကြီး ရီရှိဆူနက်ခ်ကတော့ အခုလိုမျိုး ကိုဗစ်- ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးသက်ရောက်မှုကတော့ ကြီးမားတယ်လို့ ဝန်ခံပြောကြားခဲ့ပြီး စီးပွားရေးနာလန်ပြန်မထူခင်မှာ အဆိုးဆုံးအထိ ဖြစ်လာနိုင်မှုကိုလည်း ကြိုတင်မျှော်မှန်းထားရမယ်လို့ ပြောကြားခဲ့ပါတယ်။

ဟန်ဂေရီနိုင်ငံဟာ ရုရှားကိုဗစ်- ၁၉ ကာကွယ်ဆေး စပွတ်နစ်ဗွီကို အသုံးပြုခဲ့တဲ့ ပထမဆုံး အီးယူနိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ အလားတူ တရုတ်နိုင်ငံထုတ် ကိုဗစ်- ၁၉ ကာကွယ်ဆေးဖြစ်တဲ့ ဆီနိုဖမ်းကာကွယ်ဆေးကို ဝယ်ယူအသုံးပြုခွင့်ပေးခဲ့တဲ့ ပထမဆုံး ဥရောပသမဂ္ဂနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ဟန်ဂေရီနိုင်ငံမှာ အသုံးပြုခွင့်ပြုပေးခဲ့တဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးဟာ ငါးမျိုးလောက်ရှိပါတယ်။

### အစွမ်းထက်ထိရောက်မှုရှိ

အနောက်နိုင်ငံတွေရဲ့ ကာကွယ်ဆေးထုတ်လုပ်သူတွေ မတိုင်ခင် ရုရှားနိုင်ငံဟာ စပွတ်နစ်ဗွီ ကာကွယ်ဆေးကို ဩဂုတ်လက မှတ်ပုံတင်ခဲ့တာ ဖြစ်ပါတယ်။ ဘယ်လိုပဲဆိုစေကာမူ လန်းဆက်ဆေးပညာဂျာနယ်ရဲ့ ဖော်ပြချက်အရတော့ ရုရှားကိုဗစ်- ၁၉ ကာကွယ်ဆေးဟာ ကိုဗစ်- ၁၉ ကပ်ရောဂါကို ကာကွယ်တဲ့နေရာမှာ ၉၁ ဒသမ ၆ ရာခိုင်နှုန်းအထိ အစွမ်းထက် ထိရောက်မှုရှိတယ်လို့ ဖော်ပြခဲ့ပါတယ်။

အီးယူမှာ ကာကွယ်ဆေး ဖြန့်ဝေဖို့ မလုံမလောက်ဖြစ်နေတဲ့အချိန်မှာ တချို့အီးယူနိုင်ငံ့ခေါင်းဆောင်တွေဟာ စပွတ်နစ်ဗွီကာကွယ်ဆေးကို ဖြန့်ဝေဖို့ လိုလိုလားလားရှိကြပုံပေါ်ပါတယ်။

### အတည်ပြုပေးဖို့ ဆွေးနွေး

ဥရောပဆေးအေဂျင်စီက လတ်တလောမှာ အမေရိကန်နဲ့ ဂျာမနီဆေးကုမ္ပဏီ ဖိုက်ဇာ- ဘိုင်ရွန်တက်ခ်တို့ ပူးတွဲထုတ်လုပ်ထားတဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေးနဲ့ အမေရိကန်ဆေးကုမ္ပဏီ မော်ဒါနာနဲ့ ဗြိတိန်- ဆွီဒင်ဆေးကုမ္ပဏီ အက်စ်ထရာဇနီကာတို့က ထုတ်လုပ်တဲ့ ကာကွယ်ဆေးတွေကို အတည်ပြုပေးထားပါတယ်။

ဥရောပ ဆေးအေဂျင်စီက နောက်ထပ်ဂျာမနီဆေးထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်တဲ့ ကူးဝါးဗက် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို အတည်ပြုပေးဖို့ သုံးသပ်ဆွေးနွေးနေပါတယ်။

### ကိုဗစ်- ၁၉ကို ကာကွယ်ဖို့ အစီအစဉ်အသေးစိတ်ဖော်ပြ

ကမ္ဘာ့ ကိုဗစ်- ၁၉ ကပ်ရောဂါကို အဆိုးဆုံးခံစားခဲ့ရသလို နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၄၈၀၀၀၀ ရှိလာတဲ့ အမေရိကန်ပြည်ထောင်စုမှာတော့ ကျန်းမာရေးအာဏာပိုင်တွေဟာ ကျောင်းတွေကို ဘေးအန္တရာယ်ကင်းကင်းနဲ့ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အလားတူပဲ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးကာကွယ်ဖို့ အစီအစဉ်အသေးစိတ်ကိုလည်း ဖော်ပြခဲ့ပါတယ်။

အဲဒီ အစီအစဉ်တွေမှာတော့ နှာခေါင်းစည်းဝတ်ဆင်ရေး၊ လက်ဆေးရေး၊ ပိုးသတ်ရေး၊ ခြေရာခံရေးတို့ ပါဝင်ပါတယ်။ ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးဖို့ အကြံပြုထောက်ခံနေစဉ်မှာ ဆရာသမဂ္ဂမှာ သဘောထားကွဲလွဲမှုတချို့လည်း ထွက်ပေါ်လာပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ ဇူလိုင်လကုန်မှာ အမေရိကန်နိုင်ငံသားအားလုံးကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ရည်မှန်းချက်နဲ့အညီ ကာကွယ်ဆေး အမြောက်အမြား ထိုးနှံမှုတွေကို လုပ်ဆောင်နေကြပြီ ဖြစ်ပါတယ်။

### လွှမ်းခြုံကာကွယ်ဆေး မထိုးပေးနိုင်ရင်

ကိုဗစ်- ၁၉ ကြောင့် ထိခိုက်ခဲ့ရတဲ့ ဘရာဇီးနိုင်ငံရဲ့ ကာကွယ်ဆေးထိုးရေး ကြိုးစားမှုမှာတော့ အဓိကနေရာတွေမှာ ကာကွယ်ဆေးမလုံလောက်မှုတွေနဲ့ အဆင်မပြေဖြစ်နေပါတယ်။

သို့သော်လည်း ဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုကကနေဒါနိုင်ငံရဲ့ ကိုဗစ်- ၁၉ ကာကွယ်ဆေး ဖြန့်ချိမှုဟာ မကြာခင် မတ်လလောက်မှာ လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာမယ်လို့လည်း ပြောကြားလိုက်ပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကမ္ဘာတစ်ဝန်းလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေးကို လွှမ်းခြုံမထိုးနိုင်သေးခင်မှာ ကိုဗစ်- ၁၉ ကတော့ ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင် ဆင်ခြင် မြော်မြင် ကာကွယ်နိုင်ကြဖို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားမှုများကို ဖော်ပြလိုက်ပါသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း ပထမဦးဆုံးလုပ်သည့် သတင်းစာရှင်းလင်းပွဲ ဖြစ်သည့်အတွက် မေးခွန်းတော်တော်များများ ပါလာကြောင်း၊ အရင်သတင်းစာရှင်းလင်းပွဲနှင့် စာရင် လာသည့်သတင်းထောက် နည်းပါးသည့်အတွက် မေးခွန်းအားလုံးမေးမြန်းခွင့်ပြုပါလို့ ကျွန်မ ဗိုလ်ချုပ်ကို အရင်ဆုံး မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မေးခွန်းသုံးခု အရင်မေးမြန်းပြီးမှ ပြန်ပြောလို့ရရင် ပြန်ပြောပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ပထမဦးဆုံး မေးခွန်းကတော့ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့် အပါအဝင် အစိုးရထိပ်တန်းခေါင်းဆောင်တွေကို အခုလောလောဆယ် ဖမ်းဆီးထားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်ကို သွင်းကုန်ထုတ်ကုန်ပုဒ်မ၊ သဘာဝဘေးအန္တရာယ်ပုဒ်မတွေဖြင့် တရားစွဲဆိုထားကြောင်း၊ ဒါဟာ နိုင်ငံရေး ရည်ရွယ်ချက်ရှိရှိနဲ့ တရားစွဲထောင်ချဖို့လုပ်နေတာဖြစ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းက မှတ်ယူထားကြောင်း၊ တပ်မတော်က တရားဥပဒေကို လက်လွတ်စပယ်ကျင့်သုံးတာလို့ စွပ်စွဲထားကြောင်း၊ ဒါနဲ့ပတ်သက်လို့ တပ်မတော်ဘက်က မည်သို့ပြောလိုသည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် အဓိကကတော့ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ခြင်းမရှိသည့် ဥပဒေအတိုင်းပဲ မိမိတို့ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးဖြစ်စဉ်များကို ဆောင်ရွက်သည့်အခါမှာ ဥပဒေအရ ဆောင်ရွက်ရသည့်လုပ်ငန်းတွေရှိကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေထက်ကျော်လွန်ပြီး မည်သည့်အရာကိုမှ ဆောင်ရွက်မှာ မဟုတ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဆက်လက်မေးမြန်းရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ အရ သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးကို အကြောင်းတစ်ခုခုနဲ့ စွပ်စွဲအပြစ်တင်မည်ဆိုလျှင် လွှတ်တော်တစ်ခုခုရဲ့ ကိုယ်စားလှယ်အနည်းဆုံး လေးပုံတစ်ပုံ လက်မှတ်ရေးထိုး တင်ပြပြီးတော့ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမှ ဆက်လက်အရေးယူလို့ရကြောင်း၊ ပြီးရင် ဒီပုဒ်မ ၇၁ ပုဒ်မခွဲ (ဃ) (င) (စ)တို့နဲ့အညီ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ပြီးရင် တစ်ဖက်က ဖမ်းဆီးခံထားရတဲ့လူတွေဘက်ကလည်း ခုခံချေပခွင့်ရရမည်ဖြစ်ကြောင်း၊ ပြီးမှ ကိုယ်စားလှယ် သုံးပုံနှစ်ပုံက သဘောတူမှ ရာထူးကနေ ရပ်စဲလို့ရကြောင်း၊ လောလောဆယ် သမ္မတ ဦးဝင်းမြင့်ကို ရာထူးကရပ်စဲတာသည် ဖွဲ့စည်းပုံနှင့်မညီဘူးလို့ အားလုံးက ထောက်ပြဝေဖန်နေတာဖြစ်ကြောင်း၊ ဒီအချက်အပေါ်မှာရော တပ်မတော်က ဘယ်လိုများ ရှင်းပြမည်လဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် အခြေခံဥပဒေနှင့် ပတ်သက်၍ လေ့လာသည့်အခါမှာ မိမိခဏခဏပြောကြောင်း၊ ဒါက ထုတ်နုတ်ထားတာဖြစ်ကြောင်း၊ အခြေခံဥပဒေတစ်ခုလုံးကို မိမိတို့ ခြုံငုံလေ့လာဖို့ ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသည့်အခါမှာ ပုဒ်မ ၇၁ ဆိုတဲ့အပိုင်းသည် စွပ်စွဲအပြစ်တင်ပြောဆိုသည့်အပိုင်းဖြစ်ကြောင်း၊ ဒီအပေါ်မှာ ဒါနှင့်ပတ်သက်သည့် ဒီထက်ရှေ့မှာ ပြဋ္ဌာန်းထားသည့် ဥပဒေများလည်းရှိသည်ကို ပြောလိုကြောင်း၊ ဥပမာ-ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ ကို မိမိပြောလိုပါကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းတွေ့ရှိလျှင်ဆိုသည့် ပြဋ္ဌာန်းချက်ကို ပထမဆုံးပြောလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)မှာပါသည့် ပုဒ်မ ၄၀(ဂ) နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းတို့ကြောင့် ပြည်ထောင်စုပြိုကွဲစေမည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ် အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားတာရှိကြောင်း၊ ပုဒ်မ ၇၃(က)ကိုလည်း လေ့လာနိုင်ပါကြောင်း၊ ဒီဟာသည် အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များမှာ ပါသည်များကို အားလုံးခြုံငုံပြီး လေ့လာကြောင်း၊ မိမိတို့ ပုဒ်မ ၁ ကနေ ပုဒ်မ ၄၈ မှာရှိသည့် ပထမဦးဆုံး နိုင်ငံတော်၏ အခြေခံမူတွေကိုလေ့လာပြီး နှိုင်းယှဉ်ရင် တွေ့နိုင်သည်ဟု ပြောလိုပါကြောင်း၊ ဒါနှင့်ပတ်သက်လို့ မိမိပြောလိုသည်မှာ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ရယူပြီးသည့်အချိန်မှာ ထုတ်ပြန်ချက်များရှိကြောင်း၊ ဒီထုတ်ပြန်ချက်၊ ပြောဆိုချက်များသည် ဥပဒေနှင့်ညီ မညီ ဆိုတာကို အသေးစိတ်ကြည့်ရှုနိုင်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်**က ဒီရက်ပိုင်းမှာ တပ်မတော်ကို ဆန့်ကျင်ပြောဆိုသူတွေကို ထောင်ဒဏ်အနှစ် ၂၀ အထိ အပြစ်ပေးဖို့ လွှတ်တော်ရဲ့သဘောတူညီချက်မပါဘဲနဲ့ ဥပဒေကိုပြင်ဆင်လိုက်တာကို မိမိတို့တွေ့ရကြောင်း၊ ဒါပေမဲ့ တစ်ဖက်မှာတော့ ရဲနှင့်တပ်မတော်ဘက်က လက်နက်မပါဘဲ ဆန္ဒပြနေသူများကို အင်အားအလွန်အကျွံသုံးပြီး ဖမ်းဆီးနှိမ်နင်းတာတွေကို မိမိတို့ တွေ့ရကြောင်း၊ နောက်ဖမ်းထားပြီးမပြေးနိုင်တဲ့ ဆန္ဒပြသူတွေကို တောင် အလွန်အကျွံ ရိုက်နှက်တာတွေကိုလည်းတွေ့ရကြောင်း၊ ခုန ဗိုလ်ချုပ်တို့ပြောသွားတာက ဗိုလ်ချုပ်တို့ဘက် အနေအထားဖြစ်ကြောင်း၊ မိမိတို့ လွတ်လပ်တဲ့ မီဒီယာတွေက ရိုက်ထားသည့် ဒီလို အလွန်အကျွံရိုက်ပြီး အင်အားသုံးသည့် မှတ်တမ်းတွေရှိကြောင်း၊ မြေပြင်မှာ တကယ့်လက်နက်မပါဘဲ ဆန္ဒပြသည့်သူတွေကို အင်အားအလွန်အကျွံသုံးပြီးတော့ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့က ပြင်းပြင်းထန်ထန် ဒီလိုပြုမူဆောင်ရွက်နေတာတွေအပေါ်မှာ ဥပဒေအရ ဘယ်လိုအရေးယူမှာလဲ၊ ဒီမိုကရေစီလို့ပြောတယ်ဆိုရင် ဒီလိုငြိမ်းချမ်းစွာ ထုတ်ဖော်ပြောဆိုခွင့်ရှိကြောင်း၊ ထုတ်ဖော်ပြသခွင့်ရှိကြောင်း၊ ဒါတွေကို အင်အားအလွန်အကျွံမသုံးဖို့ တပ်မတော်ဘက်က ဘယ်လောက်ထိ အာမခံချက်ပေးနိုင်ပါသလဲ ဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဓိကတော့ နိုင်ငံသူနိုင်ငံသားများ အခွင့်အရေး ဆိုတာရှိကြောင်း၊ နိုင်ငံသူနိုင်ငံသားများ၏ အခွင့်အရေးသည် နိုင်ငံသူနိုင်ငံသားများရရှိရမည့်အခွင့်အရေးဖြစ်ကြောင်း၊ မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ကနေစပြီးတော့ ပြဋ္ဌာန်းထားတာရှိကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ အခွင့်အရေးကို ဆောင်ရွက်သည့်အခါမှာ သူတစ်ပါးအခွင့်အရေးကိုလည်း လေးစားရမှာဖြစ်ကြောင်း၊ သူတစ်ပါး၏ရပိုင်ခွင့်ကိုလည်း လေးစားရမှာဖြစ်ကြောင်း၊ နောက်တစ်ခုက နိုင်ငံတော်၏ ဥပဒေတွေနှင့် ပတ်သက်လို့ပြောရရင် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ မိမိတို့ကန့်သတ်နေသည့်ဥပဒေများ၊ ထုတ်ပြန်လိုက်သည့် ဥပဒေများသည် နံပါတ်တစ် ရည်ရွယ်ချက်က နိုင်ငံတော်၏ လုံခြုံရေးနှင့် ပြည်သူများ၏ လုံခြုံရေးတိုးမြှင့်ရရှိစေဖို့အတွက် ရည်ရွယ်တာဖြစ်ကြောင်း၊ ပုဒ်မ ၄၂၀ အရ အရေးပေါ် အခြေအနေကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသမှာ နိုင်ငံသားတို့၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်ဖြစ်၊ အခွင့်အရေးတစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလိုကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်ဆိုတာပါကြောင်း၊ မိမိတို့အနေဖြင့် အားလုံးကို ရပ်ဆိုင်းထားတာမရှိကြောင်း၊ အားလုံးကို ကန့်သတ်ထားတာမရှိကြောင်း၊ လိုအပ်ရင်လိုအပ်သလောက်သာ ဆောင်ရွက်နေတာ ဖြစ်ကြောင်း၊ ခုနကပြောသည့် မီဒီယာအနေဖြင့်ပြောသည်များကို မိမိတို့ တွေ့ရကြောင်း၊ ဒီလိုဆောင်ရွက်သည့်အချိန်မှာ အဓိကရုဏ်းတွေ၊ ဆန္ဒပြမှုတွေကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးဆောင်ရွက်သည့်အခါမှာ မြန်မာနိုင်ငံ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ စည်းမျဉ်းစည်းကမ်းအတိုင်း စတင်ဆောင်ရွက်တာဖြစ်ကြောင်း၊ ခုနက ပြသသည့် သပြေကုန်းလိုဖြစ်စဉ်မျိုး ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စတင်ပြီးတော့မှ ပစ်ပေါက်တာတွေ၊ စတင်ပြီးတော့မှ ဆဲဆိုတာတွေက စတင်ခဲ့တာဖြစ်ကြောင်း၊ မိမိအနေဖြင့် အာမခံနိုင်တာ တစ်ခုကတော့ ဒီဆန္ဒပြသူတွေကို ဆောင်ရွက်သည့်အခါမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သူတို့၏ စည်းမျဉ်းစည်းကမ်းတွေအတိုင်း စတင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စတင်ပြီးတော့ ပစ်ခတ်တာမရှိဘူးလို့ မိမိအာမခံ ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်** က



မနေ့က မန္တလေးဆန္ဒပြပွဲကို ဖြိုခွင်းတဲ့အချိန်မှာ ကျွန်မတို့ ဗီဒီယိုမှတ်တမ်းတစ်ခု ရထားပါကြောင်း၊ ရဲကားပေါ်ကနေပြီး ရဲအရာရှိတစ်ဦးက လောက်လေးခွနဲ့ချိန်ပြီးတော့ ပြည်သူလူထုထဲကို ပစ်တာကိုတွေ့ရကြောင်း၊ ရဲတပ်ဖွဲ့ဆိုတာ အဓိကရုဏ်းနှိမ်နင်းသည့် နိုင်ငံတကာဥပဒေနှင့်အညီဆိုရင် နံပါတ်တုတ်ကို အရင်ဆုံးကိုင်ရမှာ မဟုတ်ဘူးလား၊ နောက် Water Cannon လို့ခေါ်သည့် ရေနဲ့ဖျန်းပြီးတော့ ဖြိုခွင်းတာမျိုးကို ကျွန်မတို့လက်ခံကြောင်း၊ ဒီအရပ်ထဲက သာမန်လူတွေလုပ်သလိုမျိုး ရဲဝတ်စုံတွေကို ဝတ်ထားပြီးတော့ လောက်လေးခွနဲ့ ပစ်တာသည် တရားဥပဒေနဲ့ညီပါသလား ဆိုတာသိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဖြေကြားရာတွင် လောက်လေးခွနှင့်ပစ်တာကိုတော့ တရားဥပဒေနှင့်ညီ မညီ မိမိဆုံးဖြတ်မပေးနိုင်ကြောင်း၊ ဘာလို့ဆုံးဖြတ်မပေးနိုင်တာလဲဆိုတော့

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

မိမိအမြင်ဖြင့် သူသည် ရဲကားပေါ်မှာ ရှိနေကြောင်း၊ ရဲကားက သွားနေကြောင်း၊ ခုနက မန္တလေးဖြစ်စဉ်ကို ပြလိုက်ပါကြောင်း၊ ရဲကားတွေ ဖြတ်မောင်းနေကြောင်း၊ ဘေးကနေ ခဲဖြင့်ထုကြောင်း၊ ခဲနဲ့ ထုတာကိုတော့ သူကလည်း နံပါတ်တုတ်ဖြင့် သွားပြီးဆင်းရိုက်လို့ မဖြစ်နိုင်ဘူးလို့ မိမိမြင်ကြောင်း၊ လောက်လေးခွနှင့် ပြန်ပစ်တာဆိုတာသည်လည်း သူ့မှာ ဒေသန္တရသုံးစွဲနိုင်အောင်လို့ ယခင်ကတည်းကတိုင် လုပ်ထားတာဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

RFA သတင်းဌာနမှ သတင်းထောက် ဒေါ်အေးအေးမွန်က ထပ်မံမေးမြန်းရာ ရဲတပ်ဖွဲ့ဝင်အနေဖြင့် လောက်လေးခွ ကိုင်ဆောင်ခွင့် ရှိပါသလားဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ရဲတပ်ဖွဲ့ဝင်အနေဖြင့် လောက်လေးခွ ကိုင်ဆောင်ခွင့်ရှိသလားဆိုတော့ ရဲတပ်ဖွဲ့ဝင်အနေဖြင့် သေနတ်နှင့် မပစ်ချင်လို့ သူ့ကိုယ်သူကာကွယ်သည့် အနေဖြင့် လုပ်ဆောင်တာဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းချက်မှာတော့ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လောက်လေးခွကိုင်ခွင့်မရှိဘူးလို့တော့ မိမိလည်းမမြင်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ RFA သတင်းဌာနမှ **သတင်းထောက် ဒေါ်အေးအေးမွန်**က နေပြည်တော်မှာ ပစ်ခတ်ခံရသည့် မြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းကိုပစ်လိုက်သည့် ကျည်ဆန်သည် ရော်ဘာကျည်ဆန်ဖြစ်တယ်လို့ ဗိုလ်ချုပ်တို့ တရားဝင်ပြောထားကြောင်း၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးမှာ တွေ့ရကြောင်း၊ ၎င်းကိစ္စကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဖြေကြားရာတွင် ရော်ဘာကျည်ဆန်နှင့် ပစ်တယ်လို့ မိမိတို့ သတင်းမှန်ပြန်ကြားရေးက ဘယ်အချိန်က ထုတ်ထားတာရှိပါသလဲ၊ ထုတ်ပြန်ထားတာ မရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ RFA သတင်းဌာနမှ **သတင်းထောက် ဒေါ်အေးအေးမွန်**က ရော်ဘာကျည်ဆန်နှင့် ပစ်တယ်လို့ ကြားမိလို့ ဖြစ်ပါကြောင်း၊ ဆေးရုံက ဆရာဝန်တွေကို ကျွန်မတို့ မေးကြည့်သည့်အခါမှာ ဒါက အသက်ကို ခြိမ်းခြောက်လောက်သည့် ကျည်ဆန်အစစ်ဖြစ်တယ်လို့ ပြောထားကြောင်း၊ ဦးနှောက်ထဲမှာလည်း ကျည်ဆန်ကို တွေ့ထားကြောင်း၊ ညာဘက်ကနေ ဝင်ပြီးတော့ ဘယ်ဘက်ကနေမထွက်ဘဲနဲ့ ဦးနှောက်ထဲမှာ ကျည်ဆန်ကို တွေ့ရကြောင်း၊ ဒါနဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်တို့ဘက်က မည်သို့ပြောဆိုသည်ကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဖြေကြားရာတွင် အဓိကကတော့ အဲဒီအမျိုးသမီးနှင့် ပတ်သက်ပြီးတော့ ပုံတွေ၊ ဗီဒီယိုဖိုင်တွေကို မိမိတို့ပေးလိုက်မည်ဖြစ်ကြောင်း၊ သူသည်လည်း အကြမ်းဖက်မှုမှာ ပါဝင်ပြီးတော့မှ အုတ်ခဲနဲ့ စတင်ပစ်ခတ်ခဲ့သည့် အမျိုးသမီးဖြစ်ကြောင်း၊ ထိုအမျိုးသမီးလုပ်တာကို မိမိအပြစ်တင်တာ မဟုတ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်အနေဖြင့် ဒီဖြစ်စဉ်နှင့် ပတ်သက်ပြီး မေးမြန်းလျက်ရှိကြောင်း၊ သုံးနှုန်းထားသည့် အသုံးအနှုန်းထဲမှာ ရော်ဘာကျည်ဆန်နှင့် ပစ်တယ်လို့ မသုံးကြောင်း၊ ကျည်စစ်ကျည်မှန်နဲ့ ပစ်တယ်လို့ မသုံးကြောင်း၊ မိမိတို့အနေဖြင့် ဒါကို သေနတ်ဒဏ်ရာရရှိခဲ့တယ်လို့ မိမိတို့ သုံးနှုန်းထားတာဖြစ်ကြောင်း၊ ဒါကို မေးမြန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒါနှင့် ပတ်သက်ပြီး မိမိတို့ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က မေးမြန်းရာတွင် မိမိအနေဖြင့် မေးခွန်းနှစ်ခု မေးချင်ပါကြောင်း၊ မိမိမေးခွန်းမမေးခင် အချိန်နှစ်မိနစ်ခန့် ပြောဆိုခွင့်ပေးစေလိုကြောင်း၊ ၁၉၈၈ ခုနှစ် နဝတအာဏာသိမ်းသည့် အခြေအနေနှင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူလိုက်သော အချိန်နှစ်ခု ဘယ်လိုကွဲပြားသလဲဆိုတာ နှစ်မိနစ်ခန့် ပြောခွင့်ပြုစေလိုကြောင်း၊ မိမိတို့ဂျာနယ်က နိုင်ငံရေးသုံးသပ်ချက်(Political Opinion) ကိုပဲ ဖြစ်သည့်အတွက်ကြောင့် ထိုကွဲပြားမှုကို လူထုနှင့် ကမ္ဘာကို ကွဲကွဲပြားပြား သိစေချင်ပါကြောင်း၊ ဘာကြောင့်လဲဆိုတော့ ၁၉၈၈ အရေးတော်ပုံကြီးမှာ ကျွန်တော်ကိုယ်တိုင်ဦးဆောင်ခဲ့တာဖြစ်ပါကြောင်း၊ နံပါတ်(၁)ကနေ (၁၀)၊ (၁၅)ထဲတွင်ပါကြောင်း၊ မိမိကိုယ်တိုင် ထောင် ၅ ထောင်မှာ နေခဲ့ရကြောင်း၊ ထိုအချိန်က (၈၈) နဝတ အာဏာသိမ်းတဲ့အချိန်မှာ ဖြစ်သွားခဲ့သည့် ကိုင်တွယ်မှုနှင့် ယနေ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ၏ ကိုင်တွယ်မှုသည် မိုးနှင့်မြေလို ကွာကြောင်း၊ မိမိအနေဖြင့် ပကတိမြင်တာကို မြင်သည့်အတိုင်း သုံးသပ်ခြင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက် ညနေကတည်းက စပစ်တာဖြစ်ကြောင်း၊ ယခုလက်နက်သံက ကျည်အစစ်ဖြင့်ပစ်သည့်အသံကို တစ်ချက်မှ မကြားရသေးကြောင်း၊ ရော်ဘာကျည်ဖြင့် ပစ်ခတ်ကြောင်း၊ ရေပိုက်ဖြင့် ထိုးကြောင်း၊ ထိုအခြေအနေမှာ ဘယ်အချက်များ ကွဲလွဲနေလဲဆိုတော့ (၁၉၈၈ ခုနှစ်) နဝတကောင်စီ အာဏာသိမ်းစဉ် အစိုးရမှာ အကုန်လုံးက တပ်မတော်စစ်တိုင်းမှူးကြီးဖြင့်သာ ဖွဲ့စည်းခဲ့ကြောင်း၊ အစိုးရအစစ်(၁၀၀%)စစ်အစိုးရ၊ စစ်အာဏာသိမ်းသော စစ်အစိုးရအစစ်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ယင်းအစိုးရကို ပုန်ကန်ခဲ့ကြောင်း၊ မိမိတို့ကိုယ်တိုင် ထွက်ပြေးခဲ့ကြောင်း၊ မိမိတို့ကိုယ်တိုင် ထောင်ကျခဲ့ကြောင်း၊ မိမိတို့က မီဒီယာအဖြစ်နဲ့ ရပ်တည်ပြီးနေပါကြောင်း၊ တစ်ခါမှ နိုင်ငံရေးစကားကို မပြောဖူးကြောင်း၊ သို့သော်လည်း ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကိုင်တွယ်မှုမှာ အကုန်လုံးက ရဲတပ်ဖွဲ့များဖြစ်ကြောင်း၊ ဥရောပ၊ ပြင်သစ်မှာဖြစ်နေမှုများ၊ အမေရိကားမှာ ဖြစ်နေမှုများ၊ ထိုင်းမှာ ဖြစ်နေမှုများနှင့် အလားတူပဲဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က ရေကားဖြင့်ထိုးကာ သတိပေးကြောင်း၊ အဆင့်ဆင့်မြင်နေရ၍ လူထုကို မိမိပြောချင်သည်မှာ ဆန္ဒသိပ်မစောပါနဲ့၊ ညင်ညင်သာသာ ကိုင်နေသည့်အချိန်မှာ အားလုံး ညင်ညင်သာသာပြီးဆုံးသွားမည်ဖြစ်ကြောင်း၊ ညင်ညင်သာသာ မဟုတ်ဘဲ ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာပါက ၁၉၈၈ က မိမိတို့ခံခဲ့ရသလို အားလုံးခံသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လမ်းပြမြေပုံ (၅)ချက်ဆိုတာ Television က လူထုကို တိုက်ရိုက်ရှင်းပြပြီးသွားပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ပေးမည်၊ ပါတီစုံဒီမိုကရေစီစနစ်ကို သွားမည်ဖြစ်ကြောင်း၊ အကုန်လုံးပြောပြီးသွားပြီ ဖြစ်သည့်အတွက်ကြောင့် ယခုလိုဆက်ပြီး ဆူပူသွားမည်ဆိုပါက မိမိတို့ ဖွတ်မရ ဓားမဆုံးပဲရှိမည်ဖြစ်ကြောင်း၊ နောက်တစ်ချက်က မိမိတို့ မြန်မာပြည်၏ နိုင်ငံရေးအခြေအနေနှင့် အဓိကယှဉ်ရမှာ ထိုင်းနိုင်ငံက မိမိတို့နှင့် အနီးဆုံးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံက ၁၉၃၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၃ ကြိမ် နိုင်ငံရေးဇာတ်ခုံပေါ်ကို ထိန်းသိမ်းခဲ့ရကြောင်း၊ ပျမ်းမျှအားဖြင့် ၆ နှစ်တစ်ကြိမ် ထိုင်းမှာ စစ်တပ်အာဏာသိမ်းကြောင်း၊ မြန်မာပြည်မှာ လွတ်လပ်ရေးရပြီးကတည်းက တပ်မတော်က နိုင်ငံရေးဇာတ်ခုံပေါ်ကို တက်လာသည်မှာ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ မိမိမပြောလိုကြောင်း၊ ယခု နိုင်ငံရေးဇာတ်ခုံပေါ်ကို နိုင်ငံတော်အုပ်ချုပ်မှုကောင်စီအစိုးရ တက်လာတာကြည့်ပါက (၇၃)နှစ်အတွင်းမှာ (၃)ကြိမ်သာ ရှိသေးသည့်အတွက်ကြောင့် ထိုင်းနှင့် မြန်မာနိုင်ငံအခြေအနေကိုယှဉ်ပါက မြန်မာပြည်မှာ တပ်မတော်က နိုင်ငံရေးဇာတ်ခုံပေါ် ဝင်ရောက်မှုမှာ အကြိမ်ရေနည်းပါးကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ဉာဏ်ပညာရှိရှိဖြင့် လက်ရှိအစိုးရ ဆောင်ရွက်နေသည့်အပေါ် စိတ်ရှည်ရှည်ဖြင့် ဘာကိုသွားနေသလဲ၊ ဘယ်လိုလုပ်နေသလဲ၊ ဒီတိုင်းသွားလို့ အဖြေကို ရောက်မည်လား၊ ထိုအပေါ်တွင် စိတ်ရှည်ပေးကြရန် လက်ရှိအစိုးရဆောင်ရွက်ချက်များကို အကဲဖြတ်ပြီး စောင့်ဆိုင်းသင့်ကြောင်း၊ တိန့်ရှောင်ဖိန်က ပြောခဲ့ကြောင်း၊ ဘယ်ကြောင်ပဲဖြစ်ဖြစ်၊ ကြောင်ဖြူပဲဖြစ်ဖြစ် ကြွက်ခုတ်ရင် ကြောင်ပဲဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ ကြွက်ခုတ်ရင် ကြောင်ဖြစ်မည်ဖြစ်ကြောင်း၊ တိန့်ရှောင်ဖိန်ပြောခဲ့သည့် စကားဖြစ်ကြောင်း ပြောကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**



က မေးမြန်းရာတွင် လက်ရှိအစိုးရအနေဖြင့် လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီး ပြည်သူလူထုက ပိုမိုသိရှိလာရန်၊ ပိုမိုရှင်းလင်းလာရန်အတွက် ဘာတွေလုပ်ဆောင်ပေးဖို့ ရှိနေသလဲဆိုသည်ကို သိချင်ပါကြောင်း၊ နံပါတ်နှစ်မေးခွန်းမှာ လက်ရှိအစိုးရအနေဖြင့် ငြိမ်းချမ်းရေးက သိပ်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်များကို မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း တိတိကျကျ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဆိုပါစကားများအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် စပြီးတာဝန်ယူကတည်းက ပြောပြီးဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဖွဲ့စည်းပုံကိုကြည့်ပါက ၈ + ၈ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် တပ်မတော်အရာရှိကြီး ၈ ဦးနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီမှ ခေါင်းဆောင် ၈ ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ထိုအချက်ကို ကြည့်ခြင်းဖြင့် မိမိတို့ ဝန်ကြီးဌာနများတွင်လည်း ဝန်ကြီးများ ခန့်ထားမှုမှာ သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်သည့်လူများသာ ခန့်အပ်ဆောင်ရွက်ထားကြောင်း၊ ဒါကိုကြည့်ခြင်းအားဖြင့် မိမိတို့ဆောင်ရွက်ချက်တွေကို သိနိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မိမိတို့၏ရည်မှန်းချက်များ ဘယ်လိုရည်မှန်းထားကြောင်း၊ ရေရှည်နှင့် ပတ်သက်ပြီး အာဏာနှင့် ပတ်သက်ပြီး ရေရှည်တာဝန်ယူဆောင်ရွက်မည် မဟုတ်ကြောင်းကို ပြောပြီးဖြစ်ကြောင်း၊ မေးထားသည့် မေးခွန်းနှင့် ပတ်သက်ပြီး ယခုအစိုးရ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်ပြီးRoad Map (၅) ချက်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူလူထုကို ရှင်းရှင်းလင်းလင်း သိနိုင်ရန်အတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အစည်းအဝေးများတွင် ဘာတွေပြောသွားသည်ဆိုသည်ကို သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အစိုးရအဖွဲ့ ဘာတွေလုပ်ဆောင်နေကြောင်း၊ ဘာတွေဆွေးနွေးခဲ့ကြောင်းကိုလည်း သတင်းထုတ်ပြန်ပေးခဲ့ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်အကြောင်းအရာ အသေးစိတ်ကနေစပြီး မိမိတို့ရေးခဲ့ကြောင်း၊ မိမိ မေးခွန်းတစ်ခုမေးချင်သည်မှာ ဒီမိုကရေစီခေတ်ဟု ပြောခဲ့သော လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့တွင်ပြောခဲ့သည့် မူဝါဒများကို ချမှတ်ပေးမည့် Policy Maker များအနေနှင့် ယခု နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက လုပ်ဆောင်ချက်များကို အစိုးရကဘာတွေဆက်လုပ်သွားမည်၊ ဘာတွေဆွေးနွေးခဲ့သည် စသည်ဖြင့် အများကြီး မိမိမပြောလိုကြောင်း၊ သုံးပုံတစ်ပုံ သတင်းထုတ်ပြန်ခဲ့သည်ဆိုပါက မိမိကိုပြ၊ ယခုပြည်သူလူထုကို မိမိတို့က အစိုးရဘာတွေလုပ်မည်၊ ကောင်စီက ဘာတွေလုပ်နေသည်၊ မိမိတို့ ဘယ်မူဝါဒနှင့် သွားမည်ဆိုသည်ကို အပတ်စဉ်အစည်းအဝေးတိုင်းမှာ အသေးစိတ်ပြောသမျှကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဤသည်မှာ ပွင့်လင်းမြင်သာမှု၊ ပြည်သူကို လေးစားတန်ဖိုးထားခြင်းများ၏ ပြယုဂ်ဖြစ်သည်ဟု မိမိပြောလိုကြောင်း၊ နောက်တစ်ချက်မှာ အစိုးရ၏ ငြိမ်းချမ်းရေးဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး မိမိတို့အနေနှင့် အဖွဲ့သုံးဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ပထမအဖွဲ့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဦးဆောင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် လိုအပ်သူများဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် မူဝါဒပေးထားမှုများ၊ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအဖွဲ့အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဦးစီး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့ရည်မှန်းထားသည်မှာ တကယ်ထိထိရောက်ရောက်ဖြစ်အောင် လုပ်ဆောင်ရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက ထိုအဖွဲ့ထဲတွင်ပါဝင်ပြီး လက်တွေ့ကျကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူဝါဒအမြင်ကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အဖွဲ့ဖြစ်ကြောင်း၊ နောက်တစ်ခုမှာ အမျိုးသားစည်းလုံးညီညွတ်ရေး ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ထိုအဖွဲ့ ဖွဲ့စည်းသည့်အချိန်တွင် ယခင် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှု ဦးစီးအဖွဲ့ဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးစီးပြီး တကယ်လုပ်ဆောင်ရမည့် ဝန်ကြီးများ ပါဝင်သည့်အဖွဲ့များ၊ ယခင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်သည့် အကြံပေးများ ပါဝင်လိမ့်မည်ဖြစ်ကြောင်း၊ ၎င်းတို့သည် ညှိနှိုင်းရေးကော်မတီများနှင့် အလုပ်လုပ်ပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖြစ်စဉ်မရှိဘဲနှင့် ရှေ့ဆက်သွားနိုင်ရန် မဖြစ်နိုင်သည့်အတွက်ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အထူးအလေးထားသည့် အကြောင်းကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံနှင့် NCA နှစ်ပတ်လည်နေ့များတွင် အမြဲတမ်းပြောကြားခဲ့ကြောင်း၊ ထိုကော်မတီကိုဖွဲ့စည်းပြီး ငြိမ်းချမ်းရေးကို နံပါတ်တစ်အနေဖြင့် လက်တွေ့ကျသည့် ငြိမ်းချမ်းရေးဖြစ်စေရမည် ဖြစ်ကြောင်း၊ နံပါတ်နှစ်အနေဖြင့် ယခုတစ်နှစ်အတွင်း၊ ယခုအရေးပေါ်ကာလ တာဝန်ထမ်းဆောင်နေချိန်အတွင်းမှာ လက်တွေ့ကျသော ရလဒ်များရအောင် ဆောင်ရွက်သွားမည်ကို ပြောလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် လက်တွေ့ကျသည့် ကော်မတီသုံးခုကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းသည့်အချိန်တွင် တပ်မတော်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ၊ လုပ်ငန်းကော်မတီတွင် ပြည်နယ်ဥက္ကဋ္ဌများ၊ တိုင်းမှူးများ ကိုယ်တိုင်ပါဝင်မည်ဖြစ်ကြောင်း၊ ထိုကော်မတီသုံးခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိပြောနိုင်သည်မှာ ယခုအရေးပေါ်ကာလတွင် မိမိတို့သည် လက်တွေ့ကျသည့် ဖြစ်ပေါ်တိုးတက်မှုမျိုး၊ လက်တွေ့ကျသည့် ဆွေးနွေးမှုမျိုး၊ လက်တွေ့ကျသည့် ရလဒ်မျိုးဖြစ်လာအောင် မိမိတို့ဆောင်ရွက်သွားမည်ကို ပြောလိုကြောင်း ရှင်းလင်းပြောကြားသည်။

**ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး**က အနောက်နိုင်ငံများက



တပ်မတော်အပေါ် ပိတ်ဆို့အရေးယူမှုအပေါ် မည်သို့ တုံ့ပြန်အရေးယူဆောင်ရွက်သွားမည်လဲကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဓိကက ထိုပိတ်ဆို့အရေးယူမှုလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ယခုကိစ္စမတိုင်ခင်ကတည်းက ပိတ်ဆို့အရေးယူမှုများ လုပ်နေသည့်ကိစ္စများ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

လုပ်ဆောင်နေကြောင်း၊ ဒါကတော့ ၎င်းတို့၏ လုပ်ငန်းပဲဖြစ်ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ၎င်းတို့၏လုပ်ငန်းကို ထူးခြားပြီး ဝေဖန်စရာ မရှိကြောင်း၊ ဘယ်လိုပြောပြော မိမိတို့အနေဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၁၉၈၈ ခုနှစ် နိုင်ငံတော်တာဝန်ရယူရပြီး နိုင်ငံတော်မှာ ဘဏ္ဍာငွေနှင့် ပတ်သက်ပြီး အကျပ်အတည်းတွေ့နေရချိန်မှာတောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံကို အခြေအနေအတိုင်းအတာတစ်ခုအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အနီးဆုံးနားလည်အောင် ပြောရမည်ဆိုပါက ယခုသတင်းစာရှင်းလင်းပွဲ ပြုလုပ်နေသည့် အဆောက်အဦကစပြီး နေပြည်တော်ဆိုသည့်မြို့၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီး စသည်တို့ ဖြစ်ပေါ်လာအောင် ဘယ်လိုအခြေအနေကနေ တည်ဆောက်လာခဲ့သည်ဆိုတာ အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယနေ့အချိန်တွင် ဒီလိုမျိုးအခြေအနေ မဟုတ်တော့ကြောင်း၊ ယခုတွင် အခြေခံအဆောက်အဦများ ရှိပြီးသားဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် အတူတူ ပူးပေါင်းပါဝင်လက်တွဲပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ကို လွှတ်ပေးကြဖို့ တောင်းဆိုနေကြတာတွေ ရှိနေပါကြောင်း၊ ဘယ်အချိန်လောက်မှ လွှတ်ပေးနိုင်မလဲ၊ ဘာတွေဆက်လုပ်နေလဲ၊ နောက်ပြီးတော့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့၏ ကျန်းမာရေးအခြေအနေ ဘယ်လိုရှိလဲဆိုတာ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြောင်း၊ ဒုတိယအချက်က မိမိတို့အနေဖြင့် ဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်သွားမည် မဟုတ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ **SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က တပ်မတော်မှ တာဝန်ယူပြီးသည့်နောက်မှာ NLD တာဝန်ရှိသူအချို့ကို ထိန်းသိမ်းထားပြီး ပိတ်ဆို့ထားမှုများရှိကြောင်း၊ ဘာကြောင့် ထိုသို့လုပ်ရတာလဲဆိုတာနှင့် ထိန်းသိမ်းထားသောသူများ၏ ကျန်းမာရေးအခြေအနေများကိုလည်း သိရှိလိုပါကြောင်း မေးမြန်းသည်။



**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁၀)မှာ နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားတာရှိကြောင်း၊ အခြေခံအားဖြင့် နိုင်ငံရေးပါတီများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ထားပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေဖို့ဖြစ်ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ယူပြီး နောက်ပိုင်းတွင် နိုင်ငံတော်၏ လုံခြုံရေးအရ ဆက်စပ်ပြီး စစ်ဆေးဖော်ထုတ်နေရတာတွေ ရှိပါကြောင်း၊ ဒါတွေကို လုပ်နေရသည့် ရည်ရွယ်ချက်ကလည်း မြန်မာနိုင်ငံဟာ အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံဖြစ်ရန်၊ နိုင်ငံတော်၏ အချုပ်အခြာ အာဏာမှာ နိုင်ငံသားများထံမှ အမှန်တကယ် ဆင်းသက်ရန်အတွက် ဖြစ်ပါကြောင်း၊ တွေ့ရှိချက်တွေ အများကြီးရှိကြောင်း၊ ထိုအထဲတွင် မိမိပြောနိုင်တာတစ်ခုက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှာ နိုင်ငံခြားငွေစီးဆင်းမှုများ တွေ့ရှိရပါကြောင်း၊ အချို့အချက်အလက်များ ရရှိထားပြီးဖြစ်ကြောင်းနှင့် သင့်လျော်သော အချိန်ရောက်လျှင် သက်ဆိုင်ရာကဏ္ဍအလိုက် ထုတ်ပြန်တာတွေ၊ ရှင်းလင်းပေးတာတွေကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **SKY NET သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်**က နိုင်ငံအနှံ့အပြားတွင် နိုင်ငံ့ဝန်ထမ်းများအားလုံး CDM လုပ်နေတာ တွေ့ရှိရပါကြောင်း၊ ပါဝင်တဲ့ ဝန်ထမ်းများက ပါဝင်နေတာရှိသလို မပါဝင်တဲ့ဝန်ထမ်းတွေလည်း ရှိပါကြောင်း၊ CDM မှာ ပါဝင်တဲ့ဝန်ထမ်းတွေ ဖမ်းဆီးနေတယ်ဆိုတဲ့ သတင်းတွေလည်း ကြားရပါကြောင်း၊ ဒါနဲ့ ပတ်သက်ပြီး အစိုးရအနေနှင့် လုံခြုံရေးဆိုင်ရာများကို တာဝန်ရှိသူများအနေနှင့် ဘယ်လိုမျိုးတာဝန်ယူပေးနိုင်မလဲ၊ ဘာတွေ ဆက်လုပ်မှာလဲဆိုတာ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် CDM ကိစ္စနှင့် ပတ်သက်ပြီး ပြောရမယ်ဆိုရင် မဖြစ်သင့်သည့်ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ အဓိကကတော့ နိုင်ငံရေးသမားများက နိုင်ငံ့ဝန်ထမ်းများကို သူတို့၏ နိုင်ငံရေးလောဘ ပြည့်ဖို့အတွက် ဓားစာခံတွေ အဖြစ် ထိပ်တိုက်တွေ့ဆုံရေး လမ်းကြောင်းပေါ်ကို အတင်းတင်မြှောက်ပေးပြီး တင်နေတယ်လို့ မြင်မိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် CDM ကိစ္စနှင့် ပတ်သက်ပြီး ပြောကြားခဲ့တာတွေ ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှုများကို စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းနေပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းတွေအနေနှင့် ပြည်သူလူထု ကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မထမ်းဆောင်နိုင်မှုတွေမှာ ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုခံယူရာမှာ ပြင်ပဆေးခန်းတွေမှာ ငွေကြေးအကုန်အကျ များစွာခံပြီး ကုသမှုခံယူနေရသည့်အတွက် ပြည်သူများမှာ ထိခိုက်နစ်နာမှုတွေ ရှိသည့်အတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ လူ့အသက်မှာ အရေးကြီးပြီး CDM နှင့် ပတ်သက်၍ တချို့သောဌာနတွေမှာ တာဝန်ရှိသူတွေကိုယ်တိုင် လှုံ့ဆော်နေတာတွေ ရှိကြောင်း၊ နိုင်ငံရေး ခံယူချက်ထက် နောက်ကွယ်မှ ကိုယ်ကျိုးအကြောင်းတရားတွေကို တွေ့ရပါကြောင်း၊ ဝန်ထမ်းတွေဖြစ်ပြီး လှုံ့ဆော်နေတာကိုတော့ တည်ဆဲဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများမှာ မည်သည့် နိုင်ငံရေးခံယူချက်ရှိသည်ဖြစ်စေ၊ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဆိုတာ ဒီမိုကရေစီ၏ ကျင့်စဉ်ပဲ ဖြစ်ပါကြောင်း၊ ထွင်ပြီးပြဋ္ဌာန်းထားတာ မဟုတ်ပါကြောင်း၊ အထူးသဖြင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများမှာ ကတိသစ္စာဆိုထားသူများဖြစ်ပြီး ကျွန်တော်တို့ သစ္စာဆိုထားတာတွေမှာ နိုင်ငံနှင့် ပြည်သူအတွက်ဖြစ်ပါကြောင်း၊ ပါတီတစ်ပါတီ၊ အဖွဲ့အစည်းတစ်ခုအတွက် သစ္စာဆိုထားတာ မဟုတ်ပါကြောင်း၊ လူသားချင်း ကိုယ်ချင်းစာနာစိတ်၊ လူ့အခွင့်အရေးတို့ဆိုတာ ပါးစပ်နှင့် ပြောလို့မရပါကြောင်း၊ လက်တွေ့လုပ်ဆောင်ရမှာဖြစ်ပြီး အစိုးရဝန်ထမ်းတွေကို လုပ်ငန်းခွင် အမြန်ပြန်ဝင်ရောက်ကြဖို့နှင့် အရေးယူမှုတွေလုပ်မှာ မဟုတ်ပါဘူးဆိုတာ တရားဝင်ပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ဒါကြောင့်လုပ်ငန်းခွင်ကို အမြန်ဝင်ရောက်ကြရန်နှင့် လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်လာသော ဝန်ထမ်းများကိုလည်း အရေးယူမှာ မဟုတ်ဘူးဆိုတာ ပြောကြားလိုပါကြောင်း၊ လက်တွေ့ဆန်းစစ်ကြည့်မယ်ဆိုရင် ဝန်ထမ်းတွေကို မြှောက်ပင့်ပေးနေတာ ဘယ်သူတွေလဲ၊ အဲ့ဒီမြှောက်ပင့်ပေးနေတဲ့သူတွေက ဘာတွေနှင့် အသက်မွေးဝမ်းကျောင်းပြုသည့်သူများလဲဆိုတာ သေချာလေ့လာကြည့်ပါလို့ ပြောလိုပါကြောင်း၊ ဝန်ထမ်းများအနေနှင့် အခုလုပ်ကိုင်နေသည့် မိမိတာဝန်ကို နိုင်ငံတော်နှင့် ပြည်သူအပေါ်မှာ သစ္စာရှိရှိနှင့် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းတွေရှိပါကြောင်း၊ အားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့်လည်း ကျေးဇူးတင်တယ်ဆိုတာ ပြည်သူလူထုကို ပြောကြားသည့် မိန့်ခွန်းမှာလည်း ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ဒါကြောင့် **အစိုးရဝန်ထမ်းများအနေနှင့် အပြုံးမပျက် ရုံးတက်ကြဖို့ တိုက်တွန်းလိုပါကြောင်း၊ အပြုံးမပျက် ရုံးတက်နိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း ပြောကြားသည်။

**Voice of Myanmar (VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲမသမာမှုများ ရှိသည်ဟု စွပ်စွဲခဲ့ကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး အာဏာထိန်းသိမ်းခဲ့ကြောင်း၊ အဆိုပါစွပ်စွဲချက်နှင့် ပတ်သက်ပြီး မည်မျှအထိ စစ်ဆေးပြီးသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ၂၀၁၈ ခုနှစ်ကစပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် တရားမျှတပြီး သန့်ရှင်းသည့် ရွေးကောက်ပွဲဖြစ်ဖို့နှင့် သန့်ရှင်းသည့် နိုင်ငံရေးဖြစ်ဖို့ အကြိမ်ကြိမ် ပြောဆိုခဲ့ကြောင်း၊ အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စစ်ဆေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ် စစ်ဆေးတွေ့ရှိချက်ကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် ထုတ်ပြန်ချက်အရ ယခင် UEC က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ သုံးဆယ့်ရှစ်သန်း နှစ်သိန်းခုနစ်သောင်းကျော်ရှိသည်ကို ထုတ်ပြန်ထားပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ထုတ်ပြန်ထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ (နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ)စာရင်းသည် သုံးဆယ့်နှစ်သန်းနှစ်သိန်းကျော် ဖြစ်ကြောင်း၊ စာရင်းကွာခြားချက် ခြောက်သန်းရှိသည်ကို ပထမအကြိမ် ထုတ်ပြန်ချက်တွင် ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ မြို့နယ်ရှစ်မြို့နယ်ကို အသေးစိတ်စစ်ဆေးပြီးဖြစ်ကြောင်း၊ အဆိုပါ စစ်ဆေးချက်တွင် နိုင်ငံသားစိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် သုံးကြိမ်ပါဝင်နေသူများ၊ မဲစာရင်းနှစ်ကြိမ် ပါဝင်နေသူများ၊ စုစုပေါင်း ၂၆၃၁၄ ဦး ပါရှိနေကြောင်း၊ UEC အသစ်အနေဖြင့် အသေးစိတ် စစ်ဆေးလျက်ရှိကြောင်း၊ UEC အသစ်က မကြာခင်တွင် တွေ့ရှိချက်များ၊ ဖြစ်စဉ်များကိုပွင့်လင်းမြင်သာစွာ ရှင်းလင်းသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar (VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင်



မန္တလေးမြို့၌ ဆန္ဒပြသည့်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၏ ယူနီဖောင်းများက ဘက်တံဆိပ်မပါခြင်းသည် ဥပဒေနှင့် ညီပါသလား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်ပြီး ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါတပ်ဖွဲ့ဝင်သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရန် ထွက်လာသည့်အခါ အနွေးထည်ယူဆောင်ခြင်းမပါဘဲ ယူနီဖောင်းအပေါ်မှာ ဆွယ်တာထပ်ဝတ်ထားခြင်း ဖြစ်နိုင်ကြောင်း၊ ဥပဒေကို ချိုးဖောက်လိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းမဟုတ်နိုင်ကြောင်း၊ တချို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းမပေါ်တွင် တာဝန်ထမ်းဆောင်ခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် တော်တော်လေး ပင်ပန်းပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသိအမှတ်ပြု လေးစားပါကြောင်း၊ မနက်ကနေ ညပိုင်းအထိ တာဝန်ထမ်းဆောင်နေကြပြီး ယခုလို တာဝန်ထမ်းဆောင်ရန်အတွက် အနွေးထည်မပါခြင်းမျိုး ဖြစ်နိုင်ပါကြောင်း၊ ဥပဒေကို ချိုးဖောက်လိုသည့် ရည်ရွယ်ချက်မရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar (VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က မေးမြန်းရာတွင် တပ်မတော်အနေဖြင့် မဲမသမာမှုထုတ်ပြန်ချက်များနှင့်ပတ်သက်ပြီး တပ်မတော်၏ အလုပ်မဟုတ်ဘဲ နိုင်ငံရေးပါတီများ၊ လေ့လာစောင့်ကြည့်သူများ၏ အလုပ်ဖြစ်သည်ဟု ဝေဖန်မှုများ ရှိနေပါကြောင်း၊ ခပ်ရှင်းရှင်းပြောရမည်ဆိုပါက နည်းနည်းလေးစကားပြောသွားတာ ရိုင်းသွားရင် ခွင့်လွှတ်စေလိုကြောင်း၊ စကားပုံတစ်ခုအနေဖြင့် နွားရှေ့ထွန်ကျူးနေသလို ဖြစ်နေကြောင်း၊ ၎င်းနှင့် ပတ်သက်ပြီး တပ်မတော်အနေဖြင့် မည်သို့ သဘောထားမှတ်ချက်ပေးလိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စနစ်တကျ အသေးစိတ်စာရင်းများ ထုတ်ပြန်ခဲ့ခြင်းများ ရှိကြောင်း၊ ပွင့်လင်းမြင်သာစွာ အထောက်အထားစုံလင်စွာဖြင့် သတင်းထောက်များ၏ ရှေ့တွင်လုပ်ဆောင်ခဲ့ကြောင်း၊ တစ်မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အပြန်အလှန်စစ်ဆေးမှုများ၊ ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးမှုများအား တစ်မြို့နယ်ချင်း အလိုက် စာအုပ်ပေါင်း ၃၀၀၀ ကျော်ကို မီဒီယာများရှေ့၊ ပြည်သူများရှေ့တွင် ပြသခဲ့ပြီး စိတ်ကြိုက်စစ်ဆေးခွင့်များ ပေးခဲ့ကြောင်း၊ ဘာကြောင့်လုပ်ရသလဲဆိုလျှင် ဒီမိုကရေစီစနစ် မယိမ်းယိုင်စေရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ပီပြင်လာစေရန်အတွက် စစ်ဆေးခြင်းဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ခုနကပြောသည့်စကားပုံ နွားရှေ့ထွန်ကျူးကိုပြန်ပြောရရင် အဓိပ္ပာယ်ကောက် လွဲသွားမှာလည်း စိုးကြောင်း၊ ဆိုလိုသည့် အဓိပ္ပာယ်ကလည်း နိုင်ငံရေးပါတီ၊ စောင့်ကြည့်နေသူများကို နွားလို့ပြောသည်ဟု စကားအထအနကောက်ဦးမည်ဖြစ်ကြောင်း၊ သို့သော် တစ်ခုတော့ ကြိုပြီးတော့ပြောလိုကြောင်း၊ အထအနမကောက်စေလိုကြောင်းနှင့် ခုနကပြောသည့်အတိုင်း စကားပုံသက်သက်အနေနှင့်သာ ပြောလိုကြောင်း၊ တစ်ခါတလေတော့လည်း နွားရှေ့ထွန်ကျူးသင့်ရင် ကျူးရမှာဖြစ်ကြောင်း၊ ဥပမာအနေဖြင့်ပြောရရင် နွားက သူလုပ်ရမည့် လယ်ထွန်သည့်၊ ယာထွန်သည့် အလုပ်ကို လုပ်ဖို့အတွက် မိမိတို့က ထွန်ဆွဲခိုင်းတာဖြစ်ကြောင်း၊ မဆွဲဘဲ သူ့ရဲ့ညည်အတိုင်းပဲ တွန်းတယ်၊ တိုက်တယ်၊ ဘေးတိုက်သွားနေတာဖြစ်ကြောင်း၊ ဒါဆိုရင် အလုပ်ဖြစ်အောင် မိမိတို့လုပ်ရမှာ ဖြစ်ကြောင်း၊ မဆွဲချင်ဘဲ တွန်းသာတွန်းချင်နေသည့် နွားကိုတော့ နောက်မှာ ထွန်တုံးမတပ်ဘဲနှင့် ရှေ့မှာထွန်တုံးတပ်ပြီး လုပ်ခိုင်းသင့်လျှင် လုပ်ခိုင်းရမှာဖြစ်ကြောင်း၊ တွန်းပြီးတော့မှ မိမိတို့ရည်မှန်းချက်ဖြစ်သည့် ယာမြေ ညက်အောင် လုပ်သင့်ရင် လုပ်ရမှာဖြစ်ကြောင်း၊ အဲဒါ ဘာနဲ့မှ နှိုင်းယှဉ်ပြောတာ မဟုတ်ကြောင်း၊ ဥပမာတစ်ခု၊ အတွေးအမြင်တစ်ခု အဖြစ်ပြောတာဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar (VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ယခင်သတင်းစာရှင်းလင်းပွဲများတွင် မီဒီယာပေါင်းများစွာ တက်ရောက်ကြပြီး ယခုအခါ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲများကို တက်ရောက်ရန်အတွက် မိမိအပါအဝင် မီဒီယာအချို့ကို ခြိမ်းခြောက်မှုများရှိခြင်းအပေါ် မည်ကဲ့သို့ သဘောထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၈ သို့*

# အရပ်သားဆရာဝန်များနှင့် သူနာပြုများမရှိ၍ ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးဇော်ဦး ဦးစီးဆရာဝန် ၄၀ နှင့် သူနာပြု ၈၀ တို့သည် ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူများက အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်ဆေးရုံများမှ ဆရာဝန်များနှင့် သူနာပြုများအား လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သည်။

ထိုသို့ အကူအညီတောင်းခံလာမှုကြောင့် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ တပ်မတော်ဆေးရုံများမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စနစ်တကျစုဖွဲ့ပြီး ယနေ့ စေလွှတ်၍ အဆိုပါဆေးရုံ၌ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စေခဲ့ရာ ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း(ယာပုံ) နှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကို အချိန်အဟုန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကော့သောင်းမြို့ဆလုံကျွန်းအနီး ငါးသယ်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့က ကယ်ဆယ်ကူညီ

**ကော့သောင်း ဖေဖော်ဝါရီ ၁၈**

ကော့သောင်းမြို့ အက်ဒမန်ပင်လယ် ဆလုံကျွန်းအနီး ယမန်နေ့နံနက်ပိုင်းက ငါးသယ်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့က အချိန်မီ ကူညီကယ်ဆယ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ဖြစ်စဉ်မှာ အဆိုပါနေ့က တိုးတက်ဦး(၃) အမည်ရှိ ငါးသယ်လှေတစ်စင်းသည် ကော့သောင်းမြို့တွင် ငါးရောင်းချပြီး လှေလုပ်သား ခြောက်ဦးဖြင့် ရေခဲများ တင်ဆောင်ကာ ထွက်ခွာလာရာ ကော့သောင်းမြို့ အနောက်ဘက် အက်ဒမန်ပင်လယ် ဆလုံကျွန်းအနီးအရောက်တွင် ရေထဲတွင် မြုပ်နေသည့် ကျောက်ဆောင်ကို တိုက်မိကာ ရေဝင်နစ်မြုပ်ခြင်းဖြစ်ရာ ပင်လယ်အတွင်း ကင်းလှည့်လျက်ရှိသည့် ကော့သောင်းရေကြောင်းရဲတပ်ဖွဲ့ ရဲရေယာဉ် ရဲမန်အောင် ၃၃၄ ဖြင့် အချိန်မီ သွားရောက်ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လှေနစ်မြုပ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ လှေပေါ်ပါ ပစ္စည်းတစ်ချို့ ပျက်စီးဆုံးရှုံးခဲ့ပြီး လှေလုပ်သားများအားလုံးကို အသက်အန္တရာယ်ဖြစ်ပေါ်မှုမရှိဘဲ ကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျက်စီးခဲ့သည့်လှေအား လွန်းတင်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး ပျဉ်းမနား-တောင်ညို ကားလမ်းမပေါ်ရှိ ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည်ဟု ယုံကြည်ယူဆသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ကို ထုတ်ပြန်၍ လူငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များအား ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး ပျဉ်းမနား-တောင်ညိုကားလမ်းပေါ်၌ လူအင်အား ၂၀၀ ခန့်ပါဝင်သော ဆူပူဆန္ဒပြသူများသည် ယနေ့နံနက် ၉ နာရီခွဲခန့်မှစ၍ မိုးကာတဲများထိုး၍ သပိတ်စခန်းဖွင့်လှစ်ကာ လက်ကိုင်အသံချဲ့စက်များဖြင့် ဟောပြောစည်းရုံးခြင်း၊ ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယင်းသို့ လုပ်ဆောင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ လမ်းကြောင်းပိတ်ဆို့ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် အကြိမ်ကြိမ် မေတ္တာရပ်ခံပြောဆိုခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ လမ်းမအလယ်တွင် ဆူပူဆန္ဒပြလျက်ရှိပြီး မွန်းလွဲပိုင်းအထိ လူစုခွဲခြင်းမရှိသဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ ဆန္ဒပြလူအုပ်အား လူစုခွဲနိုင်ရေး လုပ်ငန်းစဉ်များအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများက လေးခွများ၊ ကျောက်ခဲ၊ အုတ်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေနိုင်သော သံမူလီခေါင်းတို့ဖြင့် ပစ်ခတ်ခြင်း စသည့်အကြမ်းဖက်လှုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်ခဲ့ပြီး မွန်းလွဲ ၃ နာရီခန့်တွင်လူစုခွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း၊ အကြမ်းဖက်လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြသူများအနက် ၄၄ ဦးကို ၎င်းတို့၏ အသုံးအဆောင်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားရှိကြောင်းနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြောင်းမြမြို့ GEC ခရိုင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**မြောင်းမြ ဖေဖော်ဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ GEC ခရိုင်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းကို ဌာနဆိုင်ရာ ၁၅ ခုမှ အသင်းသား ၃၂၀ ဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ဒုတိယပတ်က မြောင်းမြမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ကိုယ်စားလှယ်တစ်ဦးစီ တက်ရောက်ခဲ့ကြောင်းနှင့် အသင်းသား ၃၂၀ အတွက် စုဆောင်းငွေပေါ်အတိုး ငွေကျပ် ၂၇၀၁၈၀၀ ထုတ်ပေးခြင်း၊ မြို့နယ်သမဝါယမအသင်းစု အမှုဆောင်နှင့် ဝန်ထမ်း ၁၅ ဦး၊ အခြေခံသမဝါယမအသင်းဝန်ထမ်း ရှစ်ဦးနှင့် အဆိုပါအသင်းမှ သမဝါယမအသင်းသား ၃၂၀ စုစုပေါင်း ၃၄၃ ဦးကို တစ်ဦးလျှင် စားသုံးဆီ တစ်ပိဿာစီဖြင့် တန်ဖိုးငွေကျပ် ၁၃၀၃၄၀၀ ထောက်ပံ့ပေးခြင်းများကို ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် သတင်းစာရှင်းလင်းပွဲ လုပ်မည့်အကြောင်းကို ဖိတ်ကြားသည့်အခါ တချို့မီဒီယာများက တရားဝင်ထုတ်ပြန်ပြီး ဆောင်ရွက်နေမှုများကို တွေ့ရကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မီဒီယာများအပေါ်ထားသည့် သဘောထားသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် သတင်းမီဒီယာကောင်စီဖြင့် တွေ့ဆုံချိန်နှင့် MRTV စိန်ရတု နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့ကြောင်း၊ ဒီမိုကရေစီခေတ်တွင် သတင်းမီဒီယာကဏ္ဍသည် အရေးကြီးကြောင်း၊ သတင်းမီဒီယာသည် စတုတ္ထမဏ္ဍိုင် ဖြစ်သည်ကို အသိအမှတ်ပြုကြောင်း၊ မှန်မှန်ကန်ကန်ဖြစ်ဖို့လိုကြောင်း၊ ပြည်သူလူထုအတွက် အကျိုးရှိမည့်သတင်းများ ဖြစ်ရန်လိုကြောင်းနှင့် မှန်ကန်ဖို့၊ မြန်ဆန်ဖို့၊ အကျိုးရှိဖို့လိုကြောင်းကို ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် မီဒီယာများအပေါ် ထားသည့် သဘောထားများဖြစ်ကြောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ် ခံယူထားကြောင်း၊ အခြားသူများ ခံယူခြင်း မခံယူခြင်းက မီဒီယာများအသိပဲဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သတင်းစာရှင်းလင်းပွဲ ၂၈ ကြိမ် ပြုလုပ်ခဲ့ပြီး မီဒီယာများအား ခွဲခြားဆက်ဆံခြင်းမရှိဘဲ အားလုံးဖိတ်ကြားခဲ့ကြောင်း၊ သတင်းစာရှင်းလင်းပွဲလုပ်သည့်အခါ မီဒီယာများအပေါ် ခွဲခြားဆက်ဆံခဲ့သည့်သူများကို မီဒီယာများအသိဆုံးဖြစ်ကြောင်း၊ ယခုအချိန်တွင် ဘယ်မီဒီယာက ဘာသတင်းများကို ဦးစားပေးဖော်ပြနေသည်ကို သိကြမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အော်ဟစ်ဆဲဆိုခြင်းများကို အဆိုပါမီဒီယာများရှေ့တွင် ပြုလုပ်ခဲ့သော်လည်း မီဒီယာများမှာ ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ဖော်ပြခဲ့ခြင်း မရှိသည့်အတွက် အပြစ်မတင်ပါကြောင်း၊ ၎င်းမီဒီယာများ၏ ခံယူချက်ပင်ဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲတက်ခြင်း၊ မတက်ခြင်းကို မဝေဖန်လိုကြောင်း၊ ၎င်းမီဒီယာများ၏ ပြည်သူလူထုအပေါ်ထားသည့် စေတနာပင် ဖြစ်ကြောင်း၊ ငါတို့ရေးတာပဲ ဖတ်ရမယ်၊ သိရမယ်ဆိုတာ ပြည်သူလူထုကို အထင်သေးတာလို့ မြင်ကြောင်း၊ စတုတ္ထမဏ္ဍိုင်၏ ရပ်တည်ချက်ကို ငြိမ်းချမ်းစွာ နေထိုင်လိုပြီး နိုင်ငံတော်အပေါ် စေတနာစစ်မှန်သည့် ပြည်သူလူထုက ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အထွက်နှုန်းမကျဆင်းသော်လည်း အာလူးဈေးကွက် အဝယ်အေးနေ



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**
ဖေဖော်ဝါရီလအတွင်း တူးဖော်ထွက်ရှိနေသည့် အာလူးများမှာ အထွက်နှုန်းအားဖြင့် မကျဆင်းသော်လည်း ဈေးကွက် အဝယ်အေးနေကြောင်း အာလူးစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။

"အာလူးတွေကတော့ စတင်တူးဖော်နေကြပါပြီ။ ဒီရာသီအတွက် အာလူးအထွက်နှုန်းကတော့ အာလူးတစ်ဧကကို အနည်းဆုံး ပိဿာ ၆၀၀၀ နဲ့ အများဆုံးဆိုရင် ပိဿာ ၇၀၀၀ လောက်အထိတော့ အထွက်နှုန်း ရရှိနေပါတယ်။ ဒီလမှာ စတင်တူးဖော်နေတာပါ။ ဈေးနှုန်းကတော့ သင့်တင့်ရုံ အခြေအနေပါ"ဟု မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် မြောက်ရှားတောကျေးရွာမှ အာလူးစီးပွားဖြစ် စိုက်ပျိုးသူ ကိုနေမျိုးက ပြောသည်။

ဈေးကွက်အတွင်း ကြော်အာလူး (ကြော်စားသည့် အာလူး) အရည်အသွေးမြင့် ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ဝန်းကျင်ဈေးနှုန်းဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

"အရင်ကဆို ကြော်အာလူးက တစ်ပိဿာကို ငွေကျပ် ၁၂၀၀ လောက်နဲ့ ရောင်းရတဲ့ အချိန်ပါ။ ငွေကျပ် ၁၂၀၀ ဆိုတာက မနှစ်ကရခဲ့တဲ့ ဈေးနှုန်းပါ။ ဒီနှစ်တော့ ဈေးတွေလည်း ကျသွားပါတယ်။ ဝယ်သူ သိပ်မရှိသေးတဲ့အတွက် ဈေးကွက်က အခြေအနေတော့ မကောင်းသေးဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နေသည့် အာလူးများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့ အစရှိသည့် မြို့များသို့လည်းကောင်း၊ ကျောက်ပန်းတောင်းရှိ အာလူးကြော်ဖိုများသို့လည်းကောင်း အများဆုံး တင်ပို့ရောင်းချနေကြသည်။

**နန်းထက်ထက်ချစ်**

# လှိုင်းဘွဲမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေပေးအပ်

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၁၈**
ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့် ရရှိသောလုပ်ငန်းများအား ဒုတိယအကြိမ် ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ခွင့်ရရှိသော ကျေးရွာများအနေဖြင့် လုပ်ငန်းများကို သတ်မှတ် သော စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ပြောကြားပြီ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ရန်ပုံငွေများ ပေးအပ်သည်။



လှိုင်းဘွဲမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းကိုးခု ဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၃၁ ဒသမ ၉ သန်း၊ မြေသားလမ်း၊ ကျောက်ချောမြေသားလမ်းနှင့် ဂဝံမြေခင်းခြင်း လုပ်ငန်း ၁၃ ခု ဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၅၆ ဒသမ ၇ သန်းနှင့် အထွေထွေလုပ်ငန်း ငါးခု ဆောင်ရွက်ရန် ရန်ပုံငွေကျပ် ၁၆ ဒသမ ၇၃ သန်းဖြင့် ဆောင်ရွက်ခွင့်ရရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

# ဝင်ငွေရ ဆောင်းသီးနှံများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် အလားအလာရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**
၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီကာလများတွင် နိုင်ငံတစ်ဝန်းလုံး၌ မိုးရွာသွန်းမှုလျော့နည်းခဲ့ရာ ဆည်များရေဝင်ရောက်မှု ပုံမှန်ထက် လျော့နည်းခဲ့သဖြင့် ယခုနှစ် နွေစပါးရာသီကာလ စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မှု မရှိခြင်းကြောင့် ယခင်နှစ်များကထက် နွေစပါးစိုက်ဧက ငါးသိန်းခန့် လျော့နည်းနိုင်သော်လည်း တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေရ ဆောင်းသီးနှံများအား ပြောင်းလဲစိုက်ပျိုးလာကြကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအစီရင်ခံစာများအရ သိရသည်။

လက်ရှိ ဆောင်းရာသီကာလ၌ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ အစေ့ထုတ်ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီး၊ အာလူး စသည့် ဝင်ငွေရ သီးနှံများအား ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ စုစုပေါင်းဧက ၁၀ ဒသမ ၃၆ သန်း စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်သည်။ ယခင်နှစ်ကာလတူစိုက်ဧကနှင့် နှိုင်းယှဉ်ပါက ၉၅ ဒသမ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေပြီး ဆက်လက်စိုက်ပျိုးမှုများရှိနေကြောင်း တွေ့ရှိရသဖြင့် ဆောင်းသီးနှံ စိုက်ပျိုးကာလမှာ မတ်လကုန်ခန့်အထိဖြစ်ရာ ယခင်နှစ်ကထက် ဝင်ငွေရဆောင်းသီးနှံများ ပိုမိုစိုက်ပျိုးနိုင်မည့် အလားအလာရှိကြောင်း ခန့်မှန်းသိရှိရသည်။

ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လက်ရှိဆည်များ၏ ရေလက်ကျန် အနေအထားအရ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွက် ရေလုံလောက်စွာ ပေးဝေနိုင်မှုမရှိသော်လည်း လာမည့် ၂၀၂၁ ခုနှစ် မိုးစပါးရာသီကာလတွင် ဆည်ရေသောက် ဧရိယာများ၌ တောင်သူလယ်သမားများ စပါးစိုက်ပျိုးရန် ဖြည့်စွက်ရေ ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းဝန်ကြီးဌာနမှ သိရသည်။

**ညီညီသန်း**
**(နေပြည်တော်)**

## စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၂ - ၂၀၂၁

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၀ | ၀ | ၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၅ | ၁၇၇၅၀ |
| MCB | ၇၉၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၉၀၀ | ၁၁ | ၃၀၈၀၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၃ | ၉၉၀၀ |

ညီညီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ခရီးသွားလုပ်ငန်းစဉ်သစ်တစ်ခု ဖြစ်လာမယ့် ကယားပြည်နယ်က ခူးပရာတောင်(ရွှေတောင်တန်း) နယ်မြေ

**ဆွေဦးဝေ**

ကိုဗစ်-၁၉ ကပ်ရောဂါဘေးနဲ့ ကြုံတွေ့နေရတဲ့ ကာလတွေမှာ ကမ္ဘာတစ်ဝန်းမှာ ခရီးသွားလုပ်ငန်းတွေ ကျဆင်းမှုနဲ့ ကြုံတွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာလည်း ခရီးသွားလုပ်ငန်းတွေ ထိခိုက်မှုရှိနေခဲ့တာ ဖြစ်ပေမယ့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန်မှာ ခရီးသွားလုပ်ငန်းတွေ ပြန်လည်ဖွံ့ဖြိုးနိုင်ရေး ခရီးစဉ်သစ်တွေကို ကြိုးစားဖော်ဆောင်လျက်ရှိပါတယ်။ သဘာဝက ပေးထားတဲ့ ရေမြေတောတောင်နဲ့ သယံဇာတ အရင်းအမြစ်တွေအပြင် ရှေးဟောင်းအမွေအနှစ်တွေလည်း နိုင်ငံအနှံ့အပြား တည်ရှိနေပါတယ်။ အဲဒီသဘာဝက လက်ဆောင်ရရှိထားတဲ့ သဘာဝအလှအပတရားတွေကို အခြေပြုပြီး ခရီးသွားလုပ်ငန်းသစ်တွေ ဖော်ဆောင်လျက်ရှိရာမှာ ကယားပြည်နယ် ခူးပရာတောင် (ရွှေတောင်တန်း) နယ်မြေကို Eco Tourism အဖြစ် ပေါ်ထွက်လာစေဖို့ ဆောင်ရွက်မှုတွေပြုလုပ်လျက်ရှိပါတယ်။



ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အနောက်ဘက် ခူးပရာကျေးရွာအုပ်စု ခူးပရာကျေးရွာအနီးမှာ တည်ရှိတဲ့ ခူးပရာတောင်(ရွှေတောင်တန်း) နေရာဝန်းကျင်ဒေသကို ခရီးသွားခရီးစဉ်သစ်အဖြစ် ဖော်ဆောင်နိုင်ရေး ကြိုးစားနေပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ကယားပြည်နယ်ဒေသဆိုင်ရာ ခရီးသွားကော်မတီဝင်တွေ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့တွေ ပူးပေါင်းပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတွေလည်း အဲဒီဒေသကို သွားရောက်လေ့လာမှုတွေ ပြုလုပ်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

## အလှပဆုံးရှုခင်းတွေ မြင်တွေ့နိုင်

တကယ်တော့ ခူးပရာ(ရွှေတောင်တန်း) ဒေသဟာ တောတောင်၊ သစ်ပင်၊ ကျေးငှက်တိရစ္ဆာန်တွေနဲ့ သဘာဝအတိုင်းပျက်စီးမှု မရှိသေးတဲ့ လှပပြီး စိတ်ကြည်နူးစရာ ဆွဲဆောင်နိုင်တဲ့ အပျိုစင်ဒေသတစ်ခု ဖြစ်ပါတယ်။ ခူးပရာတောင်ကြောဟာ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၅၈၀၀ ကျော်မှာ တည်ရှိနေတာဖြစ်လို့ လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်မှာတော့ အလှပဆုံးရှုခင်းတွေ မြင်တွေ့ခံစားရနိုင်တဲ့ နေရာလည်း ဖြစ်ပါတယ်။

**“ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် အနောက်ဘက် ခူးပရာကျေးရွာအုပ်စု ခူးပရာကျေးရွာအနီးမှာ တည်ရှိတဲ့ ခူးပရာတောင်(ရွှေတောင်တန်း) နေရာဝန်းကျင်ဒေသကို ခရီးသွားခရီးစဉ်သစ်အဖြစ် ဖော်ဆောင်နိုင်ရေး ကြိုးစားနေ”**



ခူးပရာတောင်(ရွှေတောင်တန်း)နဲ့ ခူးပရာကျေးရွာဟာ ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့မှ ဆိုင်ကယ်၊ မော်တော်ယာဉ်တွေနဲ့ သွားမယ်ဆိုရင်အချိန် နှစ်နာရီခန့်ကြာမြင့်မှာ ဖြစ်ပါတယ်။ လမ်းအခြေအနေအရ အချိန်ကြာတယ်လို့ ထင်ခဲ့ရပေမယ့် အခုအချိန်မှာတော့ ကတ္တရာလမ်းအဆင့်အထိ ခင်းနိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လွိုင်ကော်မြို့မှ ခူးပရာကျေးရွာဟာ ၃၅ မိုင် ခန့်ကွာဝေးပေမယ့် ခရီးလမ်းပန်းသာယာတာမို့ အဆင်ပြေပြေ သွားလာနိုင်မှာ ဖြစ်ပါတယ်။

ခူးပရာတောင်(ရွှေတောင်တန်း) တောင်ကြောဒေသမှာ စိမ်းစိုလန်းဆန်းနေတဲ့ သဘာဝသစ်ပင်ပန်းမန်တွေ၊ အနိမ့်အမြင့် လှပစွာနဲ့ အလိပ်လိုက်၊ အထပ်လိုက်သဖွယ် တည်ရှိနေတဲ့ တောင်တန်းတွေက ရောက်ရောက်ချင်းအချိန်မှာပဲ ခရီးသွားတွေကို စိတ်တွေလန်းဆန်းသွားစေမှာ ဖြစ်ပါတယ်။ တောလမ်းခရီး၊ တောင်တက်ခရီးတွေလည်း ဖြတ်သန်းကြုံတွေ့ခွင့် ရှိနိုင်မှာဖြစ်သလို ရှားပါးပန်းမန်နဲ့ သစ်ပင်မျိုးစိတ်တွေကိုလည်း လေ့လာနိုင်ကြမှာ ဖြစ်ပါတယ်။

## လှည့်လည်လေ့လာနိုင်

ဒ့ါအပြင် ခူးပရာရွာနဲ့ အနီးဝန်းကျင်မှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေ၊ နေရာဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုဘဝနေထိုင်မှုတွေ၊ ဒေသရိုးရာအစားအစာတွေနဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေ၊ ဒေသခံတွေရဲ့ ရိုးရာဓလေ့ပွဲတော်တွေနဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုတွေကို အနီးကပ်လေ့လာနိုင်မှာ ဖြစ်ပါတယ်။ တောင်ပေါ်ဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးရှင်းတဲ့ဘဝနေထိုင်မှုနဲ့ အတူတကွဖြတ်သန်းနိုင်မှု အခွင့်အရေးတွေလည်း ရရှိနိုင်မှာ ဖြစ်သလို ခူးပရာတောင်ကြောတစ်ဝိုက်မှာ ကျင်လည် ကျက်စားနေတဲ့ သဘာဝကျေးငှက်နဲ့ တိရစ္ဆာန်တွေကိုလည်း လှည့်လည် လေ့လာနိုင်မှာဖြစ်ပါတယ်။

ခူးပရာတောင် (ရွှေတောင်တန်း) နယ်မြေအပြင် ကရင်ပြည်နယ် သံတောင်ကြီးအထိ ချိတ်ဆက်လေ့လာနိုင်တဲ့ ခရီးသွား ခရီးစဉ်အသစ်အဖြစ် ဖြစ်ထွန်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒီးမော့ဆိုမြို့နယ်မှ ဒေသခံလူမျိုးတွေနေထိုင်တဲ့ အနေအထားကို ကြည့်ရင်လည်း ကယား၊ ရှမ်း၊ ဗမာ၊ ကရင် စတဲ့ တိုင်းရင်းသားတွေ နေထိုင်ကြတာ ဖြစ်ပါတယ်။ ဒီးမော့ဆို မြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၉၈၂ ပေ မှာ တည်ရှိနေတာဖြစ်သလို အကျယ်အဝန်းက ၁၇၇ ဒသမ ၄၆ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ ဒီးမော့ဆို မြို့နယ်အတွင်းမှာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရွာတွေ လည်း ဖော်ဆောင်နေတာမို့ ဆင်တောင်ရွာ၊ ငံရိုးရွာ၊ ဒေ့ါတံ ငူရွာ၊ ဒေ့ါတဒါးရွာ၊ ဒေ့ါပိုးစီရွာဟာ အခုဆိုရင် အဲဒီ စီမံကိန်း ရဲ့ အကျိုးသက်ရောက်မှုတွေရရှိနေပြီ ဖြစ်ပါတယ်။

ခရီးသွား ခရီးစဉ်သစ်အဖြစ် ဖော်ဆောင်တဲ့အခါ အဲဒီ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရွာတွေကိုလည်း သွားရောက်လေ့လာလို့ရပါတယ်။ ဒီစီမံကိန်းကိုလည်း ကယားပြည်နယ်မှာရှိတဲ့ ရွာပေါင်း ၂၂ ရွာမှာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကနေပြီး ၂၀၁၉-၂၀၂၀ ပြည့်နှစ် ဘဏ္ဍာနှစ်အထိ လုပ်ဆောင်နေတာဖြစ်ကာ ဆက်လက်ဆောင်ရွက်သွားမယ့် ဖွံ့ဖြိုးရေး အစီအစဉ်တွေလည်း ရှိနေပါတယ်။

တကယ်တော့ ကယားပြည်နယ်ဟာ မြန်မာနိုင်ငံ အရှေ့ပိုင်းမှာ တည်ရှိပြီး ကယားပြည်နယ်ရဲ့ မြောက်ဘက်မှာ ရှမ်းပြည်နယ်၊ အရှေ့ဘက်မှာ ထိုင်းနိုင်ငံ၊ တောင်ဘက်မှာ ကရင်ပြည်နယ်တို့နဲ့ ထိစပ်နေပါတယ်။ ဒ့ါကြောင့်လည်း ခရီးသွား ခရီးစဉ်သစ် ဒေသတစ်ခုအနေနဲ့ ခူးပရာတောင် (ရွှေတောင်တန်း) ဒေသကနေပြီး ကရင်ပြည်နယ် သံတောင်ကြီး၊ ရှမ်းပြည်နယ်နဲ့ ထိစပ်နေတဲ့ နေရာတွေအထိ ခရီးစဉ်တွေ တိုးချဲ့ပေးနိုင်ဖို့အထိ ဖြစ်ပေါ်လာနိုင်ပါတယ်။

## ရာသီမရွေး သွားလာနိုင်

အခုဆိုရင် ဒီးမော့ဆိုမြို့နယ်အတွင်း ခူးပရာရွာနဲ့ လိုဘာခူရွာအထိ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းဟာလည်း အချို့လမ်း အစိတ်အပိုင်းတွေက ကတ္တရာလမ်းအထိ ဖြစ်ထွန်းအောင်ဆောင်ရွက်နေပြီး မကြာမီကာလမှာ ပြီးစီးသွားတော့မှာ ဖြစ်ပါတယ်။ ဒီကားလမ်းဟာ ကျေးရွာပေါင်းကိုးရွာကို ဆက်စပ်ဖြတ်သန်းထားတာ ဖြစ်ပါတယ်။ ဒီလမ်းပြီးစီးသွားရင် ဒီးမော့ဆိုမြို့နယ်နဲ့ လွိုင်ကော်မြို့နယ်တို့ကို ဆက်သွယ်သွားလာနိုင်မှာ ဖြစ်တာမို့ အခုဖော်ဆောင်နေတဲ့ ခရီးသွားခရီးစဉ်ဖြစ်တဲ့ ခူးပရာတောင်(ရွှေတောင်တန်း) ဒေသကနေပြီး ကယားပြည်နယ် မြို့တော် လွိုင်ကော်ကို ရာသီမရွေး၊ အချိန်မရွေး သွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ ခရီးသွားဧည့်သည်တွေ အတွက်လည်း သွားလာရေးအတွက် လွယ်ကူမြန်ဆန်ချောမွေ့စွာ ရောက်ရှိနိုင်တော့မှာ ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ ခရီးသွားဧည့်သည်တွေ အတွက် ထင်ရှားတဲ့နေရာတွေလည်း ရှိနေပြီး အဲဒါတွေက တောင်ကွဲစေတီ၊ လောပိတ ရေတံခွန်၊ ကန်ခုနစ်ဆင့်နှင့် ထီးပွင့်ကန်၊ ကြတ်ဂူနဲ့ ငွေတောင်ဆည် စတာတွေ ရှိပါတယ်။ အဲဒီနေရာတွေကတော့ ခရီးသွားတွေအတွက် ပုံမှန်သွားလာ လေ့လာလည်ပတ်တဲ့ နေရာတွေဖြစ်နေတာမို့ ခရီးသွားတွေအတွက် ခရီးစဉ်သစ်တွေကို ဖော်ထုတ်နိုင်ရေးကြိုးစားရာမှာ အခုလို ခူးပရာတောင်(ရွှေတောင်တန်း) နယ်မြေကို ရွေးချယ်ပြီး ဖော်ဆောင်နေတာလည်း ဖြစ်ပါတယ်။

အဲဒီနယ်မြေဒေသဟာ ထူးခြားပြီး အေးမြလန်းဆန်းတဲ့ မြင်ကွင်းတွေကို ပင်ကိုသဘာဝအတိုင်း ကိုယ်တိုင်ထိတွေ့ခံစားနိုင်မှာ ဖြစ်ပါတယ်။ တောတောင်ခရီးကို ကိုယ်တိုင်ဖြတ်သန်းကာ တောင်ပေါ်နေ တိုင်းရင်းသားတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ ကျေးရွာတည်ရှိ နေမှုတွေ၊ တိုင်းရင်းသားတွေရဲ့ ပင်ကိုသဘာဝနေထိုင်မှု ဘဝပုံရိပ်တွေကို တစ်သားတည်းဖြစ်အောင် လေ့လာနိုင်မှာ ဖြစ်ပါတယ်။

ခေတ်သစ်ခရီးသွားလုပ်ငန်းဟာ သဘာဝအခြေခံအတိုင်း တည်ရှိနေတဲ့ သဘာဝပတ်ဝန်းကျင်တွေကို ထိတွေ့ခံစားရင်း လေ့လာအပန်းဖြေတာမျိုး ဖြစ်တာမို့ ကိုဗစ်အလွန်ကာလမှာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်မှာရှိတဲ့ ခူးပရာတောင်(ရွှေတောင်တန်း)နယ်မြေဟာ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ခရီးစဉ်သစ်တစ်ခုအဖြစ် ဆွဲဆောင်နိုင်မှာ ဖြစ်ပါတယ်။ ။

# ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ



**ပဲခူး ဖေဖော်ဝါရီ ၁၈**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်တာကာလ စီးပွားရေးနှောင့်နှေးမှုကို ပြန်လည်ကုစားနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဒေသတွင်း လုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ လက်ရှိ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ယခင်တည်ဆောက်ရေးလုပ်ငန်းများ၊ တည်ဆောက်ဆဲ လုပ်ငန်းများကိုလည်း စည်းကမ်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီ လမ်းကြောင်းအတိုင်း သွေဖည်မှုမရှိစေဘဲ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းတွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်ရှိကြောင်း၊ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ သဘောထားမတူသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း၊ ကျူးလွန်မှုများ ပြုလုပ်နေသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး တိုင်ကြားရမည့် တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်းနှင့် ပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး တစ်ပြိုင်တည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ပြောသည်။

ထို့နောက် တက်ရောက်လာသည့် ပဲခူးမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များဖြည့်စွက်မှာကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပဲခူးမြို့ ဒေသခံ လုပ်ငန်းရှင်များ တက်ရောက်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ကယားပြည်နယ်အတွင်း ခရိုင်၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**လွိုင်ကော် ဖေဖော်ဝါရီ ၁၈**
ကယားပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ဝဲပုံ)**

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဦးဘူးရယ်က ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ဒေသကိုယ်စားပြုသူတစ်ဦး ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများတွင် ဌာနဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်သွားကြရန်နှင့် မိမိအနေဖြင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိက အလေးထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေကြသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အရှိန်မပျက် အကောင်းဆုံး ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်သုံးစွဲရာတွင်လည်း ဥပဒေများနှင့်အညီ သုံးစွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရိုင် / မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်မည့် ဒေသကိုယ်စားပြုသူတစ်ဦး ရွေးချယ်ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဒေသကိုယ်စားပြု အမည်စာရင်းများအား ခရိုင်၊ မြို့နယ်အလိုက် တင်ပြချက်များအပေါ် မူတည်ပြီး ဆုံးဖြတ်အတည်ပြုပေးမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်နိုင်မှု ရှိ မရှိ မှန်ကန်စွာရွေးချယ်ရန်လိုကြောင်းသိရပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးကြကြောင်း သိရှိရသည်။

အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် စီမံ အုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဇီးဖြူကုန်းကျေးရွာသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ဝန်းသို ဖေဖော်ဝါရီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သတ္တမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၆၀ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

## လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရသည့် အကြောင်းအရင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ လက်ရှိဖြစ်ပေါ်နေသော အပြောင်းအလဲကာလအတွင်း စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ရေးမှာကြားပြီး ဇီးဖြူကုန်းကျေးရွာ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းထံ သတ္တမအကြိမ်မြောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၆၀ ကို လွှဲပြောင်းပေးအပ်သည်။

## ပြန်လည်ထုတ်ချေးမည်

အခမ်းအနားသို့ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးမှ ဝန်ထမ်းများ၊ ဇီးဖြူကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး အဆိုပါ လည်ပတ်ရန်ပုံငွေမှ မွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် အသင်းဝင် ၁၀၇ ဦးထံ ပြန်လည်ထုတ်ချေးမည်ဖြစ်ကြောင်း မြို့နယ်စီမံကိန်းတာဝန်ခံ ဦးဖြိုးကျော်ထံက သိရသည်။

**မွေးကြူဗင်**




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**




**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။**




**ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း**




**ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း**




**စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၅-၂-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၀၃ | ဦးအောင်မြင့် (နမ့်စန်(မ)) | ၁,၁၁၀,၀၀၀ |
| ၁၀၄ | ဒေါ်ခင်ငြိမ်း (ရေနံချောင်းမြို့) | ၃၀,၀၀၀ |
| ၁၀၅ | ဒေါက်တာအောင်သူရ၊မနှင်းနှင်းအေး (ရေနံချောင်းမြို့) | ၅၀,၀၀၀ |
| ၁၀၆ | ဒေါ်ရင်ရင် (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၁၀၇ | ဦးခင်မောင်ကြီး+ဒေါ်ဆင့်ဆင့် (ဖောင်းပြင်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၀၈ | ဒေါ်စန်းစန်းဝင်း (ဖောင်းပြင်မြို့) | ၁၀၀,၀၀၀ |
| ၁၀၉ | ဒေါ်ငွေးငွေး (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၁၀ | ဒေါ်သန်းသန်း (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၁၁၁ | ဦးတင်လှ၊ဒေါ်သန်းသန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၂ | ဦးကိုကိုနိုင် (ကျောက်ထုမြို့) | ၁၀၀,၀၀၀ |
| ၁၁၃ | ဦးလှငွေ+ဒေါ်ခင်ဝင်းရီ (မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁၄ | ဦးခင်မောင်လတ်၊အေးအေးမြင့် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၅ | HI AIR KOREA (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၁၆ | ဦးအောင်ခင် (ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၁၁၇ | ဦးကိုကိုနိုင်၊ဒေါ်ခင်နုဆွေ (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၁၈ | ဒေါ်တင်အေး(မိသားစု) (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁၉ | ဦးသောင်းအေး၊ဒေါ်မြင့်မြင့်သန်း (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၂၀ | ဦးစောဟန်(မိသားစု) (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂၁ | ဦးသန်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂၂ | ဒေါ်ပပထွေး (ရန်ကုန်မြို့) | ၁,၀၀၀,၀၀၀ |
| ၁၂၃ | ဦးသိန်းဇော်၊ဒေါ်မြသီတာ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၂၄ | ဒေါ်ခင်ခင်ဝင်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၁၂၅ | ဒေါ်တင်မိုးမြတ် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂၆ | စုတည်ကျေးရွာအုပ်စု အများပြည်သူကောင်းမှု (ညောင်ဦးမြို့) | ၁,၈၈၂,၅၀၀ |
| ၁၂၇ | KK+CS (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၁၂၈ | မေသက်မွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၂၉ | ဆက်မင်းကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၁၃၀ | ချယ်ရီဦး(ဦးမြင့်လွင်+ဒေါ်ရီရီမြင့် မိသားစု) (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၃၁ | ဦးအဂ္ဂမေ့ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၅,၀၀၀ |
| ၁၃၂ | ချယ်ရီဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၃ | ဒေါ်ခင်သိန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၃၄ | ဦးမြညွန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၁၃၅ | ဇာနည်ခိုင်၊ယုယုဟန်၊ယွန်းအိမ့်လွှာ၊ဝင်းသီရိမော်၊လှဲ့ရည်ဝင်း၊အေးမင်းမင်းမြတ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၈၀,၀၀၀ |
| ၁၃၆ | ဦးမြင့်သက် + ဒေါ်ရီ ချမ်းသာမြေပဲဆီသန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၁၃၇ | ဦးဝင်းသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၃၈ | ဦးအေးလွင်နှင့်ဒေါ်နီလာခင် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၃၉ | မေစန္ဒာခင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၄၀ | ဒေါ်ခင်ခင်အုံး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၁ | သန္တာမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၄၂ | ကျော်သိမ့်သိမ့်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၄၃ | ဦးအေးမောင်+ဒေါ်ပိုက်မိ အားရည်စူး၍ ကျန်ရစ်သူမိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၃၀,၀၀၀ |
| ၁၄၄ | ဒေါ်တင်နု+မဝတ်ရည် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၅ | အေးမြမွန်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၄၆ | သော်တာလင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၁၄၇ | မိုင်အေးအေးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၄၈ | Donation of 26 National staff from SCAO Yangon and Nay Pyi Taw Offices | ၇၈၆,၄၀၀ |
| ၁၄၉ | စောနီလာငွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၅၀ | ဦးရေဝတ(ကမ္ဘာ့အေးဘုန်းကြီးကျောင်း)(ဒဂုံမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၁၅၁ | ဦးသာသာတိုး (မင်္ဂလာဒုံမြို့နယ်) | ၂၀,၀၀၀ |
| ၁၅၂ | ထက်ခိုင်ဇော် (သာကေတမြို့နယ်) | ၃,၀၀၀ |
| ၁၅၃ | ဦးရဲမျိုးထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၁၅၄ | ဒေါ်ဖြူဖြူလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၅၅ | ဦးသန်းထွန်း+ဒေါ်ကြင်သိန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၅၆ | ဒေါက်တာဇော်လွင် (OG) (နေပြည်တော်) | ၁၁၀,၀၀၀ |
| ၁၅၇ | မြိတ်မြို့နယ်(ပညာရေး) ငွေစုငွေချေးသမဝါယမအသင်းလီမိတက် (မြိတ်မြို့) | ၁၅,၀၀၀,၀၀၀ |
| | | |
| | ၅-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၇၆,၂၉၈,၅၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၈-၂-၂၀၂၁ ရက်နေ့)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| ၁ | ဦးမျိုးလှိုင် (ပျဉ်းမနားမြို့) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်ရင်ရင် (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၃ | မငြိမ်းယုဇင် (တန့်ဆည်မြို့) | ၁,၂၀၀,၀၀၀ |
| ၄ | ဒေါ်ပပဝင်း (ခင်ဦးမြို့) | ၁,၂၀၀,၀၀၀ |
| ၅ | ဒေါက်တာထက်ဖြိုးဝေ (နမ့်ဆန်မြို့) | ၅,၂၆၂,၀၀၀ |
| ၆ | ဦးသန်းအောင်+ ဒေါ်နှင်းအေး မိသားစု (ထီးချိုင့်မြို့) | ၅၀,၀၀၀ |
| ၇ | ဦးဝင်းအောင်+ဒေါ်နွယ်နီအောင် မိသားစု(ထီးချိုင့်မြို့) | ၅၀,၀၀၀ |
| ၈ | ဦးသန်းရွှေဒေါ်ဝါဝါဦး (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၉ | PACT MANAGER (ရေကြည်မြို့) | ၁,၂၀၀,၀၀၀ |
| ၁၀ | ဒေါ်စိန်ငွေး၊ မလွဲလွဲဝင်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၁ | ဦးညိုဝင်း၊ ဒေါ်ကြည်ကြည်ဝင်း(ရန်ကုန်မြို့) | ၃၀,၀၀၀ |
| ၁၂ | ဒေါ်ခင်လှ မိသားစု (လှိုင်မြို့နယ်) | ၁၀,၀၀၀ |
| ၁၃ | ကိုဇော်လင်းနိုင်(ရန်ကုန်မြို့) | ၁၅,၀၀၀ |
| ၁၄ | ဆရာတော်ဉူးသောမ (ပျဉ်းမနားမြို့) | ၅၀,၀၀၀ |
| ၁၅ | ဦးရန်လင်းအောင် (တီကျစ်မြို့) | ၃၀,၀၀၀ |
| ၁၆ | ဦးခင်မောင်ငွေး (ကြံခင်းမြို့) | ၁၀၀,၀၀၀ |
| ၁၇ | မော်လိုက်ပညာရေးမှူးရုံး (မော်လိုက်မြို့) | ၇၀,၀၀၀ |
| ၁၈ | မြို့နယ်ပညာရေးမိသားစု (မော်လိုက်မြို့) | ၇၀၀,၀၀၀ |
| ၁၉ | ဦးဖေထန်း (ကလေးဝမြို့) | ၁,၄၃၈,၀၀၀ |
| ၂၀ | DAGON UNIVERSITY (ရန်ကုန်မြို့) | ၃,၃၅၈,၀၀၀ |
| ၂၁ | ဦးအောင်ကျော် (ကျောက်မဲမြို့) | ၂၅၀,၀၀၀ |
| ၂၂ | ဒေါ်အိအိဝင်းနှင့်ဝန်ထမ်းများ(ဆေးရုံ) (ဖောင်းပြင်မြို့) | ၁,၅၀၀,၀၀၀ |
| ၂၃ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ (ကနီမြို့) | ၁,၂၂၀,၀၀၀ |
| ၂၄ | ဒေါ်စိန်စိန် (ရန်ကုန်မြို့) | ၄၀,၀၀၀ |
| ၂၅ | ဦးသိန်းမြင့် (သန်လျင်မြို့နယ်) | ၃၀,၀၀၀ |
| | | |
| | ၈-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၁၈,၁၂၄,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ




အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျဲန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း




ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း




ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပုံမှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း




အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ




**အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ**

---




**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်**

---




**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံ ဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**

---




**အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်**

## COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း

(၉-၂-၂၀၂၁ ရက်နေ့)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| ၁ | ဒေါ်အေးသောင်းနိုင် (ကျိုင်းတုံမြို့) | ၅၀၀,၀၀၀ |
| ၂ | ဦးထွန်းဆောင် (နမ့်စန်(တ) မြို့) | ၁,၂၀၀,၀၀၀ |
| ၃ | ဦးစိုးသူ (ယင်းမာပင်မြို့) | ၁,၂၀၀,၀၀၀ |
| ၄ | ဦးဇာနည်ထွန်း (ညောင်ရွှေမြို့) | ၁,၂၀၀,၀၀၀ |
| ၅ | ဒေါ်ခင်မာလာ (အောင်လံမြို့) | ၇၃၇,၀၀၀ |
| ၆ | စိုင်းမောင်ငယ် (ပင်လောင်းမြို့) | ၁,၂၀၀,၀၀၀ |
| ၇ | Pact Global Microfinance Fund (ရပ်စောက်မြို့) | ၁,၂၀၀,၀၀၀ |
| ၈ | Pact Global Microfinance Fund (အရာတော်မြို့) | ၁,၂၀၀,၀၀၀ |
| ၉ | မန်နေဂျာ (ကဝမြို့) | ၁,၄၅၂,၀၀၀ |
| ၁၀ | Pact Global Microfinance Fund (ညောင်ဦးမြို့) | ၁,၂၀၀,၀၀၀ |
| ၁၁ | ဦးနေမျိုး+ဒေါ်ယဉ်ယဉ်ထွန်း သမီး-မနှင်းဝတီ၊ မရွှန်းဝတီ မိသားစု (ညောင်ဦးမြို့) | ၁၀၀,၀၀၀ |
| ၁၂ | ကွယ်လွန်သူ ဒေါ်အုန်းမြင့်အားရည်စူး၍ ဒေါ်မိုးစန္ဒာဝင်း ရွှေလရောင်ဆေးဆိုင်မိသားစု (ညောင်ဦးမြို့) | ၁၅၀,၀၀၀ |
| ၁၃ | ဦးစည်သူဗိုလ် (ငါန်းဇွန်မြို့) | ၁,၂၀၀,၀၀၀ |
| ၁၄ | ဦးအောင်ရီ+ဒေါ်ဝင်း အောင်မြကြည်ထီဆိုင် မိသားစု (ညောင်ဦးမြို့) | ၂၀၀,၀၀၀ |
| ၁၅ | ဒေါ်ရီရီဝင်း (ချောင်းဦးမြို့) | ၁,၂၀၀,၀၀၀ |
| ၁၆ | ဦးကျော်ကျော်မင်း+ဒေါ်သွယ်သွယ်တင် နှင်းဆီတည်းခိုခန်း မိသားစု(ညောင်ဦးမြို့) | ၁၀၀,၀၀၀ |
| ၁၇ | မမိုးမိုးငြိမ်း (ဝက်လက်မြို့) | ၁,၂၀၀,၀၀၀ |
| ၁၈ | ဦးတင့်ဆွေ+ဒေါ်အေးအေးမြင့် နန္ဒာစားသောက်ဆိုင် (ညောင်ဦးမြို့) | ၂၀၀,၀၀၀ |
| ၁၉ | ဦးအောင်ကျော်မြင့်+ဒေါ်နွဲ့နွဲ့ဝင်း ဟိုတယ်ဇိမ် မိသားစု (ညောင်ဦးမြို့) | ၃,၀၀၀,၀၀၀ |
| ၂၀ | ဒေါ်ယဉ်လှ (ဘုတလင်မြို့) | ၁၀၀,၀၀၀ |
| ၂၁ | ဦးကြည်ဦး (ဘားအံမြို့) | ၁၀၀,၀၀၀ |
| ၂၂ | Pact Global Microfinance Fund (သိန္နီမြို့) | ၁,၂၀၀,၀၀၀ |
| ၂၃ | ဦးဇော်လင်းထွန်း+ခင်စိုးထိုက် (ညောင်ဦးမြို့) | ၂၀,၀၀၀ |
| ၂၄ | ကိုတင်လင်း (ဗန်းမော်မြို့) | ၅၅၅,၀၀၀ |
| ၂၅ | ဦးစိုးခိုင်ဦး (ကမာရွတ်မြို့နယ်) | ၂၀၀,၀၀၀ |
| ၂၆ | ဦးအောင်ဇော်ဝင်း(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇ | ဒေါ်တင်တင်ညွန့်(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၈ | ဒေါ်မြမြစိုး(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၂၉ | ဦးကျော်ဌေး(ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀ | ဦးပြည့်ဖြိုးသူ(ကမာရွတ်မြို့နယ်) | ၃၀,၀၀၀ |
| ၃၁ | Pact Global Microfinance Fund (ပုလဲမြို့နယ်) | ၁,၂၀၀,၀၀၀ |
| ၃၂ | ဦးခင်မျိုး (ညောင်ဦးမြို့) | ၇၂၀,၀၀၀ |
| ၃၃ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ | ၃,၀၀၀ |
| | | |
| | ၉-၂-၂၀၂၁ ရက်နေ့ စုစုပေါင်း | ၂၂,၉၆၇,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

# ဒလမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရာသီမရွေးသွားလာနိုင်သော လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ပိုမိုချိတ်ဆက်ပြီး တိုးတက်ကောင်းမွန်စေရေးအတွက် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများကို နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားလုပ်ငန်းတာဝန်ခံအဖွဲ့က အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကျေးလက်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးလျက်ရှိသည်။

" မြို့ပြဖွံ့ဖြိုးတိုးတက်မှုနဲ့ အတူ ကျေးလက်ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကိုပါ အရှိန်အဟုန်မပျက် ဆောင်ရွက်နေပါတယ်။ ကွဲလူးအိုင်ကျေးရွာ အဝင်လမ်း အရှည်ပေ ၇၂၀၀၊ အကျယ် ၁၄ ပေကို ကျောက်ချောလမ်း ခင်းပြီးပါပြီ။ ညောင်ပင်ကျေးရွာကနေ ရွှေလှေချောင်းကျေးရွာအထိ အရှည် ပေ ၁၆၅၀၀ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီးဖြစ်ပါတယ်။ ရခိုင်ချောင်းကျေးရွာနဲ့ ခနောင်ကျေးရွာတို့ကို ဆက်သွယ်တဲ့ မြို့ရောင်လမ်းမကြီးကိုလည်း အပိုင်း(၁) အရှည် ပေ ၆၈၀၀ ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကျောက်ချောလမ်းခင်းပြီးသွားပါပြီ။ အပိုင်း(၂) အရှည် ပေ ၈၀၀၀၊ အကျယ် ၁၆ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအနေနဲ့ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပါပြီ။ လာမယ့် ၂၀၂၂ စက်တင်ဘာလမှာ ဒလမြို့နယ်မှာရှိတဲ့ ကျေးရွာအချင်းချင်း ချိတ်ဆက်သွားလာမှုအားကောင်းလာမှာဖြစ်ပါတယ်။ ခုဆို ကျေးရွာချင်းဆက်လမ်းနဲ့ တံတားတွေကို အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် အရင်ကထက် အများကြီး ဖွံ့ဖြိုး တိုးတက်လာပါတယ်။ ကျေးလက်ဒေသတွေရဲ့ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအနေနဲ့ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီလမ်းတံတားဌာန ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောသည်။



လမ်းပုံ- ရခိုင်ချောင်းကျေးရွာနှင့် ခနောင်ကျေးရွာချင်းဆက် မြို့ရောင်လမ်းမကြီး အပိုင်း(၂) ကျောက်ချောလမ်းခင်းခြင်းကို မြင်တွေ့ရစဉ်။

ထို့အတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း၌ ရခိုင်ချောင်းကျေးရွာ-လိပ်ကုန်းကျေးရွာ-အနိုးချောင်ကြီးကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် ပေ ၉၃၅၀၊ သမ္ဘာန်ချောင်းကျေးရွာ-ဝဲကြီးကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် ပေ ၈၁၀၀ တို့ကို ရာသီမရွေးသွားလာနိုင်မည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကျေးလက်ဒေသများကို စနစ်တကျဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သော လမ်းများ၊ တံတားများ၊ ရေမြောင်းစသည့် ကဏ္ဍများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်၌ ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ စုစုပေါင်း ၅၄ ရွာရှိကာ ကျေးလက်ဒေသများတွင် နေထိုင်ကြသော ဒေသခံပြည်သူများသည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျခဲ့သော်လည်း၊ လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေး ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများ၊ တံတားများ တည်ဆောက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**နိုင်လင်းကျော် (ပြန်ဆက်)**

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ငါန်းဇွန်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်

**ငါန်းဇွန် ဖေဖော်ဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကုန်းသာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ယနေ့နံနက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝေဖြိုးကျော်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ကုန်းသာကျေးရွာ ဖွံ့ဖြိုးရေးကော်မတီများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များနှင့် ပစ္စည်းဝယ်ယူစုဆောင်း ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ အငယ်တန်းအင်ဂျင်နီယာ-၂ နှင့် တာဝန်ရှိသူများက မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကွန်ကရစ်လမ်းမှာ အရှည် ၆၄၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကွန်ကရစ်လမ်းဆောင်ရွက်ပြီးပါက ကုန်းသာကျေးရွာ ပြည်သူများအတွက် သွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မိုင်းဆတ်မြို့၌ ဝမ်ကောင်း-မာမူအဲ-ပါမူကျေးရွာချင်းဆက် ကျောက်ခင်းလမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဆတ် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဝမ်ကောင်း-မာမူအဲ-ပါမူကျေးရွာချင်းဆက် ကျောက်ခင်းလမ်းဆောင်ရွက်နေမှုကို ယမန်နေ့က ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူတို့က ကွင်းဆင်းစစ်ဆေးသည်။

ဝမ်ကောင်း-မာမူအဲ-ပါမူလမ်း အရှည် သုံးမိုင်တွင် ကျောက်လမ်းခင်းရန်ကျန်ရှိသည့် နှစ်မိုင်ကို ကျောက်ခင်းခြင်း၊ အရှည် ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းနှင့် ငါးပေ ရေထုတ်ပြွန်လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စု ရန်ပုံငွေကျပ် ၃၇၇ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လုပ်ငန်း ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ ယမန်နေ့က ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က စစ်ဆေးခဲ့ပြီးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ဝမ်ကောင်း၊ မာမူအဲနှင့် ပါမူကျေးရွာရှိ အိမ်ခြေ ၁၃၀ အိမ်၊ လူဦးရေ ၇၂၀ တို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီး ဒေသထွက် စိုက်ပျိုးရေး၊ မွေးမြူရေးထွက် ကုန်များ ရောင်းဝယ်မှု ပိုမိုတိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်(မိုင်းဆတ်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ဝုဖ်အိမ်ကွင်းမှာ လိဒ်စ်အသင်းအနေနဲ့ ပထမအကျော့ ရှုံးကြွေးကို ယခုပွဲစဉ်မှာ ပြန်ဆပ်သွားနိုင်မလား

ပရီမီယာလိဂ်ပွဲစဉ် (၂၅)မှ အစောဆုံးပွဲစဉ်အဖြစ် ဝုဖ်အသင်းနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၂ နာရီခွဲတွင် ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ် (၂၄)ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။




လိဒ်စ်အသင်းနှင့် ဝုဖ်အသင်းတို့ ပထမအကျော့ ယှဉ်ပြိုင်ကစားခဲ့စဉ်က ဝုဖ်အသင်းမှ ကစားသမားတစ်ဦး လိဒ်စ်အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ဝုဖ်အသင်းက ပရီမီယာလိဂ်အမှတ်ပေးဇယား ရပ်တည်မှုတွင် ၂၄ ပွဲကစားပြီး ရှစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၁၀ ပွဲရှုံးနိမ့်ထားသောကြောင့် အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည်။ လိဒ်စ်အသင်းက ပရီမီယာလိဂ် ၂၃ ပွဲကစားပြီး ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၁ ပွဲ ရှုံးနိမ့်ထားသောကြောင့် ရမှတ် ၃၂ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထို့ကြောင့် အမှတ်ပေးဇယားရပ်တည်မှုအရ အဆင့် (၁၂)နှင့် (၁၁) နေရာတွင် ရပ်တည်နေသည့်အသင်းနှစ်သင်း တွေ့ဆုံနေသည့်အတွက် ပွဲမှာ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။

ဝုဖ်အသင်း၏ လက်ရှိခြေစွမ်းကိုကြည့်လျှင် အာဆင်နယ်၊ ချယ်ဆီး၊ လက်စတာ စသည့်အသင်းကြီးများကို မရှုံးနိမ့်အောင်ကစားထားနိုင်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ဆောက်သမ်တန်အသင်းနှင့်ပွဲစဉ်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အတွက် ခြေစွမ်းကျစ်လျစ်မှုရှိသည်ကို တွေ့ရသည်။ ဝုဖ်အသင်းသည် အဆိုပါပွဲစဉ်တွင် နီဗက်စ်နှင့် နီတိုတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လိဒ်စ်အသင်း၏ လက်ရှိခြေစွမ်းကိုကြည့်လျှင် ယခုနှစ်ရာသီ အသင်းကြီးများနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ချယ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုး၊ မန်ယူအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ စပါး အသင်းကို သုံးဂိုး-ဂိုးမရှိ ဖြင့် ရှုံးနိမ့်ထားသလို နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင်လည်း လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်ကိုတွေ့ရသည်။ ထို့ကြောင့် လိဒ်စ်အသင်း၏ ခြေစွမ်းက အကျဘက်ရောက်နေသည်ကို သတိပြုရမည်။ အသင်းကြီးများနှင့်တွေ့တိုင်း ရလဒ်ကောင်းပိုင်ဆိုင်ထားသည့် ဝုဖ်အသင်းကို လိဒ်စ်အသင်းအနေဖြင့် ယခုပွဲစဉ်မှာ အနိုင်ရရှိအောင် ဘယ်လိုစွမ်းဆောင်သွားမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

ယခုပွဲစဉ်တွင် ဝုဖ်အသင်းမှ ပိုဒင့်စ်၊ ဂျီမီနက်ဇ်၊ ဘိုလီတို့ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိသလို လိဒ်စ်အသင်းမှ လော်ရန်တေး၊ ဘာရာဒီ၊ ပိုဗီဒါ၊ ဖီးလစ်၊ ကလစ်ချ်၊ ကော့ချ်တို့အနေဖြင့်လည်း ဒဏ်ရာကြောင့် ပါဝင်ကစားခွင့်ရရန် မသေချာပေ။ အဆိုပါနှစ်သင်း ပထမအကျော့ လိဒ်စ်အိမ်ကွင်းတွင် ဝုဖ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဝုဖ်အသင်းက ယခုပွဲစဉ်ပြီးလျှင် ဖေဖော်ဝါရီ ၂၈ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် နယူးကာဆယ်အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လိဒ်စ်အသင်းက ယခုပွဲစဉ်ပြီးလျှင် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် ဆောက်သမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

■ မိုးဇက် - စုစည်းသည်

## နောက်ဆုံးရ သတင်းတိုများ

■ အာဆင်နယ်အသင်းသည် အသက် ၂၄ နှစ်အရွယ် ကွင်းလယ်ကစားသမား စီဘယ်လော့စ်နှင့် အသက် ၂၈ နှစ်အရွယ် မတ် ရိုင်ယန်တို့ကို ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အမြဲတမ်းခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။ အဆိုပါ ကစားသမားနှစ်ဦးသည် လက်ရှိတွင် ရီးရဲမက်ဒရစ်အသင်း၊ ဘရိုက်တန်အသင်းတို့မှ အာဆင်နယ်အသင်း၌ အငှားလာရောက်ကစားနေသူဖြစ်သည်။ စီဘယ်လော့စ်သည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲစုံ ၂၅ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူ ဖြစ်သည်။

■ မန်ယူအသင်းမှ ဥရုဂွေးတိုက်စစ်မှူး အီဒီဆင် ကာဗာနီသည် အိုးထရက်ဖို့ဒ်၌ နောက်ထပ်တစ်ရာသီဆက်လက်နေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။



အသက် ၃၄ နှစ်အရွယ်ရှိ ကာဗာနီသည် ပြီးခဲ့သည့်နွေရာသီတွင် မန်ယူအသင်းသို့ တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် တစ်နှစ်စာချုပ်ဖြင့် မန်ယူအသင်းသို့ ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၂၄ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားပြီး ခုနစ်ဂိုးသွင်းယူထားနိုင်သူဖြစ်သည်။

■ ပီအက်စ်ဂျီအသင်းသည် အသင်းကြီးများဖြစ်သည့် ရီးရဲမက်ဒရစ်၊ လီဗာပူး၊ မန်စီးတီးနှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် ဆန္ဒရှိနေသည့် အသက် ၂၂ နှစ်အရွယ် ပြင်သစ်တိုက်စစ်ကစားသမား အမ်ဘတ်ပီအတွက် ပေါင် ၁၇၃ သန်း (ယူရို သန်း ၂၀၀) စျေးသတ်မှတ်လိုက်ကြောင်း ပြင်သစ်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

■ ရီးရဲမက်ဒရစ်အသင်းသည် ဗီလာရီးရဲအသင်းမှ စပိန်ဗဟိုခံစစ်ကစားသမား တောရက်စ် (၂၄ နှစ်) ကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

# ဘရက်စ်အသင်းကို အနိုင်ယူပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိနေသည့် လိုင်ယွန်

LIGUE 1

ပြင်သစ်လီဂူးဝမ်းပွဲစဉ် (၂၆) အဖြစ် ဘရက်စ်အသင်းနှင့် လိုင်ယွန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၂ နာရီခွဲတွင် ဘရက်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လီဂူးဝမ်း ပွဲစဉ် (၂၅) အပြီးတွင် အမှတ်ပေးဇယားကို လိုင်လီအသင်းက ရမှတ် ၅၅ မှတ်ဖြင့် ဦးဆောင်ထားသည်။



ပထမအကျော့ပွဲစဉ်မှ လိုင်ယွန်အသင်းနှင့် ဘရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်

ဘရက်စ်အသင်းသည် ပီအက်စ်ဂျီ၊ ရင်းနက်စ်၊ ရိမ်းစ်၊ မက်ဇ်အသင်းတို့ကို လေးပွဲဆက်ရှုံးနိမ့်ထားသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် စထရာဘော့ဂ်၊ ဘော်ဒိုး၊ ရိုဒက်ဇ်၊ လိုင်လီအသင်းတို့နှင့် ပွဲစဉ်တွင် လေးပွဲဆက် မရှုံးနိမ့်အောင်ကစားထားနိုင်သည်ကို တွေ့ရသည်။ ပြီးခဲ့သည့်ပွဲစဉ်တွင် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လိုင်လီအသင်းကို ဂိုးမရှိသရေကျအောင်ကစားထားနိုင်သည့်အတွက် ဘရက်စ်အသင်း၏ ခြေစွမ်းအကောင်းဘက်ဦးတည်နေသည်ကို တွေ့ရသည်။ အမှတ်ပေးဇယား ရပ်တည်မှုတွင် လီဂူးဝမ်း ၂၅ ပွဲကစားပြီး ကိုးပွဲနိုင်၊ လေးပွဲသရေ၊ ၁၂ ပွဲ ရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၃၁ မှတ်ဖြင့် အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ဘရက်စ်အသင်းသည် အဆိုပါ ၂၅ ပွဲတွင် ရဂိုးက ၃၇ ဂိုးရှိပြီး ပေးဂိုးက ၄၄ ဂိုးအထိရှိသောကြောင့် လီဂူးဝမ်းတွင် ခံစစ်အဆိုးဆုံး အသင်းထဲတွင် ပါဝင်နေသည်ကို တွေ့ရသည်။

လိုင်ယွန်အသင်းက စိန့်အက်တီယန်၊ ဘော်ဒိုး၊ ဒီဂျွန်၊ စထရာဘော့ဂ်၊ အေဂျက်စီယိုစသည့်အသင်းများကို ငါးပွဲဆက် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသော်လည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် မောင့်ပယ်လီယာအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ လိုင်ယွန်အနေဖြင့် အမှတ်ပေးဇယား ရပ်တည်မှုတွင် လီဂူးဝမ်း ၂၅ ပွဲကစားပြီး ၅၂ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ လိုင်ယွန်အသင်းသည် အမှတ်ပေးဇယား ဦးဆောင်သူ လိုင်လီအသင်းနှင့် ရမှတ်ကွာဟမှု သုံးမှတ်သာရှိထားသည့်အတွက် ယခုပွဲစဉ်အနိုင်ရရှိလျှင် အမှတ်ပေးဇယားကို ဂိုးကွာခြားချက်အသာဖြင့် ဦးဆောင်ခွင့်ရရှိမည်ဖြစ်သည်။ လိုင်ယွန်အသင်းသည် လီဂူးဝမ်း ၂၅ ပွဲတွင် ရဂိုးက ၅၁ ဂိုးအထိ ရှိသည့်အတွက် တိုက်စစ်အကောင်းဆုံးအသင်းထဲတွင် ပါဝင်နေသည်ကို တွေ့ရသည်။ ဘရက်စ်အသင်းနှင့် လိုင်ယွန် အသင်းတို့ ပထမအကျော့ ယှဉ်ပြိုင်ကစားစဉ်က တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။ ဘရက်စ်အသင်းအနေဖြင့် ယခုပွဲစဉ်ကို တိုက်စစ်အားပြုကစားလျှင် နိုင်ဖွယ်ရာရှိသော်လည်း လိုင်ယွန်အသင်းအနေဖြင့် ယခုပွဲအနိုင်ရရှိလျှင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ထိုအခွင့်အရေးကိုလက်လွှတ်ခံမည်မဟုတ်ပေ။



# ပေါ်တူဂီမြေမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ရတဲ့ ပီယာလို၏ ဂျူဗင်တပ်စ်အသင်း

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပေါ်တိုအသင်းနဲ့ ဂျူဗင်တပ်စ် အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲတွင် ပေါ်တိုအိမ်ကွင်း၌ ယှဉ်ပြိုင်ခဲ့ရာ ပေါ်တိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

ပေါ်တိုအသင်းသည် ဂျူဗင်တပ်စ်အသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာဆိုးကိုချေဖျက်နိုင်ရန်အတွက် ယခုပွဲစဉ်တွင် အဓိကကစားသမားများဖြစ်သည့် မာချီစင်၊ မနာဖာ၊ အမ်ဘမ်ဘာ၊ ပီပီ၊ ဆာနူစီ၊ အိုလီဗာရီယာ၊ မာရီဂါ၊ တာရီမီစသည့်ကစားသမားများကို အသုံးပြုကာ ဂျူဗင်တပ်စ်အသင်းကို ယှဉ်ပြိုင်လာခဲ့သည်။ ဂျူဗင်တပ်စ်အသင်းကလည်း ပေါ်တိုအသင်းကို ပထမအကျော့ပွဲစဉ်တွင် အသာစီးရယူထားနိုင်ရန်အတွက် ဆက်ဇီနီ၊ ဆန်ဒရို၊ ချီလီနီ၊ ဒီလစ်၊ ဒန်နီလို၊ မက်ကင်နီ၊ ရာဘီရော့၊ ချီယေဆာ၊ စီရော်နယ်ဒို၊ ကလူဆက်စကီးစသည့် ကစားသမားများကို အသုံးပြုကာ ပေါ်တိုအသင်းကို ရင်ဆိုင်လာခဲ့သည်။

**ပေါ်တိုအသင်း ဦးဆောင်ထား**

အာရုံစူးစိုက်မှုအားကောင်းကောင်းနှင့် ရင်ဆိုင်လာခဲ့သည့် ပေါ်တိုအသင်း အနေဖြင့် ပွဲအစမိနစ်ပိုင်းမှာပင် ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို တာရီမီကိုက သွင်းယူပေးနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအနေဖြင့် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ပေါ်တိုအသင်းအပေါ် ဖိအားပေးကစားလာနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲချိန်အတွင်း ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ပေါ်တိုအသင်းက ဦးဆောင်ထားသည်။ ပွဲကစားချိန် ၃၅ မိနစ်တွင် ဂျူဗင်တပ်စ်အသင်း လူစားလဲမှုတစ်ခုပြုလုပ်ခဲ့ရပြီး ချီလီနီ၏နေရာကို ဒီမီရယ်ဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ ပထမပိုင်းပွဲချိန် ပြီးခါနီးတွင်လည် ဂျူဗင်တပ်စ်အသင်းကို ဂိုးရရှိလောက်သည်အထိ အခွင့်အရေးရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ပေါ်တိုအသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို မနာဖာ၏ ဖန်တီးပေးမှုမှတစ်ဆင့် မာရီဂါက အမှားအယွင်းမရှိ ပိတ်သွင်းယူနိုင်ခဲ့သည်။ ဂျူဗင်တပ်စ်အသင်းသည် နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း ကစားသမားအပြောင်းအလဲလုပ်ကာ လူစားလဲမှုအချို့ ပြုလုပ်ခဲ့သည်။ ပွဲကစားချိန် ၆၃ မိနစ်တွင် မက်ကင်နီ၏နေရာကို မိုရာတာဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ ပေါ်တိုအသင်းကလည်း ပွဲချိန် ၆၆ မိနစ်တွင် မာရီဂါ၏နေရာကို ဂရူဂျစ်ဖြင့် အစားထိုးခဲ့သည်။ ထို့နောက်ပိုင်းပွဲမှာ အပြန်အလှန်ထိုးဖောက်ကစားမှုများရှိခဲ့သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့သည်။

**အသာစီးရယူထားနိုင်**

ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် ဂျူဗင်တပ်စ်အသင်း လူစားလဲမှုထပ်မံပြုလုပ်ခဲ့ပြီး ကလူဆက်စကီး၏ နေရာကို ရမ်ဆေးဖြင့် အစားထိုးခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂျူဗင်တပ်စ်အသင်းသည် ပေါ်တိုအသင်းပေါ် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူထားနိုင်သော်လည်း လိုအပ်နေသည့် ချေပဂိုးကို မိနစ် ၈၀ ကျော်သည်အထိ သွင်းယူထားနိုင်ခြင်း မရှိပေ။ ပွဲကစားချိန် ၈၂ မိနစ် အရောက်တွင် ဂျူဗင်တပ်စ်အသင်း အဖိုးတန်ချေပဂိုးရရှိခဲ့ပြီး ရာဘီရော့၏ ဖန်တီးပေးမှုမှတစ်ဆင့် ချီယေဆာက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီးတွင် ပေါ်တိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဂျူဗင်တပ်စ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**ပထမဆုံးအကြိမ် နိုင်ပွဲရယူ**

ပေါ်တိုအသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့မှုကြောင့် နောက်ဆုံးလေးပွဲဆက် သရေကျနေမှုကို အဆုံးသတ်နိုင်ခဲ့သလို ဂျူဗင်တပ်စ်အသင်းကို ဥရောပပြိုင်ပွဲတွင် ပထမဆုံးအကြိမ် နိုင်ပွဲရယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ပေါ်တိုအသင်းသည် ဂျူဗင်တပ်စ်အသင်းနှင့် တွေ့ဆုံခဲ့သည့် ငါးပွဲတွင် လေးပွဲရှုံးပြီး တစ်ပွဲသရေကျထားကြောင်း မှတ်တမ်းများအရ သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် ယနေ့ပွဲစဉ်တွင် ဂိုးပေါက်ကန်သွင်းမှု ၁၂ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်အထိရှိခဲ့သော်လည်း ပေါ်တိုဂိုးသမား၏ လက်စွမ်းပြကာကွယ်မှုကြောင့် အနိုင်ရလဒ်ကို ဖော်ဆောင်ထားနိုင်ခြင်းမရှိချေ။ ပေါ်တိုအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို မတ်လတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ပေါ်တိုအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် မာရီတီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းက ဖေဖော်ဝါရီ ၂၃ ရက်တွင် ခရိုတုန်းအသင်းနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ **အောင်ဇော်**

# ပုံစံကောင်းရရှိနေတဲ့ ဆီဗီလာအသင်းကို အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းပိုင်ဆိုင်ခဲ့တဲ့ ဒေါ့မွန်

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တစ်ပွဲဖြစ်သည့် စပိန်ကလပ် ဆီဗီလာအသင်းနှင့် ဂျာမန်ကလပ် ဒေါ့မွန်အသင်းတို့ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲတွင် ဆီဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ခဲ့ရာ ဒေါ့မွန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့် တက်ရောက်ရန် အခြေအနေကောင်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။**

အိမ်ရှင်ဆီဗီလာအသင်းအနေဖြင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ကိုးပွဲတွင် ကိုးပွဲစလုံးနိုင်ပွဲရရှိအောင် ဖော်ဆောင်ထားနိုင်သော်လည်း ယနေ့ပွဲစဉ်တွင် ဒေါ့မွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ယနေ့ပွဲစဉ်တွင် ဆီဗီလာအသင်းသည် နာဗက်စ်၊ ကားလို့စ်၊ ဂျော်ဒန်၊ ဖာနန်ဒို၊ ရာကီတစ်၊ ဆူဆို၊ ဂိုမက်ဇ်စသည့် ကစားသမားများဖြင့် ဒေါ့မွန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဒေါ့မွန်အသင်းက ဟာစ်ဇ်၊ ဟမ်းမဲလ်၊ မိုရေး၊ ကန်၊ ဘယ်လင်ဂမ်၊ ဆန်ချို၊ ရူးစ်၊ ဟာလန်းစသည့် ကစားသမားများဖြင့် ပုံစံကောင်းရရှိနေသည့် ဆီဗီလာအသင်းကို ရင်ဆိုင်လာခဲ့သည်။

နိုင်ပွဲရရှိရန် အကောင်းဆုံးပြင်ဆင်လာခဲ့သည့် အသင်းနှစ်သင်း ဆုံတွေ့နေသည့်အတွက် ပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာခဲ့သည်။ ပွဲအစ ခုနစ်မိနစ်တွင် ဆီဗီလာအသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ အဆိုပါဂိုးကို ဆူဆိုက သွင်းယူနိုင်ခဲ့သည်။ ဒေါ့မွန်အသင်းအနေဖြင့် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက်ပိုင်း တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၁၉ မိနစ်တွင် ချေပဂိုး ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဟာလန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒါဟုဒ်က သွင်းယူပေးနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေကျနေခဲ့သည်။ ဒေါ့မွန်အသင်းသည် ချေပဂိုးရရှိပြီးမကြာမီ ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ဆန်ချို၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟာလန်းက သွင်းယူပေးနိုင်ခဲ့သည်။ ဆီဗီလာအသင်းသည် ယနေ့ပွဲစဉ်တွင် ဒေါ့မွန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ချေပဂိုးနှင့် ဦးဆောင်ဂိုးများကို ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြီးဆုံးခါနီးတွင် ဒေါ့မွန်အသင်းက တတိယဂိုးရရှိခဲ့ပြီး ရူးစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဟာလန်းကပင် သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဆီဗီလာအသင်း လူစားလဲမှု လေးဦးအထိ ပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို မိနစ် ၈၀ ကျော်သည်အထိမြင်တွေ့ထားခဲ့ရခြင်း မရှိပေ။ သို့သော်လည်း ပွဲချိန် ၈၄ မိနစ်အရောက်တွင် ဆီဗီလာအသင်း ချေပဂိုးရရှိခဲ့ပြီး ရိုဒရီဂွက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒီဂျောင်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြီးဆုံးသည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် သုံးဂိုး-နှစ်ဂိုးဖြင့် ဒေါ့မွန်အသင်းက အနိုင်ရရှိခဲ့သည်။

ဆီဗီလာအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဆိုဆာဆူနာအသင်းနှင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဒေါ့မွန်အသင်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် ရှော်လ်ကေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါနှစ်သင်း၏ ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်ကို မတ်လတွင် ကျင်းပသွားမည်ဖြစ်သည်။ **အောင်ဇော်**



## အဲဗာတန်ကို ဂိုးပြတ်အနိုင်ယူခဲ့သည့် မန်စီးတီးအသင်း

ဖေဖော်ဝါရီ ၁၈ ရက် နံနက်က ပရီမီယာလိဂ် ပွဲစဉ် (၁၆) ပွဲကျန်အဖြစ် အဲဗာတန်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် ဂိုးများကို ဖိုဒင်၊ မာရက်ဇ်နှင့် ဆေးလ်ဗားတို့က သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ဒုတိယ နေရာမှ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို ၁၀ မှတ်အထိ ဖြတ်ထားနိုင်ပြီဖြစ်သည်။

ထို့အပြင် မန်စီးတီးအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၁၇ ပွဲတွင် ၁၇ ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အခြားသောပွဲစဉ်အဖြစ် ဘန်လေအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်**

# COVID-19

## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ




COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?
ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ဗိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ဗိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကြပ်တဲ့အချိန်တွေမှာလဲ ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေ ချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက် ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထား ပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်ဥမ္မာ (ဘ) ဦးကျော်သောင်း ၁၂/ကမတ(နိုင်) ၀၃၅၂၂၇ နှင့် ကျွန်တော် ဦးစောဝင်း(ဘ)ဦးကျော်သောင်း ၁၂/ကမတ(နိုင်)၀၃၅၀၃၁၊ အမှတ်၄/၁၂၀(မြေညီ)၊ အောင်မင်္ဂလာ(၃)လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူများက (၁၇-၁၂-၂၀၂၀)ရက်တွင် ဒေါ်ဝေဝေညွန့်(ဘ)ဦးထွန်းညွန့် ၁၂/ဥကတ(နိုင်) ၁၁၅၇၄၇၊ အမှတ်(၆၅၊ လေးလွှာ)၊ ကွမ်းရွှဲတန်းလမ်း၊ ဈေး ကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့ လွှဲအပ်ပေးထားသော ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၂၇၀/၂၀၂၀ အား ဤကြေညာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ၁။ ဒေါ်ဥမ္မာ | ၂။ ဦးစောဝင်း |
| ၁၂/ကမတ(နိုင်) ၀၃၅၂၂၇ | ၁၂/ကမတ(နိုင်) ၀၃၅၀၃၁ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျိုင်းတုံခရိုင်တရားမရုံး၌
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

| | | |
|---|---|---|
| ဒေါ်နန်းရှုံ်ဝမ်း | နှင့် | မမြတ်ဝတ်ရည် |
| တရားလို | | တရားပြိုင် |

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ လွိုင်မွေလမ်း၊(အမေ့အိမ်-အိုး/ခွက်/ပန်းကန်) အရောင်းဆိုင်၊ ပါလျှံရုပ်(ယခုနေရပ်လိပ် စာမသိ)နေ တရားပြိုင် မမြတ်ဝတ်ရည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း(၇၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မတ်၁၁ရက် (၁၃၈၂ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ဓာတ်ဆီနှင့် ဒီဇယ်ဆီများရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို အပတ်စဉ်ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြစ်သည့် ဓာတ်ဆီတစ်ဂါလန်လျှင် ၃၀၅၀ ကျပ် (ကျပ်သုံးထောင့်ငါးဆယ်တိတိ) နှုန်းဖြင့် ဂါလန် (၅)သိန်း (ဂါလန်ငါးသိန်း)အား Bowser ဖြင့်လည်းကောင်း၊ ဒီဇယ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၁၅၀ (ကျပ်သုံးထောင့်တစ်ရာ့ငါးဆယ်တိတိ)နှုန်းဖြင့် ဂါလန် (၁.၅) သန်း (ဂါလန်တစ်ဒသမငါးသန်း) အား Bowser၊ ရေယာဉ်/ဆီတွဲဖြင့်လည်းကောင်း စက် သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီတင်သွင်း/ရောင်းချဖြန့်ဖြူးရေးကုမ္ပဏီများ၊ ရေယာဉ်လုပ်ငန်းရှင်များ၊ လမ်းတံတားလုပ်ငန်း၊ စက်ရုံအလုပ်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ စက်သုံးဆီအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များသို့ ၂၀-၂-၂၀၂၁ ရက်မှ ၂၁-၂-၂၀၂၁ရက်ထိ လျှောက်လွှာလက်ခံပြီး လွတ်လပ်စွာ ရောင်းချမည်ဖြစ်ပါ၍ မည်သူ မဆို ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)သို့ တိုက်ရိုက်လိပ်မူ၍ လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်လွှာအား E-mail (ref3manngm2gmail.com)သို့လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း သင့်ရာ နည်းဖြင့် စက်ရုံသို့တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့်ပုံစံနှင့် စည်းကမ်းချက်အသေးစိတ်အား သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm)သို့ ဝင်ရောက်ကြည့်ရှု ၍လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)၊ ဖုန်း-၀၉-၄၀၁၅၅၄၅၀၂၊ ၀၉-၄၀၁၅၅၄၈၀၄တို့သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

# "ရွှေနန်းတော် စိန်ရွှေရတနာဆိုင်အား (၂၇)နှစ်တိုင်တိုင် ဝယ်ယူအားပေးလျက်ရှိသည့် ရတနာချစ်သူ မိဘပြည်သူများကို ကျေးဇူးအထူးတင်ရှိခြင်း"

၁၉၉၄ ခုနှစ် မေလ (၉) ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့သည့် နိုင်ငံတကာအဆင့်မီ ရွှေနန်းတော်စိန်ရွှေရတနာဆိုင်ကြီးသည် ယခုအခါတွင်နှစ်ပေါင်း (၂၇) နှစ်သက်တမ်းရှိပြီ ဖြစ်ပါသည်။ ဆိုင်စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ယနေ့ထက်တိုင် ရတနာချစ်သူမိဘပြည်သူများအတွက် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်ကန်စွာဖြင့် ရွှေထည်၊ စိန်ထည်၊ ကျောက်ထည် လက်ဝတ်ရတနာ ဒီဇိုင်းပေါင်း မြောက်များစွာကို ထုတ်လုပ်ရောင်းချ ပေးနိုင်အောင် အစဉ်အမြဲကြိုးစား အားထုတ်လျက်ရှိသည့် အပြင် အကောင်းဆုံးသော ဝန်ဆောင်မှုများဖြင့် ရတနာချစ်သူ မိဘပြည်သူများ စိတ်တိုင်းကျ ရတနာပစ္စည်းများအား လဲလှယ်ဝယ်ယူ ရောင်းချနိုင်အောင် အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး ကြိုးပမ်း ဆောင်ရွက်ပေးနေတဲ့ စိန်ရွှေလက်ဝတ်ရတနာဆိုင်ကြီးလည်း ဖြစ်ပါသည်။

ရန်ကုန်မြို့ နှင့် နေပြည်တော်မြို့ကြီးများတွင် ရွှေနန်းတော် စိန်ရွှေရတနာဆိုင် (၇) ဆိုင်ဖွင့်လှစ်ထားသလို Online Shop တို့မှလည်း အကောင်းဆုံး ဝန်ဆောင်မှုများ ပေးလျက်ရှိသည့် အာမခံစိန်ရွှေရတနာဆိုင်ကြီးလည်း ဖြစ်ပါသည်။ ရတနာလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည့် ၁၉၉၄ ခုနှစ်မှစပြီး ယနေ့ထက်တိုင်အောင် မလျော့သော ဇွဲလုံ့လများဖြင့် ရတနာချစ်သူ မိဘပြည်သူများအတွက် ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာ ဒီဇိုင်းများကို အချိန်နဲ့ တစ်ပြေးညီ ဝတ်ဆင်နိုင်အောင် အကောင်းဆုံးဒီဇိုင်း လက်ရာများ ဖန်တီးတီထွင်နိုင်ခဲ့ခြင်း၊ အကောင်းဆုံး ဝန်ဆောင်မှုများ ၊ အာမခံချက်များစွာဖြင့် ရောင်းဝယ် ဖောက်ကားလျက်ရှိသည့် ရတနာဆိုင်ကြီး ဖြစ်ပါသည်။ ရတနာချစ်သူများ အတွက် ကမ္ဘာ့အဆင့်မီ လက်ဝတ်ရတနာများကို ထုတ်လုပ်ရောင်းချပြီး ဂုဏ်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်လျက် **Jewel Collection Manufacturing Co. Ltd** အမည်ဖြင့် ရတနာပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် စက်ပန်းထိမ်ကြီးကို ၂၀၀၅ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး စဉ်ဆက်မပြတ် နောက်ဆုံးပေါ် လက်ဝတ်ရတနာများ ထုတ်လုပ်သည့် နည်းပညာများဖြစ်သော **3D CAD / CAM** နည်းပညာ ၊ **Micro - setting / Invisible setting / Hollow casting** နည်းပညာတို့ဖြင့် တီထွင်ဖန်တီး၍ ရတနာချစ်သူများကို အကောင်းဆုံး လက်ဝတ်ရတနာများ စဉ်ဆက်မပြတ် ထုတ်လုပ်ရောင်းချပေးသည့် အတွက် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း (၃)နှစ် ဆက်တိုက် အာဆီယံစီးပွားရေး ထူးချွန်ဆုများ ချီးမြှင့်ခံထားရသည့် မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော လက်ဝတ်ရတနာထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ရတနာဆိုင်ကြီး ဖြစ်ပါသည်။

ရွှေနန်းတော်စိန်ရွှေရတနာဆိုင်များကို ဦးစီးဦးဆောင်အကောင်အထည်ဖော်ခဲ့သည့် ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင် တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ ကံ ၊ ကံရဲ့အကျိုးကို အထူးယုံကြည်လေးစားသူများ ဖြစ်သည့်အတွက် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တန့်စေရန်နှင့် ပရိယတ္တိ ပဋိပတ္တိသာသနာ ထွန်းကားရေးအပြင် သာသနာမထွန်းကားသေးတဲ့ တောင်တန်းဒေသများအတွက် သာသနာတော် စဉ်ဆက်မပြတ်ထွန်းကားစည်ပင်အောင် ပစ္စည်းလေးပါး ဒါယကာ/ ဒါယိကာမများအနေဖြင့် အစဉ်ဦးထိပ်ထား ပံ့ပိုးကူညီစောင့်ရှောက်ပေးသည့် အတွက် နိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် သုဓမ္မမဏိဇောတဓရဘွဲ့ ကို ဒေါက်တာအောင်ကျော်ဝင်း အနေဖြင့် (၂၀၁၈) ခုနှစ်တွင် လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါက်တာသက်သက်ခိုင် အနေဖြင့် သုဓမ္မသီဂီဘွဲ့ကို (၂၀၁၉) ခုနှစ်တွင် လည်းကောင်း လက်ခံရရှိခဲ့ပြီး ဘာသာသာသနာအကျိုးကို အသက်ထက်ဆုံး ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန် ချမှတ်ထားသည့်မိသားစုဝင်များဖြစ်ပါသည်။

အထက်ဖော်ပြပါ ဘာသာ သာသနာထွန်းကားရေးအပြင် သဘာဝဘေး အန္တရာယ်များကြောင့် ပြည်သူအများ ဒုက္ခရောက်ခဲ့ရသည့် နာဂစ်မုန်တိုင်း၊ ကိုဗစ်ကပ်ဘေး နှင့်တစ်ခြားသဘာဝ ဘေးအန္တရာယ်ကြုံတိုင်း ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မိသားစုတို့သည် ပြည်သူပြည်သားများနှင့်အတူ ထိပ်ဆုံးမှအမြဲပါဝင်ကူသိုလ်ယူ ပံ့ပိုးကူညီခဲ့ပါသည်။ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်စတင်တည်ထောင်သည့် ၁၉၉၄ ခုနှစ်မှစ၍ ယနေ့ထက်တိုင်အောင် မြန်မာ့စိန်ရွှေရတနာဆိုင်လောကတွင် နှစ်စဉ်နိုင်ငံတော်သို့ ကုန်သွယ်လုပ်ငန်းခွန် နှင့် ဝင်ငွေခွန်များကို အများဆုံး ပေးဆောင်လျက်ရှိသည့် စိန်ရွှေရတနာဆိုင်အနေဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနရဲ့ မှတ်တမ်းတင်ဂုဏ်ပြုခြင်းခံထားရသည့် စိန်ရွှေရတနာဆိုင်အနေဖြင့် နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကျေပြွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။

ရွှေနန်းတော် စိန်ရွှေရတနာဆိုင်စတင် ဖွင့်လှစ်စဉ်ကပင်စတင်၍ ယနေ့ထက်တိုင် နှစ်စဉ်ဝယ်ယူအားပေးသည့် ရတနာချစ်သူမိဘပြည်သူများစွာထဲမှ ကံထူးရှင်များကို ရွေးချယ်၍ ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သလို နှစ်စဉ်အများဆုံး ဝယ်ယူသည့် ရတနာချစ်သူ (၂၅) ဦးကို ရွေးချယ်၍ ရွှေသားဆုများ ထိုက်ထိုက်တန်တန် လက်ဆောင် ချီးမြှင့်ပေးလျက်ရှိသည့် အာမခံ စိန်ရွှေရတနာဆိုင်ကြီးပင် ဖြစ်ပါသည်။ မကြာခင် ၂၀၂၂ ခုနှစ်မေလ (၉) ရက်နေ့မှာ ကျရောက်မည့် ရွှေနန်းတော် စိန်ရွှေရတနာဆိုင် ဖွင့်လှစ်ခြင်း (၂၇) နှစ်အထိမ်းအမှတ်အနေနဲ့လည်း ရတနာချစ်သူမိဘပြည်သူများကို **SUZUKI Brand New** ကားသစ် (၃) စီးနှင့် ရွှေဆွဲကြိုးများစွာ ပါဝင်သည့် ကံထူးရှင်ရွေးချယ်ပွဲကြီး ကျင်းပပေးမည် ဖြစ်ပါသည်။ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်ကြီးယခုကဲ့သို့ ရတနာလောကတွင်နှစ်ပေါင်း (၂၇) နှစ်တိုင်အောင် ရပ်တည်နိုင်ရန်အတွက် ကျွန်တော် / ကျွန်မတို့အပေါ် ယုံယုံကြည်ကြည်ဖြင့် ဝယ်ယူအားပေးလျက်ရှိသည့် မိတ်ဟောင်းမိတ်သစ် ရတနာချစ်သူမိဘပြည်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ရွှေနန်းတော် စိန်ရွှေရတနာဆိုင် မိသားစု**


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၃၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (E ၂၂၆-က၊ E ၂၂၆-ခ၊ E၂၆၈-က၊ E ၂၆၈-ခ)၊ ဧရိယာ(၀ဒသမ၂၂၀)ကေရှိမြေအား ပန်းတနော်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ ရွှေမြင်တင်ဘုရားလမ်းနေ ဒေါ်တင်တင်ရီ ၅/ရဘန(နိုင်)၁၀၁၁၆၂ မှ မြေငှားဂရန်သက်တမ်းတိုး ရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုး ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ်(၂၉-ဈ) ဧရိယာ ၀ဒသမ၁၈၈ ကေရှိမြေအား အမှုတွဲအမှတ် ၆၈ v 2003-2004 အရ ၁၇-၂-၂၀၀၄ ရက်မှ ၁၆-၂-၂၀၃၄ ရက်ထိ ဦးပု၊ ဒေါ်သိန်းတင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေအနက်မှ အကွက်အမှတ်နှင့်အမည် (၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ် (၂၉-ဈ/၁)၊ ဧရိယာ၀ဒသမ၀၉၀ကေရှိ မြေအား ဦးဝင်းမြင့်၊ ဒေါ်ခင်နှင်းနွယ် အမည်ဖြင့် (ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရွှာင်မြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စု၊ အနောက်ကုန်းကျေးရွာနေ ဒေါ်တင်တင်လှိုင်၏အမည်မှန်မှာ ဒေါ်တူးတူးမာ ၁၃/ရငန(နိုင်)၀၄၅၃၃၈ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁-၉-၁၉၉၀ ဖြစ်ပါကြောင်း။

## အမည်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွှာင်မြို့နယ်၊သိမ်ကုန်းကျေးရွာအုပ်စု၊ အနောက်ကုန်းကျေးရွာနေ ဦးမြင့်ထွန်း၏ သမီး ဒေါ်ဝါနှင်း၏အမည်မှန်မှာ ဒေါ်ဝါဝါမိုးဖြစ်ပါကြောင်း။

## LA COLLECTIVE COMPANY LIMITED
## အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၅၇(က)အရ အပြီးသတ်နောက်ဆုံး အစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ၁၉-၃-၂၀၂၂ရက် နံနက် ၁၁နာရီတွင် အမှတ် (၁၀၁) (၁၃/အေ)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဦးဆန်းထွန်း**
**၁၂/သလန(နိုင်)၀၃၃၂၅၉**
**လက်မှတ်ရပြည်သူ့စာရင်းကိုင်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၃/၂)၊ ဦးပိုင်အမှတ် (၁၆/၄က)၊ ဧရိယာ ၀ဒသမ ၁၃၉ကေရှိ မြေကွက်အား ဦးဝယ်ဂွမ်ဂျာ အမည်ဖြင့်အမှုတွဲအမှတ် ၈၈/(၃) (၂၀၀၉-၂၀၁၀)အရ ၃၀-၃-၂၀၃၉ရက်ထိ မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါမြေငှားဂရန်မှာ နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် ဦးဝယ်ဂွမ်ဂျာ၏ အထူးကိုယ်စားလှယ် လွှဲစာရရှိသူ ဒေါ်ဂျာလိန်မှ လျှောက်ထားခြင်းဖြစ်ပါသည်။ ယခုအခါ ဦးဝယ်ဂွမ်ဂျာအမည်ဖြင့် မြေငှားဂရန်မိတ္တူမှန်လျှောက်ထားလာမှု အပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက် သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်မိတ္တူမှန်အား ဆောင်ရွက်ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်မှ ဧရိယာ ၀ ဒသမ ၁၁၅ ကေရှိမြေကွက်အမှတ် (ပ-၂၁၀၉၅)၊ဒေါ်ရီရီမြင့် ၆/ကသန(နိုင်)၀၀၈၆၁၁ (ဘ)ဦးစံရာ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးခင်မောင်စန်း ၉/နထက(နိုင်)၁၅၆၁၉၁ (ဘ)ဦးကနက်စိန်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၁၉/၁၄-၅-၂၀၁၉)တင်ပြ၍ ဒေါ်လင်းလင်းခိုင် ၁/ကမန(နိုင်)၀၅၁၅၆၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄/၁-နန္ဒဝန်)၊ ဦးပိုင်အမှတ်(သရဖီလမ်း-ဂ)၊ ဧရိယာ၀ဒသမ၀၉၆ကေရှိ မြေအား အကွက်အမှတ် ၄/၂၀၀၁ အရ ၂၅-၁-၂၀၀၁ရက်မှ ၂၄-၁-၂၀၃၁ ထိ ဗိုလ်မှူးကျော်ရင် အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးကျော်စွာလင်း၊ ဒေါ်အေးအေးခိုင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဝူခိုင်ဝန်(ခ)စိုင်းမောက်တစ် ၁၃/ကတန(နိုင်)၁၆၉၈၆၃ ၏ Passport N0 (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၃၈၃၆၀

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အမှတ်(ပ-၃၀၂၉၇)၊ ဒေါ်ဝင်းဝင်းကြည် ၁၂/မဂတ(နိုင်)၀၀၆၄၉၄ (ဘ)ဦးအောင်ကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးရွှေကြိုင် ၇/ညလပ(နိုင်)၁၃၂၂၄၀ (ဘ)ဦးသန်းရွှေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၆၀၉/၂၈-၁၁-၂၀၁၉) တင်ပြ၍ ဦးအောင်စိုးမိုး ၉/ရမသ(နိုင်)၁၁၈၅၈၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# Ministry of Transport and Communications
# Myanma Port Authority
# Open Tender Invitation

1. Myanma Port Authority is planning to construct the following vessel, funded by foreign currency USD(United States Dollar) only,within the 2020–2021 and 2021–2022 fiscal years. Therefore, interested Tenderers are cordially invited to submit the complete project proposal for the following:

| No | Particular | Currency | Tender closing date and time |
|---|---|---|---|
| 1 | Buoy Vessel(Multi–Purpose Buoy Handling Vessel) (1 unit) | USD Only | 25–03–2021 13:00 PM |

2. Tender forms can be purchased at the Main Store Department, New Strand Road(Concrete Road),near Tollgate, Botahtaung Township,Yangon,Myanmar,during the office hours, starting form 23rd February,2021.

3. The Tender Submission will be accepted in terms of one tender two sealed envelopes system,i.e.,Prequalification Bid and Price Bid to be submitted with each sealed envelope. The Explanation Session for the Prequalification Bid will be held at 13:00 PM on 12 th March 2021, at the Meeting Room(First Floor)of the Head Office of Myanma Port Authority, No.10,Pansodan Street, Kyauktada Township, Yangon, Myanmar.

4. Should you need more detailed information,please contact us at +951–8610218,+951–8610225 and email:arkar.mpa@gmail.com; info@mpa.gov.mm.

Myanma Port Authority

## အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခါမ်းပါတ်မြို့ အထက နဝမတန်း(အောင်)မှ မလားလ်ဖျက်ဆန်းငီး၏ အမည်မှန်မှာ လားလ်ဖျက် ဆန်းငီးနှင့် သတ္တမတန်း(အောင်)မှ မဖျက်ဗွာလီး၏အမည်မှန်မှာ မလားဖျက်ဗွာလီးဖြစ်ပြီး ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးလားမှားဒိုက် စန်းငါ၅/တမန(နိုင်)၀၄၈၈၉၄ ဖြစ်ပါကြောင်း။

**မလားလ်ဖျက်ဆန်းငီး၊ မလားဖျက်ဗွာလီး၊ ဦးလားမှားဒိုက်စန်းငါ**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ကံ့ကော်(၁)လမ်း၊ အိမ်အမှတ်(၁၄၃၀)တွင် ဖွင့်လှစ်ထားသော THEU KHA MYAE Co.,Ltd.၊ မှတ်ပုံတင်အမှတ် 124747015 သည် ၁၇-၂-၂၀၂၁ ရက်တွင်ကျင်းပသည့် ကုမ္ပဏီ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိရှယ်ယာအရေအတွက် ၁၀၀၀(တန်ဖိုး ကျပ်သိန်း၁၀၀၀) မှ အစုရှယ်ယာအရေအတွက် ၅၀၀ (တန်ဖိုးကျပ်သိန်း ၅၀၀)သို့ အစုရှယ်ယာ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာများအဖွဲ့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်စိုင်းကျောက်တစ် ၁၃/ကတန(နိုင်)၁၇၈၄၉၇ ၏ Passport N0 (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၃၈၃၆၀

## ပျောက်ဆုံးကြောင်း

ကျွန်မ မယုနဒီလင်း ၁၃/ကတန(နိုင်)၂၀၁၆၈၉ ၏ Passport N0 (မမှတ်မိ)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၃၈၃၆၀

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

### (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁)
### သထုံခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမအယူခံမှုအမှတ် - ၄၇

၁။ ဦးဘစိန် နှင့် ၁။ ဦးသောင်းမြ ၁၆။ ဦးမောင်ကျော်
၂။ ဒေါ်တင်အုန်း ၂။ ဦးရွှေသိန်း ၁၇။ ဒေါ်ဝင်းရီ
၃။ ဦးတင်အေး ၁၈။ ဦးမောင်ခင်
၄။ ဒေါ်ရင်ကြည် ၁၉။ ဒေါ်စန်းနွဲ့
၅။ ဒေါ်သန်းနွဲ့ ၂၀။ ဒေါ်စန်းညို
၆။ ဦးပန်းအောင် ၂၁။ ဦးတင်ရှိန်
၇။ ဦးမြင့်အောင် ၂၂။ ဒေါ်တင်အေး
၈။ ဒေါ်အေးအေး ၂၃။ ဦးရွှေအေး
၉။ ဦးသန်းငွေ ၂၄။ ဒေါ်တိုးဝင်း
၁၀။ ဒေါ်ခင်စန်း ၂၅။ ဦးတင်စိုး
၁၁။ ဦးအောင်သိန်း ၂၆။ ဦးဝင်းအောင်
၁၂။ ဦးအောင်ငြိမ်း ၂၇။ ဒေါ်စန်းရီ
၁၃။ ဒေါ်တင်လှ ၂၈။ ဒေါ်အုန်းရီ
၁၄။ ဦးစိုးသန်း ၂၉။ ဦးခင်ဇော်
၁၅။ ဦးမောင်ညို ၃၀။ ဒေါ်စောနန်း

အယူခံတရားလို အယူခံတရားပြိုင်များ

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃ရက်စွဲပါ

ကျိုက်ထိုမြို့နယ် တရားရုံးတော်မှ စီရင်ချက်အမိန့်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ အမှတ် (၅) တရားပြိုင် ဒေါ်သန်းနွဲ့(ဘ) ဦးချစ်သောင်း (ယခုနေရပ်လိပ်စာမသိ)၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ဇယာကျေးရွာနေ အမှတ် (၁၁) တရားပြိုင် ဦးအောင်သိန်း (ဘ)ဦးရွှေဘော် (ယခုနေရပ်လိပ်စာမသိ)၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မြိုင်ကလေးမြို့၊ အမှတ် (၂) ဘိလပ်မြေ စက်ရုံနေ အမှတ် (၁၄) တရားပြိုင် ဦးစိုးသန်း(ဘ) ဦးရွှေဘော် (ယခုနေရပ်လိပ်စာမသိ)၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကမ်နဂုတ်နေ အမှတ် (၂၃) တရားပြိုင် ဦးရွှေအေး (ဘ)ဦးရွှေဘော် (ယခုနေရပ်လိပ်စာမသိ)၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ နတ်မြွားကျေးရွာနေ အမှတ် (၂၄) တရားပြိုင် ဒေါ်တိုးဝင်း (ဘ) ဦးရွှေဘော် (ယခုနေရပ်လိပ်စာမသိ)၊ အမှတ် (၂၉) တရားပြိုင် ဦးခင်ဇော် (ဘ)ဦးရွှေဘော် (ယခုနေရပ်လိပ်စာမသိ) နှင့် အမှတ် (၃၀) တရားပြိုင် ဒေါ်စောနန်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

ယခုအမှုတွင် ကျိုက်ထိုမြို့နယ် တရားရုံးတော်က ချပေးသည့် ဒီကရီကို ဦးဘစိန်၊ ဒေါ်တင်အုန်းတို့က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၁ ခုနှစ် မတ် ၁ရက် (၁၃၈၂ ခုနှစ် တပို့တွဲပြည့်ကျော် ၃ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်း ဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**သထုံခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ရုံးလုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်၏ မှတ်ပုံတင်အစီရင်ခံစာများအား ဒီဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ကွန်ပျူတာစနစ်တွင်လိုအပ်သည့် Program Software အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အမျိုးအစား၊ Specification အတိုင်း တိကျမှန်ကန်စွာ တင်သွင်းနိုင်သော စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၂-၂၀၂၁ရက်မှ ၁၉-၃-၂၀၂၁ရက် ညနေ ၄:၀၀ နာရီအထိ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၃-၂၀၂၁ရက် ညနေ ၄:၀၀ နာရီအထိ
**တင်ဒါတင်သွင်းရန်နေရာ** - အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတွင် လျှောက်လွှာတစ်စောင်လျှင် (၁၅၀၀၀/-)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိလိုပါက လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၃၄၃၁၅၁၇သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးချုပ်၊ မော်တော်ယာဉ်ဌာနရှိ အသုံးပြုပြီးပစ္စည်းအဟောင်းများဖြစ်သော တာယာအဟောင်း (၉၂၃)လုံးနှင့် ဘက်ထရီအဟောင်း (၁၉၇)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ပါအတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **လေလံပုံစံစတင်ရောင်းချမည့်ရက်** - ၈-၃-၂၀၂၁ ရက်မှ ၁၆-၃-၂၀၂၁ ရက်ထိ
(ခ) **လေလံပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ် (၂၇)၊ နေပြည်တော်
(ဂ) **လေလံဖွင့်ပွဲပြုလုပ်မည့်နေရာ** - နေပြည်တော်၊ ဇဟိုသင်တန်းကျောင်း
(ဃ) **လေလံဖွင့်ပွဲပြုလုပ်မည့်ရက်** - ၂၄-၃-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင် (သို့မဟုတ်) ဖုန်း-၀၆၇-၃၄၁၃၆၈၈၊ ၀၆၇-၃၄၁၀၂၆၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ-၂၁၇၃၀)၊ ဦးကိုကိုရှိန် ၁၂/ဗဟန(နိုင်)၀၃၂၀၅၇ (ဘ)ဦးရှိန်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးကျော်မိုးသက် ၁၂/မဂဒ(နိုင်)၀၁၆၃၁၁ (ဘ) ဦးသက်တင်မှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၆၅/၂၀၁၅) တင်ပြ၍ ဒေါ်မူမူ ၈/ခမန(နိုင်) ၀၁၀၆၆၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ငွေချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဒက္ခိဏခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၁၃၀

၁။ ဒေါ်ဥမ္မာလွင် နှင့် ၁။ ဒေါ်ပန်းနွယ်ဝင်း
၂။ ဒေါ်လဲ့မွန်သင်း [ကိုယ်တိုင်နှင့် (၁) တရားလိုအခွင့်ရကိုယ်စားလှယ်] ၂။ ဗိုလ်ကြီးမျိုးကိုကိုဝင်း

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အထက်မင်းကြီးလမ်း၊ အမှတ်(B/၀၀၅)နေ အမှတ်(၁)တရားပြိုင် ဒေါ်ပန်းနွယ်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက ငွေကျပ် ၂၂၀၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ထောင့်နှစ်ရာတိတိ) ပြန်လည်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် မတ် ၁၇ ရက် (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလိုတို့၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ဝတ်မှုန်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဒက္ခိဏခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### ကသာမြို့နယ် တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၈၀ နှင့် ဆက်နွယ်သည့်
### ၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် -၅

ဒေါ်မျိုးမျိုး နှင့် ၁။ မကြည်စိန်
၂။ မကြည်ငွေ

**တရားနိုင်** **တရားရှုံးများ**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်၊ ဝက်တူးအုပ်စု၊ ဝင်္ဂရကျေးရွာနေ တရားရှုံး(၁)မကြည်စိန်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် - ၈၀ တွင် အနိုင်ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မျိုးမျိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၁ ခုနှစ် မတ် ၈ ရက် (၁၃၈၂ ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကသာမြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ် နယ်မြေ (၃) နေ ဒေါ်ထွေးထွေး (MGN/၀၂၈၄၅၇)၊ ဒေါ်ဝါဝါဦး ၉/မထလ(နိုင်)၀၃၅၈၆၃ တို့၏ ညွှန်ကြားချက်အရ မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်နေ ဒုဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း) (ကွယ်လွန်)၏ဇနီး ဒေါ်မြင့်မြင့်ကြည်နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်၊ နယ်မြေ(၃)၊ အကွက်ကြီးအမှတ်-၁၇(ဇ)၊ ကျီတော်ကုန်းရပ်၊ မြေကွက်အမှတ်(၁၆၊ ၂၄၊ ၃၉၊ ၂၂/၄၅၊ ၂၂/၄၆)ရှိ ဝိုင်းမြေကွက်မှာ ဦးဘမောင်၊ ဒေါ်ထွေးထွေးတို့သည် ၁၉၇၁ ခုနှစ်က ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်ခဲ့ကြပါသည်။ ဦးဘမောင်နှင့် ဒေါ်ထွေးထွေးတို့သည် လွန်ခဲ့သော (၆၅)နှစ်က အိမ်ထောင်ကျခဲ့ပြီး အထက်ပါဝိုင်းမြေကွက်မှာ ၎င်းတို့၏ လက်ထက်ပွားပစ္စည်းဖြစ်ပါသည်။

ဦးဘမောင် (၂၀-၁၁-၂၀၀၁) ရက်က ကွယ်လွန်ခဲ့၍ ဒေါ်ထွေးထွေးမှ ဦးဘမောင်၏ ယခင်အိမ်ထောင်နှင့် မွေးဖွားခဲ့သော သားသမီးများအား အထက်ဖော်ပြပါ ဝိုင်းမြေကွက်အား စိတ်ပိုင်းကာ အမွေအဖြစ် လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ဦးဘမောင်၏ သားဖြစ်သူ ဒုဗိုလ်မှူးကြီး သန်းထွန်း(ကွယ်လွန်)၏ အမွေဝေစုအတွက် ၎င်း၏ဇနီး ဒေါ်မြင့်မြင့်ကြည်အား အထက်ဖော်ပြပါ မြေကွက်ထဲမှ ၇၅ပေx၃၈၅ပေရှိ ဝိုင်းမြေနှင့် ဝိုင်းမြေပေါ်ရှိ အဆောက်အအုံ(၁)လုံးကို အမွေအဖြစ် လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မိခင်ကြီး ဒေါ်ထွေးထွေးနှင့် အတူနေထိုင်သော မိခင်ကြီးကို ကျွေးမွေးပြုစုစောင့်ရှောက်သူ သမီးငယ် ဒေါ်ဝါဝါဦးအား မိသားစုစီမံမှုပြုလုပ်ကာ အထက်ဖော်ပြပါ ဝိုင်းမြေကွက်၏ ၁၁၅ပေx၄၀၀ပေရှိ ဝိုင်းမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေတို့ လက်ရှိနေထိုင်သော ဝိုင်းမြေကွက်နှင့် ယင်းဝိုင်းမြေပေါ်ရှိ အဆောက်အအုံ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်ဝါဝါဦး တရားဝင်ပိုင်ဆိုင်သော ပစ္စည်းသာဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်မြင့်မြင့်ကြည်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်မမ B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၁)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့**

**ဒေါ်ဖြိုးသန္တာလင်း LL.B**
**အထက်တန်းရှေ့နေ (စဉ်-၅၀၂၄၃)**
**ပန်းတိမ်တန်းရပ်၊ မိတ္ထီလာမြို့**

ဇီဝမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ဗိုလ်ချုပ် သရေစည်သူ သူရ သီဟသူရ စစ်မောင်
### နှစ်(၂၀)ပြည့် ကုသိုလ်ဒါနပြု အမျှပေးဝေခြင်း

ကျေးဇူးရှင် ဖခင်ကြီး မိသားစုနဲ့ ခွဲခွာသွားတာ ၁၉-၂-၂၀၂၂ ရက်ဆိုရင် နှစ်(၂၀) ပြည့်ခဲ့ပါပြီ၊ ဖခင်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့တမ်းတ သတိရရင်း နှစ်စဉ်မပြတ် ဒါနပြု လှူဒါန်းခဲ့တဲ့ ကောင်းမှုကုသိုလ် အစုစုတို့အတွက် အမျှပေးဝေပါတယ်၊ ကျေးဇူးရှင် ဖခင်ကြီး မြင့်မြတ်ရာ ဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ.....

**ချစ်ဇနီး ဒေါ်ခင်ဖြူဝင်းနှင့် သား သမီး မြေးများ**

ဦးကျော်စိုး + ဒေါ်သီရိဝင်း၊ ဦးတေဇမောင် + ဒေါ်ယဉ်မွန်ဌေး
ဦးမျိုးမင်းအောင် + ဒေါ်မေသူမောင်၊ ဦးရဲထွဋ် + ဒေါက်တာကြည်ဖြူမောင်
မောင်စစ်ဘုန်းထွဋ်၊ မောင်သန့်သုတ၊ မကြည်စင်သန့်၊ မဘုန်းထွဋ်မေ၊ မောင်လင်းသစ်တေဇ၊ မဖူးမြတ်မေ

## နှစ်(၂၀)ပြည့် လွမ်းဆွတ်သတိရခြင်း
### ဗိုလ်မှူးစိုးနိုင်(ကိုကိုမောင်)
### လေ-၁၈၆၂
### D.S.A (23) ရဟတ်ယာဉ်မှူး

ချစ်လှစွာသောအစ်ကိုကြီး မိသားစုနှင့်ရုတ်တရက် ခွဲခွာသွားသည်မှာ ယနေ့ ၁၉-၂-၂၀၂၂ ရက်ဆိုလျှင် နှစ်(၂၀)ပြည့်မြောက်သွားပြီဖြစ်သော်လည်း မိသားစု ညီအစ်ကို မောင်နှမများအနေဖြင့် တစ်နေ့တစ်ရက်မှ မေ့မရပါ။ အစ်ကိုကြီး ဗိုလ်မှူးစိုးနိုင်အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရဆဲပါ။ နေ့စဉ်သံဃာတော်အရှင်သူမြတ်များအား ကောင်းမှုကုသိုလ်များ ပြုလုပ်အပ်ပါသည်။ ယခုရောက်ရှိသော ဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ပြုပြုသမျှကောင်းမှု အစုစုတို့ကို သာဓုခေါ်ဆိုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအမျှပေးဝေအပ်ပါသည်။

| | |
|---|---|
| **ချစ်ဇနီး** | - (ဒေါ်ခင်စံပယ်လှတင်) |
| **ချစ်သားသမီးများ** | - မဝင့်ဖြူကိုကိုမောင် ( KBZ Bank)၊<br>ဗိုလ်မှူးဝင်းထက်အောင် (တပ်မတော်လေ)-<br>မရွှန်းလဲ့ကိုကိုမောင် |
| **မြေးငယ်လေး** | - မဆုသံစဉ် |
| **ညီအစ်ကိုမောင်နှမများ** | - ဒေါ်ခင်မမနှင့် ညီအစ်ကိုမောင်နှမများ<br>(နှင်းပုလဲမိသားစု) တမာကုန်းရပ်ကွက်၊<br>အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| **ချစ်ညီလေး** | - ဦးမြင့်ထွန်း (ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး)-<br>ဒေါ်မဥ္ဇူမြင့်<br>မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ် ၃၅(မြေညီ ထပ်)(ခေါင်းရင်းခန်း)အခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ဥမ္မာ ၁၂/ကမတ(နိုင်)၀၃၅၂၂၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု တရားဝင်စာချုပ် စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဆုမွန်အောင်(LL.B,LL.M) | ဒေါ်ရီရီသိန်း(B.A,Law,LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၃၇၆၉၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၅၄/၃၀-၃-၁၉၈၄) |
| အမှတ်(၁၉၆)၊ စိန်မေရီဝင်း၊ ကျွန်းတောလမ်း၊ | အမှတ်(၅၃)၊ ကွမ်းရွဲတန်းလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ |
| စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ဖုန်း-၀၉-၄၃၁၇၄၆၄၈ | ဖုန်း-၀၉-၃၀၃၄၉၁၀၃၊ ၀၉-၄၂၆၆၁၀၀၉၂ |

## မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်းတောင်စွန်းကျေးရွာနေ ဦးသာဂီ(ခ)ဦးဖေသိန်းနှင့်အများသိစေရန်

ရန်ကုန်မြို့နေ ဒေါ်ခင်သက်ထား ၁၀/ခဆန(နိုင်)၁၀၁၉၇၀ မှ လူမှုကွန်ရက် Facebook စာမျက်နှာတွင် ဦးသာဂီ(ခ)ဦးဖေသိန်းမှ ဗညားဆာန်အကောင့်အမည်ဖြင့် မမှန်မကန်ဖော်ပြချက်နှင့်ယင်းဖော်ပြချက်အပေါ် Like လုပ်နေသူများ၏ ပြုလုပ်ချက်မှာ မမှန်ကန်ကြောင်းရှင်းလင်းအပ်ပါသည်။ ဦးသာဂီ(ခ)ဦးဖေသိန်းနှင့် ဒေါ်ခင်သက်ထားတို့အကြားစီးပွားရေးလုပ်ငန်းအချို့တွင် ငွေကြေးကိစ္စများရှင်းလင်းကြရာ၌ မပြေမလည်ရှိခဲ့သော်လည်း ဒေါ်ခင်သက်ထားမှ ပြေလည်အောင်ဖြေရှင်းပေးနေသည့်အပေါ် ကျေနပ်မှုမရှိဘဲ ဒေါ် ခင်သက်ထား၏ စီးပွားရေးလုပ်ငန်း၊ ကောင်းသောဂုဏ်သတင်းများအပေါ် အများသူငှာထင်ယောင်ထင်မှားဖြစ်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် လူမှုကွန်ရက် Facebook စာမျက်နှာတွင် ဒေါ်ခင်သက်ထားနှင့်ခင်ပွန်းဖြစ်သူတို့၏ ဓာတ်ပုံနှင့် တကွ ဖော်ပြ ချက်များသည် မမှန်ကန်ဘဲ တစ်ဖက်သတ်ဆောင်ရွက်နေမှုသာဖြစ်၍ အဆိုပါ လူမှုကွန်ရက် Facebookစာမျက်နှာတွင် ရေးသားချက် ကို ချက်ချင်းရုပ်သိမ်းပေးရန်နှင့် ဒေါ်အေးဝင်းအကောင့်နှင့် ထောက်ခံသူများကိုပါ မိမိ၏ ဂုဏ်သိက္ခာစီးပွားရေးထိခိုက်မှုတို့အတွက် ဥပဒေ အရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဦးသာဂီ(ခ)ဦးဖေသိန်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ခင်သက်ထား | ဦးလှမြင့်(LL.B,D.B.L) |
| ၁၀/ခဆန(နိုင်) ၁၀၁၉၇၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂) |

အမှတ်(၁၆၁)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလှတိုး

## မြေငှားဂရန်လျှောက်ထားခြင်း မြေစာရင်းပုံစံ(၁၀၅/၁၀၆)များ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အကွက်အမှတ် (၁၄၄/လေယာဉ်ကွင်းအရှေ့တောင်ရပ်)၊ ဒေါ်နန်းချောအမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅) ရရှိထားသော ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ ၀ ဒသမ၀၁၅ ဧကရှိ မြေကွက်အား ကျွန်မ နန်းစုလှိုင် ၁၃/နစန(နိုင်)၀၄၀၄၃၇ မှ ၂၈-၁-၂၀၁၁ ရက်တွင် ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ၁၉-၃-၂၀၁၀ ရက်တွင် ထုတ်ယူထားသော လက်ဝယ်ကိုင်ဆောင်ရန် မြေစာရင်းပုံစံ(၁၀၅)မူရင်းမှာပျောက်ဆုံးနေပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ယခုအခါ မြေငှားဂရန်လျှောက်ထားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေစာရင်းပုံစံ(၁၀၅/၁၀၆) လျှောက်ထားထုတ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဖြစ်ပါသည်။ ထိုသို့ မြေစာရင်းပုံစံ(၁၀၅/၁၀၆)များ မြေငှားဂရန်လျှောက်ထားထုတ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း တရားရုံးမှ တရားဝင်တားဝရမ်းများနှင့်အတူ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာဌာနများနှင့် ကျွန်တော် ကျွန်မတို့ထံသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဒေါ်နန်းစုလှိုင်
နယ်မြေ(၂)၊ ရေထွက်ဦးလမ်း
ဖုန်း-၀၉-၅၂၁၁၈၅၆

## ဦးတင်အောင်(တောင်သာ)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက်(၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်နေ(ဦးစံပွင့်-ဒေါ်ဖွားသက်)တို့၏သား၊ တောင်သာမြို့နယ်၊ ရုံးစည်ကြီးရွာနေ (ဦးထွန်းဦး-ဒေါ်သုခ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၀က)၊ အခန်း(၁၀)နေ ဒေါ်ဝင်းရီ၏ခင်ပွန်း၊ ကိုမိုးဇော်(USA)၊ (ကိုကျော်စိုး)၊ ကိုဝင်းလှိုင်ဦး၊ မခင်သီတာအောင်တို့၏ဖခင်၊ မမေဦးမွန်၊ မမိုးဦးမွန်တို့၏အဘိုး၊ (ဦးတင်မောင်)-ဒေါ်တင်ရီတို့၏ညီ၊ ဒေါက်တာအောင်ခင်-ဒေါက်တာခင်နွယ်ထွန်း(ပဲခူး သမာဓိဆေးရုံ)တို့၏အစ်ကိုသည် ၁၇-၂-၂၀၂၂ရက် နံနက် ၀၀:၄၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စန်းကြည်
### အသက်(၈၆)နှစ်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘားအံတက္ကသိုလ်၊ သင်တန်းရေးရာဌာနမှ ဌာနမှူး ဒေါ်မေမီခင်၏ မိခင် ဒေါ်စန်းကြည်သည် ၉-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘားအံတက္ကသိုလ်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အုံးမြင့်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(၅၁)၊ရွှေတောင်ကြားလမ်း၊ (ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ဝန်ထမ်းအိမ်ရာ)တိုက်(၁)၊ အခန်း(၅)နေ ဗိုလ်မှူး သက်ဇော်၏ မိခင်ဖြစ်သူဒေါ်အုံးမြင့်သည် ၁၇-၂-၂၀၂၂ရက် ည ၂၀:၂၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၉)စည်သူတပ်ခွဲ**
**ကျောင်းဆင်းအရာရှိသူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ မီးစက်၊ လမ်း ဒါယကာကြီး
### ဦးအုန်းကျော်
### Managing Director UOK Trading Co.,Ltd
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်နေ (မဟာသရေစည်သူ အငြိမ်းစား တရားဝန်ကြီး ဦးဘိုးအုန်း-ဒေါ်ထားရင်)တို့၏သား၊ ဒေါ်ကြည်ကြည်ပြုံး၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်ဆုယဉ်မွန်တို့၏ချစ်လှစွာသောဖခင်၊ (ဒေါ်ခင်မူ)၊ ဦးဝင်းဖေ-(ဒေါ်ခင်မြလှိုင်)၊ (ဦးစိုးဝင်း)-ဒေါ်ခင်ခင်ရွှေ၊ (ဦးအုန်းဖေ-ဒေါ်ခင်စိုး)၊ (ဦးကျော်ကျော်)တို့၏ညီ/မောင်သည် ၁၈-၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၀:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၂ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဦးမြင့်စိုး
### စာတည်းမှူး(Frontier Myanmar)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ အမှတ်(၁၂၁၃၊ လေးလွှာ၊ ယာ)နေ (ဦးထွန်းအောင် -ဒေါ်စိန်မြင့်)တို့၏သား၊ (ဦးအောင်သန်း-ဒေါ်သောင်းရွှေ)တို့၏သားသမက်၊ ဒေါ်ခင်သန်းရင်၏ခင်ပွန်း၊ ဦးမင်းဝင်းထွန်း-ဒေါ်ခင်စိုးဦး၊ ဦးဇော်အောင်လတ်-ဒေါ်ကြူကြူ၊ ဦးကျော်ညီဇော်-ဒေါ်စိုးဆွေဇင်မင်း၊ ဦးနန္ဒအောင်အောင်-ဒေါ်ဟေမာထွန်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၂-၂၀၂၂ရက် ည ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၂ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာစန်းစန်းမြ
### အသက်(၅၆)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်အစာနှင့်ဆေးဝါးအရည်အသွေးစစ်ဆေးရေးဌာနစိတ်မှ သုတေသနအရာရှိ ဒေါက်တာစန်းစန်းမြ သည် ၁၈-၂-၂၀၂၂ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများ**

## ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)
### တေဇ အပတ်စဉ်(၂)
### ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၆၄)(C)နေ ဦးမြမောင်-ဒေါ်သိန်း၊ ဦးတင်မောင်(ကရမက်)-ဒေါ်စန်းမြင့်တို့၏သား၊ ဒေါ်နီနီစိုးတို့၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မြင့်မြတ်(Yoma Group)-ဒေါက်တာပြည့်ဖြိုးမြင့်၊ ဒေါက်တာဟိန်းရဲမာန်၊ မချမ်းချမ်းဝသန်တို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၂-၂၀၂၂ရက် (ကြာသပတေးနေ့) ညနေ ၃:၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၂ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
### ဒေါ်ခင်စန်းရင်
### အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နေ (ဦးဘသောင်း-ဒေါ်ကျင်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၂၉၀-A)၊ ပထမထပ်(1-A) နေ ဦးမျိုးဝင်းအောင်-ဒေါ်သီသီအောင်၊ (ဦးတင်ဝင်း)-ဒေါ်နီနီလွင်၊ ဦးစိုးခိုင်-ဒေါ်သန့်သန့်ဇင်၊ ဦးအေးစိုး-ဒေါ်ယဉ်ယဉ်ထွန်း၊ (ကိုအောင်သူထွန်း)-မဥမ္မာကြူ တို့၏မိခင်၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး၊ (ဦးထွန်းရင်)(လ/ထ ညွှန်မှူး-ငြိမ်း၊ အိုးအိမ်) ၏ချစ်လှစွာသော ဇနီးသည် ၁၇-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန် အခန်း(၁-က)သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၃-၂-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။**

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးသိန်းဝင်း(ဦးခန္တီဆေးတိုက် မှော်ဘီ)
### အသက်(၆၄)နှစ်

မှော်ဘီမြို့နေ (ဦးထွန်းဖေ-ဒေါ်ထွေး)တို့၏သား၊ ဒေါ်ယဉ်နွဲ့၏အစ်ကို၊ မှော်ဘီမြို့နေ ဗကကျော်ခိုင်ဝင်း-မချိုဇင်ကျော် တို့၏ဖခင်၊ မဆုသဒ္ဒါထက်၊ မောင်သစ်ထူးအောင်တို့၏အဘိုး၊ ဒေါ်ဌေးဌေး(ဌေးပူရှိန်းလျက်ဆား)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၂-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၉-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် မှော်ဘီမြို့နေအိမ်မှ မှော်ဘီသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးမျိုးသိမ်းဦး
### တင်းနစ်လက်ရွေးစင်ဟောင်း (တောင်ကြီးမြို့)
### အသက် (၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ၆၈(ခ)၊ သာသနာ့ရိပ်သာရပ်ကွက်နေ ဦးဖေသိန်း-(ဒေါ်ခင်မျိုးကြူ)တို့၏သား၊ ဒေါ်လေးမေ၏ သားသမက်၊ ဒေါ်နှင်းနှင်းအေး၏ခင်ပွန်း၊ ဦးအောင်သော်ဦး-ဒေါ်ထက်တာရည်၊ ဦးဝင်းသော်ဦးတို့၏ ဖခင်သည် ၁၇-၂-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၂-၂၀၂၂ ရက်(အင်္ဂါနေ့) နံနက် ၇:၀၀ နာရီမှ ၁၀:၀၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန် အသိပေးကြေညာခြင်း

ဇေယျာဝတီမြို့၊ မြို့မ(၁)ရပ်ကွက်၊ (ဖ/ဆ)(၂)လမ်း၊ အမှတ်(၉၁)နေ ဒေါ်ခင်ဌေး ၇/ဖမန(နိုင်) ၁၂၅၉၇၁၏လွှဲအပ်ညွှန် ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်းသွယ်(၂)၊ အမှတ်(၁၄/၂၄)၊ မြေညီ ထပ်(ခြေရင်းခန်း)တိုက်ခန်းကို (၂၅-၆-၂၀၁၅)ရက်က ကန်ထရိုက်တာထံမှ ဒေါ်ခင်ဌေးက ငွေကျပ်သိန်း(၂၅၀)ကိုထုတ်ပေးပြီး ဝယ်ယူခဲ့သော်လည်း ဒေါ်ခင်ဌေးသည် ရန်ကုန်မြို့ သို့မလာ ရောက်နိုင်သဖြင့် သားဖြစ်သူ ကိုသီဟထွန်းအား အမည်ခံ၍ စာချုပ်ချုပ်ဆိုစေခဲ့ပါ သည်။ စာချုပ်မူရင်းကို ဒေါ်ခင်ဌေးက လက်ဝယ်ရယူထားခဲ့ပါသည်။ ကျန်သားသမီးများ အမွေဆိုင်ပြဿနာပေါ်ပေါက်လာနိုင်သောကြောင့် ရောင်းသူ ဦးသီဟထွန်း၊ ဝယ်သူ ဒေါ်ခင်ဌေးအမည်ဖြင့် (၁၂-၅-၂၀၁၆)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ပိုင်ဆိုင်မှုစာချုပ် စာတမ်းကို ဒေါ်ခင်ဌေးကပင် ယနေ့တိုင်လက်ဝယ်ထားရယူခဲ့ပါသည်။ အဆိုပါတိုက်ခန်းသည် ဒေါ်ခင်ဌေး၏ငွေကြေးဖြင့် တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်သော တိုက်ခန်းဖြစ်သောကြောင့် ဒေါ်ခင်ဌေးမသိဘဲ လွှဲပြောင်း၊ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်းများပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခင်ဇော်(မရမ်းကုန်း)** | **ဒေါ်မျိုးသူဇာနှင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၁၆)** |
| **ဖုန်း-၀၉-၂၅၃၂၂၅၁၅၁** | **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** |

တိုက်(၂)၊ အခန်း(၂၄)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(မြောက်ဘက်ခြမ်း)၊
(၈)မိုင်မီးပွိုင့်အနီး၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၃၂၂၅၁၅၁

သင့်သွေးဖြင့် အသက်ကယ်ပါ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘရူနိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် Major General Dato Seri Pahlawan Haji Hamzah bin Haji Sahat နှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံစဉ် ဘရူနိုင်းနိုင်ငံက ဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ် မတ်လ ၁၈ ရက်တွင် ကျင်းပပြုလုပ်မည့် (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ Online အစည်းအဝေး (ACDFM-18) သို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ပါဝင်တက်ရောက်နိုင်ရေး ဖိတ်ကြားမှုအခြေအနေများ၊ အဆိုပါ အစည်းအဝေးတွင် ရှင်းလင်းတင်ပြမည့် လုပ်ငန်းစာတမ်း(working paper) နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ် ရောဂါအလွန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သင်တန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဘရူနိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlawan Haji Hamzah bin Haji Sahat တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသပေးလျက်ရှိ

စာ »၉

## ဗြိတိန်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေး မျှော်လင့်ချက် နီးကပ်လာသောကြောင့် မကြာမီ ကန့်သတ်မှုများ ဖြေလျှော့ပေးရန် မျှော်လင့်ချက်များ မြင့်တက်လာ

စာ »၁၃

## ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေ ထုတ်လုပ်နေသော်လည်း လူသားအားလုံးနီးပါး ကာကွယ်ဆေး မထိုးပေးနိုင်သမျှ ကိုဗစ်- ၁၉ ဆက်လက်တည်ရှိနေဦးမှာပါ

စာ »၁၄

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၈ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၀,၂၉၄) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၀၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၁၇၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၃) ဦး ရှိပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေး ခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## လာကာဇက်အပါအဝင် ကစားသမားလေးဦးအထိ ရောင်းထုတ်ဖွယ်ရှိနေသည့် အာဆင်နယ်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့် နွေရာသီတွင် အသင်းမှ တိုက်စစ်ကစားသမား လာကာဇက်အပါအဝင် ကစားသမားလေးဦးအထိ ရောင်းထုတ်သွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းမှ အိုဇေးလ်၊ မူစတာဖီနှင့် ဆိုကရေးတစ်တို့ ထွက်ခွာပြီးနောက်တွင် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။



လာကာဇက်သည် ၂၀၁၇ ခုနှစ်တွင် လိုင်ယွန်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီပြိုင်ပွဲစုံ ၂၇ ပွဲအပါအဝင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၅၄ ပွဲ ပါဝင်ကစားထားပြီး ၅၈ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့် အတူ ၂၀၁၉-၂၀၂၀ ရာသီတွင် အက်ဖ်အေဖလား ဆွတ်ခူးထားနိုင်သူဖြစ်သည်။ လာကာဇက်နှင့်အတူ ရောင်းထုတ်ဖွယ်ရှိနေသည့် အခြားသော ကစားသမားများမှာ လူးဝစ်၊ တော်ရဲရားနှင့် ဂွမ်ဒိုဇီတို့ဖြစ်သည်။ ဒေးဗစ်လူးဝစ်သည် အာဆင်နယ်အသင်းတွင် တစ်ပတ်ပေါင် ၁၂၀၀၀၀ ရရှိနေသူဖြစ်ပြီး ယခုနှစ်နွေရာသီတွင် အာဆင်နယ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည်။ ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ဂွမ်ဒိုဇီနှင့် တော်ရဲရားတို့သည် လက်ရှိတွင် ဟာသာဘာလင်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့တွင် အငှားကစားလျက်ရှိနေပြီး ပေါင် ၂၅ သန်းရလျှင် ရောင်းထုတ်ဖွယ်ရှိနေခြင်းဖြစ်သည်။

**အောင်ဇော်**